# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အနှစ်ရှိသောတရားကိုရနိုင်**

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)


၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက် ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၁၃ ရက်၊ သောကြာနေ့ အတွဲ (၅၇)၊ အမှတ် (၂၈၄)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဟန်ဂေရီသံအမတ်ကြီးနှင့် အိုင်ယာလန်သံအမတ်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဟန်ဂေရီသံအမတ်ကြီး **H.E. Dr. Peter JAKAB** အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၁၂**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဟန်ဂေရီသံအမတ်ကြီး H.E. Dr. Peter JAKAB နှင့် မြန်မာနိုင်ငံဆိုင်ရာ အိုင်ယာလန်သံအမတ်ကြီး H.E. Mr. Brendan Gerard Rogers တို့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံဆိုင်ရာ ဟန်ဂေရီသံအမတ်ကြီးနှင့် တွေ့ဆုံစဉ်

*စာမျက်နှာ ၃ ကော်လံ ၁* ◆

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် UNDP ၏ လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဗျူရို၏ ညွှန်ကြားရေးမှူး၊ ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်နှင့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာနေထိုင်သူများအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်တို့အား သီးခြားစီ လက်ခံတွေ့ဆုံ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် **(UNDP)** ၏ လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာဗျူရို၏ ညွှန်ကြားရေးမှူး၊ ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ် **Mr. Haoliang Xu** အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၁၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာဗျူရို၏ ညွှန်ကြားရေးမှူး၊ ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ် Mr. Haoliang Xu အား ယနေ့ နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာနေထိုင်သူများအဖွဲ့ (IOM) ၏ ညွှန်ကြားရေးမှူးချုပ် Mr. William Lacy Swing အား

*စာမျက်နှာ ၄ ကော်လံ ၁* ❄

**တောင်တန်း-ပြည်မ မခွဲခြားရေး၊ ရှမ်း- ဗမာ သွေးစည်းညီညွတ်ရေးတို့အတွက် အသက်ပေးကာ ဆောင်ရွက်ခဲ့သည့် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း**

*စာမျက်နှာ - ၆*

**သာယာလှပသည့် ရှုခင်းများကြောင့် နိုင်ငံကြီးသားရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းအချို့ နေပြည်တော်တွင်လာရောက်ရိုက်ကူး**

*စာမျက်နှာ - ၁၂*

**ဂူအတွင်း ပိတ်မိကျောင်းသားများကို ကယ်တင်ရန် ဆောင်ရွက်ခဲ့သော လုပ်ငန်းခွင်ကို ပြတိုက်အဖြစ် ထားရှိရန်စီစဉ်**

*စာမျက်နှာ - ၁၄*


**Panasonic** နှစ် (၁၀၀) ပြည့် - ကျေးလက်လျှပ်စစ်သုံးစွဲရေးအတွက် ဈေးနှုန်းလျှော့ချခြင်းဖြင့် ပါဝင်ပါရစေ၊

**YANDAYAR** (၂၂) နှစ်ပြည့် - ပစ္စည်းတိုင်းကို ဈေးနှုန်းလျှော့ချပေးပါသည်၊

၃၀ (ခ) တက္ကသိုလ်ရိပ်သာလမ်း၊ဗဟန်း၊၊

ဖုန်း ၀၁ - ၅၀၂ ၃၁၃၊ ၀၁ - ၅၀၁ ၃၂၉၊ ၀၁ - ၅၁၂ ၉၁၁



မြန်မာ့အလင်း

# မြန်မာ့မိတ်ဖက် ကမ္ဘာ့ဘဏ်

၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၁၄-၁၆ ရက်များ၌ ကမ္ဘာ့ထိပ်သီးညီလာခံတစ်ရပ်ကို ကျင်းပခဲ့ပါသည်။ နိုင်ငံတော် အကြီးအကဲများအပါအဝင် နိုင်ငံပေါင်း ၁၉၁ နိုင်ငံ၏ခေါင်းဆောင်များ တက်ရောက်ခဲ့သော ညီလာခံဖြစ်ပါသည်။ သမိုင်း၌ ကမ္ဘာ့ခေါင်းဆောင်များ အစုံလင်ဆုံး၊ အကျယ်ပြန့်ဆုံး တက်ရောက်ခဲ့သော ထိပ်သီးညီလာခံဖြစ်ပါသည်။ ဤ ၂၀၀၅ ခုနှစ် ကမ္ဘာ့ထိပ်သီးညီလာခံက အခြေခံမူတစ်ရပ် ချမှတ်ခဲ့ပါသည်။ အဆိုပါ အခြေခံမူ၏ သဘောမှာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပါအဝင် လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့သည် အပြန်အလှန်အားဖြင့် ဆက်စပ်နေသည်ဖြစ်၍ ပဋိပက္ခအလွန်ကာလ၌ ငြိမ်းချမ်းမှုနှင့် ပြန်လည်သင့်မြတ်ရေးတို့အား ပုံဖော်ဖန်တီးရာတွင် ဤဆက်စပ်မှုအားလုံးကို ခြုံငုံသုံးသပ်လျက်တစ်ခုတည်းသော ချဉ်းကပ်ပုံ ရရှိစေရန် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသ ဒုတိယဥက္ကဋ္ဌ ဗစ်တိုးရီးယားကွာကွာ၏ သုံးရက်ကြာ မြန်မာနိုင်ငံ ခရီးစဉ်အတွင်း မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ လူမှုအသိုင်းအဝိုင်းများအကြား သဟဇာတဖြစ်ရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအပေါ် ကမ္ဘာ့ဘဏ်အနေဖြင့် ဆက်လက်ပံ့ပိုးကူညီရေးကို အဓိကထား ဆွေးနွေးညှိနှိုင်းခဲ့သည်ကို တွေ့ရှိရပါသည်။ ကမ္ဘာ့ဘဏ်၏ ဤချဉ်းကပ်ပုံသည် ၂၀၀၅ ခုနှစ် ကမ္ဘာ့ထိပ်သီးညီလာခံက ချမှတ်ခဲ့သော အထက်ဖော်ပြပါ အခြေခံမူကို ထင်ဟပ်လျက်ရှိပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသ ဒုတိယဥက္ကဋ္ဌတို့၏ တွေ့ဆုံဆွေးနွေးပွဲအတွင်း အလေးအနက်ပြုခဲ့သော အချက်ကလည်း ၂၀၀၅ ခုနှစ် ကမ္ဘာ့ထိပ်သီးညီလာခံ၏ အခြေခံမူကို ထပ်ဆင့်လောင်း ထင်ဟပ်လျက်ရှိပါသည်။ ဤအချက်မှာ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲ၍ ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Myanmar Sustainable Development Plan ) အား ရေးဆွဲရာ၌ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အဓိကမဏ္ဍိုင်အဖြစ် ထည့်သွင်းရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။

ဤကဲ့သို့သော အခြေခံမူများအပေါ်တွင် မြန်မာနိုင်ငံနှင့် ကမ္ဘာ့ဘဏ်တို့အကြား ငြိမ်းချမ်းသာယာစည်ပင်သောရပ်ရွာ အသိုင်းအဝိုင်းများ တည်ဆောက်ရေးစီမံကိန်းကို သဘောတူခဲ့ခြင်းသည် အနာဂတ်အတွက် အားတက်စရာခြေလှမ်းတစ်ရပ် ဖြစ်ပါသည်။ ငြိမ်းချမ်းသာယာစည်ပင်သော ရပ်ရွာအသိုင်းအဝိုင်းများ တည်ဆောက်ရေးစီမံကိန်းအတွက် ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာသန်း ၂၀၀ နှင့် ၂၅၀ အကြား ကနဦး ဘဏ္ဍာရေးအကူအညီအဖြစ် ပေးအပ်ခဲ့ခြင်းသည် ဤစီမံကိန်း၏ အရေးပါပုံကို ရည်ညွှန်းဖော်ပြနေပါသည်။ ဤစီမံကိန်းအရ ရပ်ရွာအသိုင်းအဝိုင်းများတွင် ငြိမ်းချမ်းရေး တည်ဆောက်ရာ၌ အဓိကကျသည့် စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ အခြေခံလူမှုဝန်ဆောင်မှုများနှင့် ရပ်ပိုင်းလိုအပ်ချက်တို့ကို ဖြည့်ဆည်း ပေးခြင်းဖြင့် ရပ်ရွာများအတွင်း စွမ်းဆောင်ရည်ကို မြှင့်တင်ပေးသွားမည်ဖြစ်ပါသည်။ ကမ္ဘာ့ဘဏ်မှ ရခိုင်ပြည်နယ်ရှိ လူ့အသိုင်းအဝိုင်းများအားလုံးဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်လျက် ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတို့အတွက် အမေရိကန်ဒေါ်လာသန်း ၁၀၀ ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါ အချက်အားလုံးက ကမ္ဘာ့ဘဏ်သည် ကမ္ဘာ့ဘဏ်၏အရှေ့အာရှနှင့် ပစိဖိတ်ဒေသ ဒုဥက္ကဋ္ဌပြောကြားသကဲ့သို့ မြန်မာနိုင်ငံ၏ မိတ်ဖက်အဖြစ် ရပ်တည်နေသည်ကို ခိုင်မာစွာ ဖော်ပြခြင်းဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## မြို့သစ်မြို့၌ အထကကျောင်းခွဲမှ အထကကျောင်းအဖြစ် တိုးမြှင့်ဖွင့်

**မြို့သစ် ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ဆည်လည်အုပ်စုမထွဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် ဇူလိုင် ၁၀ ရက်က အခြေခံပညာအထက်တန်းကျောင်းခွဲမှ အခြေခံပညာအထက်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပွဲကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ဒုဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၊ မြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသာအောင်နှင့်တာဝန်ရှိသူများက ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ မထွဲကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းကို ၁၉၅၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အထက်တန်းကျောင်းအဖြစ်တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။ **ဝင်းအိဇွန်(ပြန်/ဆက်)**

# (၇၁)နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥဩဆွဲရန်

**နေပြည်တော် ဇူလိုင် ၁၂**

ဇူလိုင် ၁၉ ရက် (ကြာသပတေးနေ့)(၇၁)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဥဩဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် အောက်ခြေအဖွဲ့အစည်းအဆင့်ဆင့် သို့ ဆက်လက်ညွှန်ကြားရန် နိုင်ငံတော်သမ္မတရုံးက အစိုးရရုံးဌာနအားလုံးသို့ ညွှန်ကြားထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၁)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၁၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း (၇၁) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

၂၀၁၈ ခုနှစ်ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၁) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး (အတွင်းဝန်များရုံးဟောင်း)နှင့် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီးရှိ အာဇာနည်ဗိမာန်တို့တွင် ဇူလိုင် ၁၄ ရက်၌ အစမ်းလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များကလည်း အာဇာနည်နေ့တွင် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုနှင့် မြောက်ဥက္ကလာပမြို့နယ် ကန်သာယာပန်းခြံရှိ ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုတို့သို့ သွားရောက်ဂါရဝပြုမည် ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အာဇာနည်နေ့ အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီမှ စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင်လ ၁၈ ရက် ညနေ ၆ နာရီမှ ဇူလိုင် ၁၉ ရက် ညနေ ၆ နာရီအထိ ဦးဝိစာရလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံရာမှ အနောက်ရွှေဂုံတိုင် လမ်းအတိုင်း လင့်လမ်းနှင့် ဆုံရာအထိ လည်းကောင်း၊ အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်စောင်းတန်းအထိ လည်းကောင်း၊ အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်ဗိမာန်သို့တက်ရောက်ရာ အုတ်လှေကားလမ်းနှင့် ကျောက်ဆည်ဓမ္မာရုံဘေးလမ်းကြားများကို ဖြတ်သန်းသွားလာမှု ယာယီပိတ်ပင်ထားမည် ဖြစ်ကြောင်း သိရသည်။

အာဇာနည်နေ့ အခမ်းအနားကို တက်ရောက်ရန် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ရွှေတိဂုံတောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်မှတစ်ဆင့် ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန်ဝင်ပေါက်ဂိတ် ၂ မှ ဝင်ရောက်ပြီး အနောက်ရွှေဂုံတိုင်လမ်းသို့ ဂိတ် ၃ မှ ပြန်လည်ထွက်ခွာရမည် ဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၁၉ ရက်၌ မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ အာဇာနည်ဗိမာန်သို့ အများပြည်သူများ လာရောက်ဂါရဝပြုနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ရာ ပြည်သူများအနေဖြင့် အနောက်ရွှေဂုံတိုင်လမ်းနှင့် အာဇာနည်လမ်းဆုံရှိ ဂိတ် ၁ မှ ဝင်ရောက်၍ ဂိတ် ၂ မှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံ အရှေ့ဘက်မုခ်စောင်းတန်းသို့ ထွက်ခွာရမည်ဖြစ်သည်။

အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်နှင့် ဝန်ကြီးများရုံး(အတွင်းဝန်များရုံးဟောင်း)သို့ ဝင်ရောက်ဂါရဝပြုကြမည့်သူများသည် ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း၊ ဘူးအမျိုးမျိုး၊ အလံအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်၊သံပိုက်၊ ကော်ပိုက်နှင့် ကြိုတင်စစ်ဆေးခံယူမှုမရှိသော လုံခြုံရေးကို ထိခိုက်စေသော ပစ္စည်းများ ယူဆောင်ခွင့်မပြုကြောင်း သိရသည်။ ထို့အပြင် သတ်မှတ်ထားသည့်နေရာများ၌ လုံခြုံရေးအရ ရှာဖွေစစ်ဆေးမှုကို ကြည်ဖြူစွာလက်ခံ ပေးရန် သတ်မှတ်လမ်းကြောင်းများမှ စနစ်တကျဝင်ရောက်ထွက်ခွာကြရန် အသိပေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း**

# အာဇာနည်နေ့၌ နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်(ပြတိုက်)ကို နံနက် ၆ နာရီမှစ၍ ဖွင့်လှစ်သွားမည်

**နတ်မောက် ဇူလိုင် ၁၂**




နှစ်(၇၁)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် နတ်မောက်မြို့ အောင်ဆန်းရပ် ဗိုလ်ချုပ်အောင်ဆန်း နေအိမ် (ပြတိုက်)ကို ရဟန်းရှင်လူပြည်သူများ လာရောက်ကြည့်ရှုလေ့လာနိုင်ရန် ဇူလိုင် ၁၉ ရက် (အာဇာနည်နေ့)တွင် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ လည်းကောင်း၊ ဇူလိုင် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိလည်းကောင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဗိုလ်ချုပ်အောင်ဆန်း နေအိမ်(ပြတိုက်)အဝင်ဝမှစတင်ပြီး ပြည်သူတွေရဲ့လုံခြုံရေးကို ထိခိုက်စေမယ့် ပစ္စည်းတွေ ယူဆောင်ခွင့် မပြုပါဘူး။ နေအိမ်အဝင်ဝကနေပြီး စစ်ဆေးရေးစက်တွေနဲ့တစ်ဦးချင်းစစ်ဆေးပြီး တစ်ဦးချင်းဝင်ခွင့်ပြုမှာ ဖြစ်ပါတယ်။ တစ်ဦးချင်း ဝင်ခွင့်ကတ်တွေလည်း အဝင်ဝက ပေးမယ်၊ လည်ပင်းမှာ ဆွဲထားရပါမယ်၊ ပြတိုက်ကနေ ထွက်မယ်ဆိုရင်တော့ ဝင်ခွင့်ကတ်တွေပြန်လည်အပ်နှံခဲ့ရမယ်" ဟု နတ်မောက်မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်း နေအိမ်တောင်ဘက်၌လည်း (၇၁)နှစ်ပြည့် အာဇာနည်နေ့တွင် ရဟန်းရှင်လူပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ရှားပါးဓာတ်ပုံများကို ပြခန်းခုနစ်ခန်း ခွဲ၍ပြသပေးမည်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက် (နတ်မောက်)ကို သုံးရက်ကြာပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း (နတ်မောက်)**

## သတိပေးနှိုးဆော်ချက်

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄:၀၀ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းနှင့် လင့်လမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် အင်းလျားလမ်းဆုံ၊ အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံတို့မှ လမ်းလွှဲစနစ် ဆောင်ရွက်မည်ဖြစ်ပြီး အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ရွှေတိဂုံဘုရားအနောက်ဘက်မုခ်၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်(သွေးဆေးကန်)လမ်းတို့ကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြိုတင်သတိပေး နှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## သတိပေးနှိုးဆော်ချက်

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့ အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုသူပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ဗိုလ်ချုပ်ပြတိုက်လမ်းအား နံနက် ၅ နာရီမှ ပြတိုက်ပိတ်ချိန်အထိ မော်တော်ယာဉ်များ သွားလာခွင့်မပြုဘဲ ခေတ္တလမ်းပိတ်ထားမည်ဖြစ်သဖြင့် မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် အခြားလမ်းများမှ သွားလာအသုံးပြုကြပါရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**



# အာဇာနည်စိတ်မျိုး မွေးမြူအပ်

မိမိတို့ယုံကြည်သော ဝါဒအတွက် အသက်ကိုပင် စွန့်သွားကြသော အာဇာနည်များအား မိမိသည် ချီးကျူးကြောင်း၊ ထိုစိတ်မျိုးကို ကျန်ခဲ့သူများက ထပ်တလဲလဲမွေးမြူအပ်ကြောင်း၊ အမျိုးဘာသာနှင့် နိုင်ငံအတွက် အသက်စွန့်ရန် ကြောက်နေသော နိုင်ငံတိုင်းမှာ မကြီးပွားနိုင်ကြောင်း။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၈-၁၂-၁၉၄၃ ရက်နေ့ အရှေ့အာရှတိုက်စစ်၊ တစ်နှစ်ပြည့်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်တွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၂**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ညှိနှိုင်းခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အရေး၊ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များ၊ ဒီမိုကရေစီနှင့်လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် **Ms. Christine Schraner Burgener** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ အိုင်ယာလန်သံအမတ်ကြီး H.E. Mr. Brendan Gerard Rogers အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** သတင်းစဉ်

◆ ***ရှေ့ဖုံးမှ***

နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆောင်ရွက်မှုများအား ထောက်ခံပေးနေမှု၊ ပညာရေးကဏ္ဍတွင် အကူအညီများ ပေးအပ်နေမှုနှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

မြန်မာနိုင်ငံဆိုင်ရာ အိုင်ယာလန်သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်နေမှုနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ သား သမီးများအား ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်

**နေပြည်တော် ဇူလိုင် ၁၂**

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ သား သမီးများနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူများကို ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမတွင် ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဇနီး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ရဲချုပ်/ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများက ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာနှင့်အထက် ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့သော ဝန်ထမ်းများ၏ သားသမီးများအား ပညာရည်ချွန်ဆုများနှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသော ဝန်ထမ်းများ၏ သား သမီး၊ ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။

၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့ / ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၏ သား သမီးများ၊ ကျောင်းသား ကျောင်းသူများအနက်မှ ခြောက်ဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၃၈ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၆၆ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၀၀၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၄၇ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၄၂၄ ဦး၊ စုစုပေါင်းဂုဏ်ထူးရှင် ၇၈၇ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၅၈၅ ဦးဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၂**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် (UCCPF) ကော်မတီဝင်များအား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုအဆင့် အရပ်ဘက် အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် (UCCPF) ကော်မတီဝင်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၂**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုအဆင့် အရပ်ဘက် အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် (UCCPF) ကော်မတီဝင်များအား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် CSO forum ၏ ဆောင်ရွက်ချက်များ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အရပ်ဘက်အဖွဲ့အစည်း (CSO) များ၏ ပံ့ပိုးကူညီဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစု ပင်လုံအစည်းအဝေးများသို့ CSO forum ကိုယ်စားလှယ်များ ပါဝင်နိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် (UCCPF) ကော်မတီဝင်များဖြစ်ကြသည့် ဒေါ်ဆောင်းဝင်း (ကချင်ပြည်နယ်)၊ နော်တကောဖူး (ကရင်ပြည်နယ်)၊ ဦးကျော်မိုးလှိုင် (စစ်ကိုင်းတိုင်းဒေသကြီး)၊ ဒေါ်ခိုင်ခိုင်လဲ့မြင့် (မွန်ပြည်နယ်)၊ ဦးဝင်းမြင့်ထွေး (မကွေးတိုင်းဒေသကြီး)၊ ဦးစိုးဌေး (မန္တလေးတိုင်းဒေသကြီး)၊ မိုင်စုစုလှိုင် (ရခိုင်ပြည်နယ်)၊ နန်းနုစံပယ်ဖြူ (ရှမ်းပြည်နယ်)၊ ဒေါ်ဉမ္မာကျော် (ရန်ကုန်တိုင်းဒေသကြီး)၊ ဦးဇင်မျိုးအောင် (ပဲခူးတိုင်းဒေသကြီး)၊ ဦးစိုးလှိုင်ဦး (ဧရာဝတီတိုင်းဒေသကြီး)၊ ဦးမိုးသူအောင် (တနင်္သာရီတိုင်းဒေသကြီး)၊ ဒေါ်သီတာဦး (လူရည်ချွန်ကွန်ရက်)၊ ဦးကျော်ဇင် (အလုပ်သမားကွန်ရက်)၊ ဦးရဲလွင်စိုး (အလုပ် သမားကွန်ရက်) နှင့် ဦးမြတ်သူဝင်း (မသန်စွမ်းသူများကွန်ရက်) တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

❄ *ရှေ့ဖုံးမှ*

နံနက် ၁၀ နာရီ ၁၀ မိနစ်တွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

Mr. Haoliang Xu နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရ၊ UNDP နှင့် UNHCR တို့အကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်ရေးကိစ္စ၊ မြန်မာနိုင်ငံစဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု စီမံကိန်းရေးဆွဲဆောင်ရွက်လျက်ရှိသည့်ကိစ္စ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအကူအညီပေးရေးမူဘောင် အပြီးသတ်ရေးဆွဲနိုင်ရေးကိစ္စနှင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့အကြား လက်ရှိနှင့် အနာဂတ် ပူးပေါင်းဆောင်ရွက်မှုအခြေအနေတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

Mr. William Lacy Swing နှင့် တွေ့ဆုံစဉ် IOM က ဆောင်ရွက်လျက်ရှိသည့်ကိစ္စများ၊ ရွှေ့ပြောင်းသွားလာနေထိုင်သူများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဘက်မှ လိုအပ်သည့် အကူအညီများကို IOM က ဆက်လက်အကူအညီပေးရေးကိစ္စ၊ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးကိစ္စ၊ မြန်မာနိုင်ငံ၏လက်ရှိ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ် ဖြစ်ပေါ်တိုးတက်မှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာနေထိုင်သူများအဖွဲ့ (IOM) ၏ ညွှန်ကြားရေးမှူးချုပ် Mr. William Lacy Swing အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယ အစည်းအဝေးအား ကြိုဆိုဂုဏ်ပြုခြင်း အထိမ်းအမှတ်အဖြစ် ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနရုံးနှင့် တော်ဝင်ရတနာလမ်းတို့အကြားရှိ Buffer Zone ၌ ကျင်းပသော နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ မိုးရာသီသစ်ပင်စိုက်ပွဲတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာ မျိုးအောင် မဟော်ဂနီပင်ကို စိုက်ပျိုးပေးစဉ်။**

(အဆိုပါ တက်ရောက်လာကြသူများက မဟော်ဂနီ၊ စိန်ပန်း၊ ပျဉ်းမ၊ ငု၊ ထန်းပင် စုစုပေါင်း သစ်ပင် ၂၀၀ စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။)

**သတင်းစဉ်**



## ဇေယျာသီရိမြို့နယ်၌ တောင်သူများအား နည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

နေပြည်တော် ဇေယျာသီရိမြို့နယ် ဘက်စုံအဆင့်မြင့် နည်းပညာသုံး မွန်းတည့်ခွင်စံပြကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ထုတ်တောင်သူများအား မျိုးစေ့များထောက်ပံ့ပေးအပ်ခြင်းနှင့် နည်းပညာဆွေးနွေးခြင်းကို ယမန်နေ့က ကျောက်ချပ်ကျေးရွာ စိုက်ပျိုးရေးအသိပညာပေးစင်တာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန နေပြည်တော်တိုင်းဦးစီးမှူး ဦးဝင်းဦးက စိုက်ပျိုးရေးဆိုင်ရာများကို ပြောကြားပြီး ခရိုင်၊ မြို့နယ်ဦးစီးမှူးတို့က မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေး စသည်တို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက်တောင်သူများအား မျိုးစေ့အိတ်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ မျိုးစေ့ပေးအပ်ခြင်းနှင့် နည်းပညာပေး ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန နေပြည်တော်တိုင်းမြေ၊ မျိုး၊ ပိုးတာဝန်ခံများ၊ ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသားကျောင်းသူများနှင့် တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၂**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များအား ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ လက်ခံတွေ့ဆုံသည်။

**သီးခြားစီ လက်ခံတွေ့ဆုံ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် “ဝ” ပြည်သွေးစည်း ညီညွတ်ရေးပါတီ (UWSA) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဥက္ကဋ္ဌ ဦးဆေးထင်၊ မိုင်းလားအထူးဒေသ(၄)(NDAA) ဒုတိယဥက္ကဋ္ဌ ဦးစံပေ့နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ဒုတိယဥက္ကဋ္ဌ(၂) အက်စ်ဂွမ်မော်တို့အား ယနေ့ညနေ ၃ နာရီခွဲတွင်လည်းကောင်း၊ တအာင်း(ပလောင်) အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)မှ တားခူးလန်း၊ မြန်မာအမျိုးသား ဒီမိုကရေစီမဟာမိတ်တပ်မတော် -ကိုးကန့်တပ်ဖွဲ့ (MNDAA)မှ ဦးရန်ဝင်ကျိုးနှင့် ရက္ခိုင့်တပ်မတော် (AA) တို့မှ ဦးညိုထွန်းအောင်တို့အား ယနေ့ညနေ ၄ နာရီခွဲတွင် လည်းကောင်း သီးခြားစီ လက်ခံတွေ့ဆုံသည်။

**နိုင်ငံရေးဆွေးနွေးပွဲများ ပါဝင်နိုင်ရေးဆွေးနွေး**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များအား တွေ့ဆုံစဉ် ပဋိပက္ခများလျှော့ချနိုင်ရေး၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးနိုင်ရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်နိုင်ရေးစသည့် ကိစ္စရပ်များ နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တအာင်း (ပလောင်) အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) မှ တားခူးလန်း၊ မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ်တပ်မတော်-ကိုးကန့်တပ်ဖွဲ့ (MNDAA) မှ ဦးရန်ဝင်ကျိုးနှင့် ရက္ခိုင့်တပ်မတော် (AA) တို့မှ ဦးညိုထွန်းအောင်တို့အား လက်ခံတွေ့ဆုံစဉ်။**
သတင်းစဉ်

**တက်ရောက်**

တွေ့ဆုံပွဲများသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ ဒုတိယဝန်ကြီးဦးမင်းသူ၊ ဦးခင်မောင်တင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြသည်။

**မှတ်တမ်းတင် ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များအား ဒေသထွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ ၎င်းတို့ကလည်း နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်အား ဂါရဝပြုလက်ဆောင်ပစ္စည်းများအား ပြန်လည်ပေးအပ်ပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSA) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဥက္ကဋ္ဌ ဦးဆေးထင်၊ မိုင်းလားအထူးဒေသ (၄) (NDAA) ဒုတိယဥက္ကဋ္ဌ ဦးစံပေ့နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ဒုတိယဥက္ကဋ္ဌ (၂) အက်စ်ဂွမ်မော်တို့အား လက်ခံတွေ့ဆုံစဉ်။**
သတင်းစဉ်

## ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ တရုတ်နိုင်ငံ အာရှရေးရာအထူးကိုယ်စားလှယ်၊ နာဂငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီဥက္ကဋ္ဌနှင့် KNPP ဒုတိယဥက္ကဋ္ဌတို့အား သီးခြားစီတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၂**

ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်ကော့ရှန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့(ဝဲပုံ)၊ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ-ခပ်ပလန်(NSCN-K)မှ နာဂငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီဥက္ကဋ္ဌ ဦးအန့်ကန့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) ဒုတိယဥက္ကဋ္ဌ ခူဦးရယ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ညှိနှိုင်းခန်းမ၌ သီးခြားစီတွေ့ဆုံသည်။

ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌသည် မစ္စတာ စွန်ကော့ရှန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် နာဂငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီဥက္ကဋ္ဌ ဦးအန့်ကန့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့နှင့် တွေ့ဆုံစဉ် ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

ထို့အတူ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) ဒုတိယဥက္ကဋ္ဌ ခူဦးရယ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ် ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ အဖွဲ့ဝင် ဦးအောင်စိုး၊ အကြံပေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမောင်ရွှေ၊ ဒေါက်တာမင်းဇော်ဦး၊ အထောက်အကူပြုအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ကရင်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁၂**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# တောင်တန်း-ပြည်မ မခွဲခြားရေး၊ ရှမ်း- ဗမာသွေးစည်းညီညွတ်ရေးတို့အတွက် အသက်ပေးကာ ဆောင်ရွက်ခဲ့သည့် မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း

**သတင်းဆောင်းပါး- သီသီမင်း ၊ ဓာတ်ပုံ- အေးမင်းသူ(ကြေးမုံ)**

**"အဖေဆုံးတော့ ဇူလိုင်လ ၂၀ ရက်နေ့ပါ။ ဇူလိုင်လ ၁၉ ရက်နေ့ လုပ်ကြံခံရပြီး ဒဏ်ရာနဲ့ ရန်ကုန်ဆေးရုံကြီး ရောက်တော့မှ သွေးလွန်ပြီးဆုံးရတာလို့ ပြောသံကြားခဲ့ရတော့ စိတ်မကောင်းဖြစ်မိတယ်" ဟု မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ တတိယမြောက်သားဖြစ်သူ ဦးစဝ်ကိုင်ဖက ငယ်စဉ်က ကြားသိခဲ့ရသည့် ဖခင်၏အကြောင်းကို ပြောပြသည်။**



မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းနှင့် မိသားစုဝင်များ၏ မှတ်တမ်းဓာတ်ပုံ

မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းသည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့သည့် အာဇာနည်ခေါင်းဆောင်ကြီးများနှင့်အတူ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် လုပ်ကြံခံရသည့် အထဲတွင် ပါဝင်ခဲ့ပြီး ဇူလိုင်လ ၂၀ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင်ရရှိသော သေနတ်ဒဏ်ရာများဖြင့် တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ရသည်။

"အဖေဆုံးတော့ ကျွန်တော်က ၁၀ နှစ်သား။ အမေ မရှိတော့တဲ့အချိန် အဖေကလည်း ဆုံးခဲ့ပြန်တယ်။ အဲဒီတုန်းက ကျွန်တော်တို့က တောင်ကြီးမှာနေတာ၊ အမေ့ရဲ့အစ်ကို မိုးမိတ်စော်ဘွားကြီး စဝ်ခွန်ချိုက မောင်နှမတွေကို ရန်ကုန်ခေါ်ပြီး အုပ်ထိန်းသူအဖြစ် စောင့်ရှောက်ခဲ့တယ်၊ ပညာသင်ပေးခဲ့တယ်"ဟု သားဖြစ်သူ စဝ်ကိုင်ဖက ပြောပြသည်။

**ရဲအတတ်သင်ကျောင်းတွင် တက်ရောက်**

မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်းကို မိုင်းပွန်စော်ဘွားကြီး စဝ်ခွန်ထီးနှင့် မြောက်နန်းဆောင် မဟာဒေဝီ နန်းစိန်ဥတို့မှ ၁၉၀၇ ခုနှစ် မေလ ၃၁ ရက် နေ့တွင် မွေးဖွားခဲ့သည်။

မိုင်းပွန်စော်ဘွားကြီ စဝ်စံထွန်းသည် တောင်ကြီးမြို့ ရှမ်းစော်ဘွားသားများ အထက်တန်းကျောင်းမှ ၁၀ တန်း အောင်မြင်ခဲ့ပြီး ရဲအတတ်သင်ကျောင်းတွင် တက်ရောက်ခဲ့သည်။ စော်ဘွားအဖြစ် ၁၉၂၈ ခုနှစ်တွင် အခမ်းအနားဖြင့် ခံယူခဲ့ပြီး ၁၉၃၂ ခုနှစ်တွင် မိုးမိတ်စော်ဘွားကြီး၏ သမီး စဝ်ခင်သောင်းနှင့် လက်ထပ်ခဲ့သည်။

မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းသည် စာဖတ်ဝါသနာပါသည့်အပြင် ဂီတကိုလည်း နှစ်သက်သည်။ အကော်ဒီယံခေါ် လက်စွဲ ဘာဂျာနှင့် ဝါးပတ္တလားကို ကျွမ်းကျင်စွာ တီးခတ်နိုင်သည်။ မိမိလူမျိုး၏ စာပေကိုလည်း ချစ်မြတ်နိုးသူ တစ်ယောက်ဖြစ်သည့်အပြင် ရှမ်း-ဗမာ သွေးစည်းညီညွတ်ရေးကို အထူးစိတ်ဝင်စားရုံသာမက ဖြစ်မြောက်အောင် လူပင်ပန်း၊ စိတ်ပင်ပန်းခံကာ ကြိုးစားခဲ့သူတစ်ဦးလည်း ဖြစ်သည်။

မိုင်းပွန်စော်ဘွားကြီးသည် အရက်၊ ဆေးလိပ်၊ ကွမ်းယာတို့ကို လုံးဝရှောင်ကြဉ်သူ ဖြစ်သည်။ ကျန်းမာရေးကို အထူးဂရုစိုက်၍ နေ့စဉ် နံနက်စောစောထ လမ်းလျှောက်လေ့ရှိသည့်အပြင် သိုင်းကစားခြင်း၊ မြင်းစီးခြင်း၊ ရေကူးခြင်း စသည့် အားကစားနည်းများကိုလည်း ခုံမင်သူဖြစ်သည်။

"အဖေက မြင်းစီးလည်း ဝါသနာပါတယ်။ ရေမကူးတတ်ရင်လည်း ကူးတတ်အောင် သင်ပေးတယ်။ အဖေက နိုင်ငံရေးလုပ်နေပေမယ့် သားသမီးတွေကိုလည်း အလွန်ဂရုစိုက်တယ်။ ကလေးတွေနဲ့ ထမင်းအတူစားပြီးမှ အစည်းအဝေး သွားလေ့ရှိတယ်"ဟု ဦးစဝ်ကိုင်ဖက ပြောပြသည်။

**သီးနှံမျိုးစေ့များကို မှာယူခဲ့ဖူး**

ထို့ပြင် မိုင်းပွန်စော်ဘွားကြီးသည် ရှမ်းပြည်နယ်တွင် သိပ္ပံနည်းကျ စိုက်ပျိုးရေး လုပ်ငန်းများ ထွန်းကားလာစေရန် ကြိုးပမ်းခဲ့သူတစ်ဦးလည်းဖြစ်သည်။ အင်္ဂလန်နိုင်ငံမှ စိုက်ပျိုးရေးဆိုင်ရာ ခေတ်မီစာအုပ်များ ၊ ကိရိယာ တန်ဆာပလာများနှင့် သီးနှံမျိုးစေ့များကို မှာယူခဲ့ဖူးသည်။

"စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာနဲ့ဆိုင်တဲ့ စာအုပ်တွေ ဖတ်တယ်။ နယ်သူ နယ်သားတွေကို ပညာဖြန့်ဖြူးပေးနိုင်အောင် မိုင်းပွန်မှာ စံပြဥယျာဉ်ဆိုတာ တည်ထောင်ခဲ့တယ်။ အဲဒီလိုလုပ်လို့လည်း နယ်သူနယ်သားတွေ မျိုးကောင်း၊ မျိုးသန့် သစ်သီးဝလံတွေ စိုက်ပျိုးလာနိုင်ခဲ့တယ်" ဟု ဦးစဝ်ကိုင်ဖက ပြောသည်။

စော်ဘွားကြီးသည် ဒုတိယကမ္ဘာစစ်ကြီးပြီး၍ အင်္ဂလိပ်များ မြန်မာနိုင်ငံသို့ ပြန်ဝင်လာသောအခါတွင် ၎င်းတို့နှင့် အတူပါလာသည့် စက္ကူဖြူအုပ်ချုပ်ရေးကိုလည်း ဆန့်ကျင်ခဲ့သူဖြစ်သည်။ တောင်တန်းနှင့်မြေပြန့် သွေးခွဲအုပ်ချုပ်သည်ကိုမလိုလား၍ မြေပြန့်နှင့် တောင်တန်း စည်းလုံးညီညွတ်ရေး အတွက် ကြိုးပမ်းခဲ့သူ ဖြစ်သည်။

"အမြဲလည်း အစည်းအဝေးတွေလုပ်တယ်။ ညှိနှိုင်းတိုင်ပင်တာတွေ လုပ်တယ်။ အဖေက စော်ဘွားထဲမှာ အသက်အငယ်ဆုံးဆိုတော့ ကျန်တဲ့စော်ဘွားတွေက သိပ်မကြိုက်ကြဘူး။ သူကတော့ ကြိုးစားပြီးတော့ကို လုပ်ခဲ့တာ " ဟု ဦးစဝ်ကိုင်ဖက ပြောသည်။

**အထူးကူညီဆောင်ရွက်**

မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းသည် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည့် စော်ဘွားလည်းဖြစ်သည့်အပြင် ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရေးကြိုးပမ်းမှုတွင် တောင်တန်း- မြေပြန့် ပူးပေါင်းရေး အောင်မြင်စေရန်အတွက် အထူးကူညီဆောင်ရွက်ခဲ့သည်။

"အရင်က တောင်ပေါ်ဒေသနဲ့ မြေပြန့်နဲ့ပေါင်းဖို့ ဦးဆောင်တဲ့အခါ ထိပ်တန်းက ပါဝင်ခဲ့တယ်။ ပင်လုံညီလာခံမှာ ကွဲမယ်၊ တွဲမယ်ဖြစ်နေတဲ့အချိန်မှာ အဖေက ရှမ်းပြည်နယ် လူငယ်များအဖွဲ့မှာ ပါဝင်ဆောင်ရွက်ပြီးတော့မှ ရှမ်းလူငယ်ခေါင်းဆောင်တွေဖြစ်တဲ့ ဆရာကြီး ဦးတင်အေး၊ ဦးထွန်းမြင့်၊ ဦးခွန်ထီးတို့နဲ့ ပေါင်းမိပြီး ဗိုလ်ချုပ်နဲ့ လက်တွဲမိပြီးတော့ ပြည်ထောင်စုကြီး ဖွဲ့စည်းဖို့ ကြိုးစားခဲ့တယ်"ဟု ဦးစဝ်ကိုင်ဖက ပြောသည်။

ထိုသို့ ကြိုးစားခဲ့သည့်အတွက် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းသည် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ကြားဖြတ်အစိုးရအဖွဲ့တွင် အတိုင်ပင်ခံ တောင်တန်းဒေသရေးရာဝန်ကြီး ဖြစ်လာခဲ့သည်။ ထို့ပြင် တိုင်းပြုပြည်ပြု လွှတ်တော်တွင် ပြည်ထောင်စုနှင့် ပြည်နယ်များဆိုင်ရာ ဆပ်ကော်မတီ၊ လူနည်းစုဆိုင်ရာ ဆပ်ကော်မတီ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေး ကော်မတီတို့တွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

*စာမျက်နှာ ၇ သို့*



မိုင်းပွန်စော်ဘွား စဝ်စံထွန်း

## မိုင်းပွန်စော်ဘွား စဝ်စံထွန်း

(၃၁ မေ ၁၉၀၇ -၁၉ ဇူလိုင် ၁၉၄၇)

**မိုင်းပွန်စော်ဘွား စဝ်စံထွန်းသည် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော စစ်ပြီးလွတ်လပ်ရေးအကြို အစိုးရအဖွဲ့တွင် အတိုင်ပင်ခံ တောင်တန်းဒေသရေးရာဝန်ကြီး အဖြစ် ခန့်အပ်ခြင်းခံရသည်။**

**မိုင်းပွန်စော်ဘွားကြီး စဝ်ခွန်ထီးနှင့် မြောက်နန်းဆောင် မဟာဒေဝီ နန်းစိန်ဥတို့၏ သားဖြစ်သည်။ ၁၉၀၇ ခုနှစ် မေလ ၃၁ရက် သောကြာနေ့တွင် ဖွားမြင်သည်။**

**တောင်ကြီးမြို့ ရှမ်းစော်ဘွားသားများ အထက်တန်းကျောင်းမှ ၁၀ တန်း အောင်မြင်သည်။ ရဲအတတ်သင်ကျောင်းလည်း တက်ခဲ့သည်။**

**၁၉၈၂ ခုနှစ်တွင် အခမ်းအနားဖြင့် စော်ဘွားအဖြစ် ခံယူသည်။ ၁၉၃၂ ခုနှစ်တွင် မိုးမိတ်စော်ဘွားကြီး၏ သမီး စဝ်ခင်သောင်းနှင့် လက်ထပ်သည်။**

**ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရေးကြိုးပမ်းမှုတွင် တောင်တန်း-မြေပြန့် ပူးပေါင်းရေး အောင်မြင်စေရန်အတွက် အထူးကူညီဆောင်ရွက်ခဲ့သည်။ တိုင်းပြု ပြည်ပြု လွှတ်တော်တွင် ပြည်ထောင်စုနှင့် ပြည်နယ်များဆိုင်ရာ ဆပ်ကော်မတီ၊ လူနည်းစုဆိုင်ရာဆပ်ကော်မတီ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးကော်မတီတို့တွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။**

**၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ရက်နေ့ စနေနေ့ နံနက် ၁၀နာရီ ၃၇ မိနစ်တွင် လုပ်ကြံခံရသည့် အထဲတွင်ပါဝင်ခဲ့ပြီး ဇူလိုင်လ ၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားရှာသည်။**

**ကွယ်လွန်ချိန်တွင် သမီး စဝ်သုနန္ဒာ၊ သား စဝ်ဆေဟုန်၊ သား စဝ်ကိုင်ဖ၊ သမီး စဝ်မြင့်ကြည်တို့ ကျန်ရစ်သည်။**



စဝ်ကိုင်ဖနှင့်ဇနီး

**"မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းသည် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည့် စော်ဘွားလည်းဖြစ်သည့် အပြင် ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရေးကြိုးပမ်းမှုတွင် တောင်တန်း- မြန်မာ ပူးပေါင်းရေး အောင်မြင်စေရန်အတွက် အထူး ကူညီဆောင်ရွက်ခဲ့"**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၂**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အပိုင်းက ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

**ဒုတိယသမ္မတ ဦးမြင့်ဆွေ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဟန်ဂေရီ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဗန်ကောက်မြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဟန်ဂေရီသံအမတ်ကြီး H.E. Dr. Peter JAKAB အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဟန်ဂေရီ-မြန်မာ နှစ်နိုင်ငံအကြားလွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးနှင့် ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ဟန်ဂေရီ သံအမတ်ကြီး H.E. Dr. Peter JAKAB အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

❍ *ကျောဖုံးမှ*

မြန်မာ ယူ-၁၉ အသင်းသည် အုပ်စုတွင် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရရန် ရှန်းကန်ခဲ့ရသော်လည်း နာမည်ကြီး လက်ရှိချန်ပီယံ ထိုင်းအသင်းကို အနိုင်ကစားနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်း၏ ပွဲထွက် လူစာရင်းတွင် ဝင်းနိုင်ထွန်း၊ မြတ်ကောင်းခန့်၊ လွင်မိုးအောင်၊ ပြည့်စုံနိုင်တို့ဖြင့် လူစုံခဲ့ပြီး ထိုင်းအသင်းမှာလည်း အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် မြန်မာအသင်းက ဂိုးသွင်းခွင့်ပိုရခဲ့ပြီး အသုံးမချနိုင်ခဲ့၍သာ ပထမပိုင်းအပြီးတွင် ဂိုးမရှိ သရေကျခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ထိုင်းအသင်းက ကစားကွက် အပြောင်းအလဲလုပ်ခဲ့ပြီး မြန်မာအသင်းဘက်သို့ ဖိကစားနိုင်ခဲ့သည်။

ထိုင်းအသင်း သွင်းယူသည့် ဂိုးသွင်းခွင့်များကို မြန်မာဂိုးသမား ဇင်ညီညီအောင် ကာကွယ်နိုင်ခဲ့သလို အချို့ကန်သွင်းမှုများမှာလည်း တိုင်ထိ၊ ဘားတန်းထိ ထွက်ခဲ့သောကြောင့် မြန်မာအသင်း သက်သာရာရခဲ့သည်။ မြန်မာအသင်းသည် ၈၇ မိနစ်တွင် အနိုင်ဂိုးရခဲ့ပြီး တိုက်စစ်မှူး ဝင်းနိုင်ထွန်းက တန်ပြန်တိုက်စစ်မှ တစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ် ဒုတိယပွဲအဖြစ် မလေးရှားနှင့် အိမ်ရှင်အင်ဒိုနီးရှားအသင်း ယှဉ်ပြိုင်ကစားခဲ့ပြီး မလေးရှားအသင်းက ပယ်နယ်တီအဆုံးအဖြတ် လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ ဗိုလ်လုပွဲကို ဇူလိုင် ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် မလေးရှားအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်ရှိန်း**

***စာမျက်နှာ ၆ မှ***

အာဇာနည်ခေါင်းဆောင် မိုင်းပွန်စော်ဘွားကြီး လုပ်ကြံမခံရမီ ၁၉၄၅ ခုနှစ်တွင် မိုင်းပွန်စော်ဘွားကြီး၏ ဇနီးဖြစ်သူမှာ ဖက်ဆစ်ဂျပန်တို့လက်မှ လွတ်မြောက်ရန် ပြေးရင်းလွှားရင်း မိုင်းပွန်တောထဲတွင် ဆုံးပါးခဲ့ရသည်။ သမီးဖြစ်သူမှာလည်း ၁၉၄၆ ခုနှစ်တွင် ထပ်မံဆုံးပါးခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့ မိုင်းပွန်စော်ဘွားကြီး ကွယ်လွန်ချိန်တွင် သမီး စဝ်သုနန္ဒာ၊ သား စဝ်ဆေဟုန်၊ သား စဝ်ကိုင်ဖ၊ သမီး စဝ်မြင့်ကြည်တို့ ကျန်ရစ်သည်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးပြီးနောက် ကျန်ရစ်သူမိသားစုများအား အစိုးရမှထောက်ပံ့ကြေး မိသားစုတစ်စုလျှင် ငွေကျပ်တစ်သိန်းထောက်ပံ့ခဲ့ရာ မိုင်းပွန်စော်ဘွားကြီး၏ သားသမီးများမှာ အရွယ်မရောက်သေးသူများ ဖြစ်ကြသည့်အတွက် မြန်မာ့အလင်း ဦးတင်တို့ပါဝင်သည့် အမွေထိန်းအဖွဲ့က ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့သည်။

"တချို့ အာဇာနည်မိသားစုဝင်တွေက ခေတ်ဆီဆိုင်တွေ၊ မော်တော်ကားတွေရတယ်။ ကျွန်တော်တို့က ဘာမှမရခဲ့ဘူး။ မြန်မာ့အလင်း ဦးတင်က ထိန်းသိမ်းပေးထားတဲ့ ပိုက်ဆံတွေကို တော်လှန်ရေး အစိုးရတက်လာပြီး မကြာမီ အကုန်ခွဲပေးခဲ့ပါတယ်"ဟု ဦးစဝ်ကိုင်ဖက ပြောသည်။

ဦးစဝ်ကိုင်ဖက "ကျွန်တော် ဘွဲ့ရတဲ့ နှစ်မှာပဲ အိမ်စောင့် အစိုးရကနေပြီးတော့ ပြည်ထောင်စုအစိုးရတက်လာတဲ့အခါကျတော့ ဘကြီးရဲ့အတွင်းဝန်အဖြစ် နိုင်ငံခြားရေးရုံးမှာ အလုပ်ရတယ်။ လုပ်ရင်းနဲ့ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့ အာဏာသိမ်းတော့ အလုပ်ကပြုတ်ခဲ့တယ်။ အလုပ်ကလည်း ဘယ်မှရှာမရတာနဲ့ ပညာရေးတွေ တစ်ခုပြီးတစ်ခုပဲ ဆက်လက်သင်ယူခဲ့တယ်။ နောက် နိုင်ငံခြားရုံးမှာ တတိယအတွင်းဝန်ခေါ်တော့ ဝင်လျှောက်တာ ပထမ ငါးယောက်ထဲမှာ ထိပ်ဆုံးက ပါခဲ့တယ်။ ဒါပေမယ့် အကြောင်းအမျိုးမျိုးပြပြီး မခန့်ခဲ့ဘူး"ဟု ၎င်း၏ ဘဝအတွေ့အကြုံများစွာထဲမှ တစ်ခုကို ပြောပြခဲ့သည်။

**တည်ဆောက်ထားခဲ့**

ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ လုပ်ကြံခံရသည့် အာဇာနည် ခေါင်းဆောင် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ ရုပ်ကလာပ်ကို စော်ဘွားကြီး၏ ပြည်နယ်မြို့တော်ဖြစ်သော မိုင်းပွန်မြို့သို့ သယ်ဆောင်သွားပြီးနောက် ၁၉၄၈ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် ဒေသအလိုက် ထုံးတမ်းစဉ်လာအရ အခမ်းအနားဖြင့် သင်္ဂြိုဟ်ပြီးလျှင် အရိုးပြာတစ်ဝက်ကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်တွင်ထားရှိရန် ပို့ဆောင်ခဲ့သည်။ ကျန်အရိုးပြာတစ်ဝက်ကို မိုင်းပွန်မြို့တောင်ဘက်ကုန်း အာဇာနည်ဗိမာန် ပြာသာဒ်တည်ဆောက်ထားခဲ့သည်။

ဗိုလ်ချုပ်ကြီးနေဝင်း လက်ထက်တွင် အာဇာနည်နေ့အခမ်းအနားကို စစ်အခမ်းအနား၊ စစ်တီးဝိုင်းများဖြင့် ၎င်းကိုယ်တိုင် အာဇာနည်မိသားစုဝင်များနှင့်အတူ တက်ရောက်ကာ ပန်းခွေချ၊ အလေးပြုခြင်းများလုပ်ဆောင်ခဲ့ကြောင်းနှင့် အာဇာနည်နေ့သာမက ပြည်ထောင်စုနေ့၊ လွတ်လပ်ရေးနေ့အခမ်းအနားများတွင်ပါ တက်ရောက်ခွင့်ရခဲ့ပြီး နောက်ပိုင်း ထိုသို့မရှိတော့ကြောင်း သိရသည်။

"ကျွန်တော်တို့က အာဇာနည်နေ့အတွက် ပန်းခွေကို ကိုယ်တိုင်လုပ်တာ ဟိုးတုန်းကတည်းကနေ အခုထိပါ။ ပန်းခွေကို ဇူလိုင်လ ၁၈ ရက်နေ့အမီ ပို့ပေးရတယ်။ ခါတိုင်းတော့ စော်ဘွားလေးကျောင်းမှာ ဆွမ်းကပ်တယ်။ ဒီနှစ်တော့ လုပ်မယ်၊ မလုပ်ဘူး၊ မဆုံးဖြတ်ရသေးဘူး"ဟု ဦးစဝ်ကိုင်ဖက ပြောသည်။

"ဒီမိုကရေစီအစိုးရတက်လာပြီးနောက် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်တွင် နိုင်ငံတော်အကြီးအကဲများနှင့် အာဇာနည်မိသားစုဝင်များ တက်ရောက် ဂါရဝပြုကြပြီး နိုင်ငံတစ်ဝန်းတွင်လည်း အာဇာနည်နေ့အခမ်းအနားကို စည်ကားစွာကျင်းပလာသည်နှင့် ပတ်သက်ပြီး ဦးစဝ်ကိုင်ဖက "လုပ်သင့်လုပ်ထိုက်တာကို လုပ်တယ်လို့ မြင်ပါတယ်။ နိုင်ငံတကာမှာလည်း တိုင်းပြည်ကောင်းရာကောင်းကျိုး လုပ်ခဲ့တဲ့ သူတို့ခေါင်းဆောင်တွေကို သူ့နေရာနဲ့သူ သေချာ အထိမ်းအမှတ်နေရာ သီးသန့်ထားကြတယ်"ဟု ပြောပြသည်။

မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းကျဆုံးပြီးနောက်ပိုင်း သားသမီး လေးဦး ကျန်ရစ်ခဲ့သည်။ လက်ရှိအချိန်တွင် သားနှစ်ဦးသာ အသက်ထင်ရှားကျန်ရှိကာ သားအကြီးဆုံးမှာ ပြည်ပတွင် နေထိုင်လျက်ရှိပြီး တတိယမြောက်သားဖြစ်သူ ဦးစဝ်ကိုင်ဖ သာလျှင် ဇနီးဖြစ်သူ ဒေါ်သောင်းသောင်း၊ သားသမီး မြေးမြစ်များနှင့်အတူ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသည်။

"အခုတော့ မိန်းကလေးတွေက မရှိတော့ဘူး။ အစ်ကို တစ်ယောက်ပဲ နိုင်ငံခြားမှာ။ သူကလည်း ပြန်မလာတော့ပါဘူး"ဟု ဦးစဝ်ကိုင်ဖကဆိုသည်။

**အသက်ကိုပင် ပေးဆပ်ကာ ဆောင်ရွက်ခဲ့**

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် စာနယ်ဇင်းသမား၊ သတင်းသမားများသည်လည်း အရေးပါသည့် အခန်းကဏ္ဍမှပါဝင်သည်ဖြစ်ရာ ပြန်ကြားရေးဝန်ကြီးဌာန၊ The Working People's Daily အင်္ဂလိပ်သတင်းစာ၊ လုပ်သားသတင်းစာတို့တွင် အယ်ဒီတာချုပ်အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ဂျပန်သတင်းဌာနတွင် ၁၅ နှစ်ကြာ သတင်းထောက် လုပ်ခဲ့ဖူးသည့် ၊ နိုင်ငံခြားသတင်းထောက်များ အသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ဖူးသူ ဦးစဝ်ကိုင်ဖက -

"သတင်းသမားတွေအနေနဲ့ အမျိုးသားရေးကို ဦးစားပေးရမယ်။ သတင်းသမားတင်မကဘူး၊ သတင်းစာက ပြောရရင်တော့ တိုင်းပြည်ရဲ့ဂုဏ်သိက္ခာပါကျသွားနိုင်တဲ့အတွက် သေသေချာချာရေးကြဖို့၊ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးရဲ့ ဂုဏ်ကို မထိခိုက်အောင် ရေးသားကြဖို့တော့ လိုပါတယ်"ဟု ပြောကြားသည်။

ထို့ပြင် တောင်တန်း-ပြည်မ မခွဲခြားရေး၊ ရှမ်း- ဗမာ သွေးစည်းညီညွတ်ရေး၊ ပြည်ထောင်စုကြီးဖြစ်ပေါ်လာရေး၊ မြန်မာပြည်လွတ်လပ်ရေးရရှိရေးတို့အတွက် အသက်ကိုပင် ပေးဆပ်ကာ ဆောင်ရွက်ခဲ့သည့် ရှမ်းစော်ဘွားတစ်ဦးဖြစ်သူ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၏ သားဖြစ်သူ ဦးစဝ်ကိုင်ဖ က -

"ခေါင်းဆောင်ကြီးတွေ အသက်ပေးပြီး တိုင်းပြည်စည်းလုံး ညီညွတ်ရေးရအောင် နမူနာပြပြီးသွားပြီမို့ တိုင်းပြည်တိုးတက်ရာ တိုးတက်ကြောင်းကို အခုအချိန်မှာ အားလုံးစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းပေးသင့်တယ်။ အရင်က ကိုယ်တို့ ထောက်ပံ့ခဲ့ရတဲ့နိုင်ငံတွေက ကိုယ်တို့ကို ဖြတ်ကျော်သွားပြီမို့ အားလုံးစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ လုပ်ဆောင်မှသာ တိုင်းပြည်ရော၊ လူမျိုးရော ကောင်းစားမယ်၊ ဖွံ့ဖြိုးတိုးတက်လာလိမ့်မယ်"ဟု စကားဆိုခဲ့သည်။ ။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၂**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ မလေးရှား သံအမတ်ကြီး H.E.Mr. Zahairi Baharim အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံလွှတ်တော်၏ ဥပဒေပြုရေး၊ လွှတ်တော်ချင်း ပိုမိုခိုင်မာစွာ ဆက်သွယ်ဆောင်ရွက်ရေး၊ စီးပွားရေးနှင့် ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ မလေးရှား သံအမတ်ကြီး H.E.Mr. Zahairi Baharim အား လက်ခံတွေ့ဆုံစဉ်။**
သတင်းစဉ်

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်၊ မလေးရှားသံအမတ်ကြီးနှင့် ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌနှင့် အဖွဲ့အား သီးခြားစီ လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၂

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင် ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**

တွေ့ဆုံစဉ် ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် အစိုးရနှင့် တပ်မတော်မှ ဆောင်ရွက်နေမှု၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီး H.E. Mr. Zahairi bin Baharim အား မွန်းလွဲပိုင်းတွင် လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီး ကောင်းမွန်သည့် ဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်ရေး ကိစ္စရပ်များ၊ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေးနှင့် အကြမ်းဖက်မှုအန္တရာယ် တားဆီးကာကွယ် နှိမ်နင်းရေးတွင် တပ်မတော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါး တရားမဝင် ကုန်သွယ်မှုများအား ပူးပေါင်းနှိမ်နင်း ဆောင်ရွက်ရေး၊ တပ်မတော်နှစ်ရပ်အကြား အဆင့်အလိုက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေး၊ အားကစားအဖွဲ့များ အပြန်အလှန်စေလွှတ်ရေး၊ လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် စစ်ဘက်ဆေးပညာများ အပြန်အလှန် ဖလှယ်ရေး ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**လက်ခံတွေ့ဆုံ**

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကရင်အမျိုးသား အစည်းအရုံး(KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုး ဦးဆောင်သည့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် (Peace Process Steering Team- PPST) ဦးဆောင်အဖွဲ့မှ အဖွဲ့ဝင်များကို လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် (Peace Process Steering Team- PPST) ဦးဆောင်အဖွဲ့မှ အဖွဲ့ဝင်များသည် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအား အမြန်ဆုံး ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများ၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား)တို့ တက်ရောက်ကြပြီး KNU အဖွဲ့ဥက္ကဋ္ဌနှင့်အတူ KKO အဖွဲ့ဥက္ကဋ္ဌ စောမူရှေး၊ KNU/KNLA(PC)အဖွဲ့ အထွေထွေ အတွင်းရေးမှူး နော်ကပေါ်ထူး၊ RCSS/SSAအဖွဲ့မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ခေါင်းဆောင် ဦးဘောင်ခေး၊ PNLO အဖွဲ့နာယက ခွန်ဥက္ကာ၊ ALP အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးခိုင်စိုးနိုင်အောင်၊ ABSDF အဖွဲ့ဥက္ကဋ္ဌ ဦးသံခဲ၊ CNF အဖွဲ့ဥက္ကဋ္ဌ ဦးပူဇင်ကျုံး၊ NMSP (မွန်) အဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ထောမွန်နှင့် LDU အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကြာဆော်လမွန် နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**
သတင်းစဉ်

# စီးပွားရေးမူဝါဒ ပြုပြင်ပြောင်းလဲရေး အရှိန်မြှင့်ရန်ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၂**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့က မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲ၍ ဟန်ချက်ညီသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား ဖော်ဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံအစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား မြှင့်တင်နိုင်ရန် အရေးပါသည့်အပြင် လတ်တလော လုပ်ဆောင်ရမည့် ပြုပြင်ပြောင်းလဲမှုများအား တွန်းအားပေးနိုင်မည့် အစီအစဉ်တစ်ရပ်ဖြစ်သည့် လက်ရှိတွင် အပြီးသတ်ရေးဆွဲလျက်ရှိသော မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲ၍ ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Myanmar Sustainable Development Plan-MSDP) အပေါ်အဓိက အခြေခံကာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။




"မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲ၍ ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Myanmar Sustainable Development Plan)တွင် ဖော်ပြထားတဲ့အတိုင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ အခြားစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိအောင် ဦးတည်ကြိုးပမ်းရာမှာ စီးပွားရေးတည်ငြိမ်မှုနဲ့ မေခရိုစီးပွားရေးစီမံခန့်ခွဲမှု အားကောင်းမှုဟာ မရှိမဖြစ် လိုအပ်ချက်ဖြစ်ပါတယ်။ MSDP က နိုင်ငံအတွက် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်မှုတွေကို ယူဆောင်လာပေးမယ့် လိုအပ်တဲ့ အရင်းအမြစ်တွေအားလုံးကို အသုံးချနိုင်ဖို့ ရေးဆွဲထားခြင်းဖြစ်ပါတယ်"ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောကြားသည်။

ယနေ့ကျင်းပသည့် အခမ်းအနားသည် ၂၀၁၈ ခုနှစ် မေလက ထုတ်ဝေခဲ့သည့် မြန်မာ့စီးပွားရေး စောင့်ကြည့်အစီရင်ခံစာ - မရေရာမှုများကြားမှ ဖွံ့ဖြိုးတိုးတက်လာသော မြန်မာနိုင်ငံ၏ စီးပွားရေးတွင် နောက်ဆုံးရ အချက်အလက်များအပေါ် အခြေခံကာ ဖော်ပြထားခဲ့သော မြန်မာနိုင်ငံ၏ စီးပွားရေး အခြေအနေများ အလားအလာနှင့် မူဝါဒရေးရာ အကြံပြုချက်များအား အခြေခံကာ သဘောထားအမြင်များကို ဆွေးနွေးဖလှယ်နိုင်ရန် ကျင်းပပြုလုပ်ခြင်းဖြစ်သည်။

မြန်မာ့စီးပွားရေး စောင့်ကြည့်အစီရင်ခံခြင်း(MEM) အရ မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေသည် အမှန်ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၂၀၁၆-၂၀၁၇ခုနှစ်တွင် ၅ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၇-၂၀၁၈ တွင် ကဏ္ဍအသီးသီး၌ အခြေအနေ မြင့်တက်မှုကြောင့် ၆ ဒသမ ၄ ရာခိုင်နှုန်းသို့ ရောက်ရှိလာသည်။ ၂၀၁၈-၂၀၁၉ တွင်လည်း ၆ ဒသမ ၈ ရာခိုင်နှုန်းဖြင့် ဆက်လက်ကောင်းမွန်နေမည်ဟု ခန့်မှန်းထားပြီး အခြားသော စီးပွားရေးဆိုင်ရာ ညွှန်းကိန်းများလည်း တိုးတက်လာလိမ့်မည်ဟုဆိုသည်။ သို့သော် စိန်ခေါ်မှုအန္တရာယ်များလည်း ရှိနေပြီး ယင်းတို့တွင် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးနှင့် ကုန်စည်ဈေးနှုန်း မတည်ငြိမ်မှုတို့သည်လည်း သတိပြုရမည့် ကိစ္စရပ်များ ဖြစ်သည်ဟု ဆိုထားသည်။

"မြန်မာနိုင်ငံက လက်ရှိနှုန်းထက်ကို ပိုမို၍ တိုးတက်နိုင်မယ့် အလားအလာတွေ ရှိနေပါတယ်။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲ၍ ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Myanmar Sustainable Development Plan) သည် လူ့စွမ်းအားအရင်းအမြစ်၊ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေကို မြှင့်တင်ပေးနိုင်မယ့် အလားအလာတွေ ရှိနေပါတယ်။ ဒီလို ဖြစ်လာဖို့ဆိုရင် တိုင်းပြည်မှာ တီထွင်ဖန်တီးနိုင်စွမ်းနဲ့ လုပ်ရည်ကိုင်ရည်တွေ မြင့်တက်လာအောင် မြှင့်တင်ပေးဖို့ လိုအပ်သလို ပုဂ္ဂလိကစီးပွားရေးကဏ္ဍကိုလည်း အားကောင်းလာအောင် ဆောင်ရွက်ပေးဖို့ လိုပါလိမ့်မယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ် ဌာနေကိုယ်စားလှယ် Gevorg Sargsyan က ပြောကြားသည်။

တစ်ချိန်တည်းမှာပင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာတွင် နှေးကွေးနေခြင်း၊ ရခိုင်ပြည်နယ်ရှိ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်မှု နှေးကွေးနေခြင်းတို့ကြောင့် အတားအဆီးများလည်း ဆက်လက်တည်ရှိနေကြောင်း မြန်မာ့စီးပွားရေး စောင့်ကြည့်အစီရင်ခံစာက ထောက်ပြထားသည်။ ထို့ပြင် ဌာနဆိုင်ရာများနှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်မြန်ဆန်မှု အားနည်းနေခြင်း၊ ဗဟိုချုပ်ကိုင်သည့် ဆုံးဖြတ်ချက်ချမှတ်မှုပုံစံ၊ ပြည်တွင်းလုပ်ငန်းရှင်များကို အလွန်အမင်း ကာကွယ်ပေးသည့် အယူအဆများလည်း ဆက်လက်တည်ရှိနေသည်ဟု သိရှိရသည်။ **ခင်ရတနာ၊ ဓာတ်ပုံ-ကမ္ဘာ့ဘဏ်**

# (၂၁)ရာစု ပင်လုံတတိယအစည်းအဝေး အောင်မြင်ရေးမှသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းလာပြီး နိုင်ငံ၏လူမှုစီးပွားရေးအရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးရေးဆီသို့

သံအမတ်ကြီးဒေါက်တာလှမောင် (ဘောဂ)

### (၂၁) ရာစုပင်လုံ

မိမိတို့မြန်မာနိုင်ငံသည် နှစ်ပေါင်းတစ်ရာခန့် သူ့ကျွန်ဘဝတွင် နေထိုင်ခဲ့ရာမှ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပေါ်ထွန်းလာခဲ့ပြီး ကမ္ဘာ့အလယ်တွင် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ်ရပ်တည် နေထိုင်လာခဲ့ကြရသည်မှာ (၂၀)ရာစုနှစ်ပထမ ပင်လုံညီလာခံ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်း ကြောင့်ဖြစ်ပါသည်။ ထိုနည်းတူစွာပင် ယခုအစိုးရသစ် တက်ရောက်လာခဲ့ပြီးနောက်ပိုင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်၍ (၂၁) ရာစုပင်လုံ ဒုတိယ အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်သည်။ ထို့အပြင် လက်ရှိအစိုးရသစ်အဖွဲ့၏ လုပ်ငန်းစဉ်များထဲတွင်လည်း ပင်လုံညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပထမ ဦးစားပေး အဆင့်ချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။ ထိုကဲ့သို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ အစည်းအဝေးကျင်းပရေးကို မိမိတို့နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က တစ်ခဲနက်ထောက်ခံကြပြီး ကြိုဆိုလက်ခံကြရမည် ဖြစ်ပါသည်။ ယခုကျင်းပလျက်ရှိသည့် (၂၁)ရာစု ပင်လုံတတိယအစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်မည်ဆိုပါက တိုင်းရင်းသား စည်းလုံးညီညွတ်မှုမှတစ်ဆင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိလာပြီး ခေတ်မီတိုးတက်ဖွံ့ဖြိုးလာသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို မိမိတို့အားလုံးပူးပေါင်းတည်ဆောက်နိုင်ကြတော့မည် ဖြစ်ပါသည်။

ထိုကဲ့သို့ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိစေရေးကို ရှေးရှုလျက် (၂၁) ရာစု ပင်လုံတတိယအစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျင်းပရေးကော်မတီအဆင့်ဆင့်တို့ကို စနစ်တကျဖွဲ့စည်းကာ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးအင်အားစုများနှင့် အရပ်ဘက်လူမှုရေးအသင်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များစုံညီစွာပါဝင်ကြပြီး နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများအတွက် အခြေခံရမည့် မူဝါဒများကို ဘုံသဘောတူညီမှု (Consensus) ရရှိအောင် ဆွေးနွေးညှိနှိုင်းကြကာ ညီလာခံတွင် ပြန်လည်တင်ပြ၍ ထပ်မံညှိနှိုင်းဆွေးနွေးကြရန် ရှိသည်ဟုသိရှိရပါသည်။ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် ထုတ်ဝေခဲ့သည့် မြန်မာ့အလင်းသတင်းစာတွင် ပင်လုံညီလာခံနှင့် ပတ်သက်၍ ဖော်ပြထားခဲ့သည့် ဆောင်းပါးကို ကောက်နုတ်ဖော်ပြရမည်ဆိုလျှင် **"ပေါင်းစည်းမှု၏ စွမ်းအားသည် ပထမပင်လုံကြောင့် လွတ်လပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပေါ်ထွန်းခဲ့ပြီးနောက် (၂၁) ရာစုပင်လုံဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ပေါင်းစည်းတည်ဆောက်မည်"** ဟုဖော်ပြထားပါသည်။ အထက်ဖော်ပြပါ ဆောင်းပါး၏ ဦးတည်ရည်မှန်းချက်များသည် (၂၁) ရာစု ပင်လုံအစည်းအဝေးနှင့်ပတ်သက်၍ မိမိအထက်တွင် ရှင်းလင်းတင်ပြခဲ့သည့် အချက်အလက်များနှင့်ထပ်တူထပ်မျှရှိနေသည်ကို သိရှိကြရမည်ဖြစ်ပါသည်။

### မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေကို ရွေးချယ်ထားသော ထွန်းသစ်စအာရှနိုင်ငံများနှင့် နှိုင်းယှဉ်ချက်

ဒုတိယကမ္ဘာစစ်မဖြစ်မီအချိန်ကာလက မိမိတို့မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေများသည် အိမ်နီးချင်းအာရှနိုင်ငံများထက် သာလွန်ကောင်းမွန်လျက်ရှိနေကြောင်းကို အာရှနိုင်ငံများ၏ ဒုတိယကမ္ဘာစစ်မဖြစ်မီအချိန်ကာလက ပြုစုထားသော စီးပွားရေးသမိုင်းစာအုပ်စာတမ်းများအား ဖတ်ရှုလေ့လာခြင်းအားဖြင့် သိရှိနိုင်ကြမည်ဖြစ်ပါသည်။ ထို့အပြင် ကမ္ဘာ့ဘဏ်မှထုတ်ပြန်ထားသော စီးပွားရေးနှင့် လူမှုရေးညွှန်ကိန်းများကို ပြန်လည်စိစစ်သုံးသပ်နှိုင်းယှဉ်ကြည့်မည်ဆိုပါက မိမိတို့မြန်မာနိုင်ငံသည် ၁၉၅၀-၆၀ ဝန်းကျင်ခန့်က မိမိတို့အိမ်နီးချင်းနိုင်ငံများ အထူးသဖြင့် တောင်ကိုရီးယား၊ စင်ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့၏ စီးပွားရေးအခြေအနေများနှင့် အနည်းငယ်သာကွဲပြားခြားနားပြီး တူညီမှုရှိကြပါသည်။ အထူးသဖြင့် အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP)၊ လူတစ်ဦးပျမ်းမျှဝင်ငွေနှင့်ပြည်ပပို့ကုန်တန်ဖိုးတို့သည် မတိမ်းမယိမ်းရှိနေကြသည်ကိုတွေ့ရှိရပါသည်။ အလားတူပင် ထိုအချိန်က မြန်မာနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေများကို ဖော်ပြပါနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက တစ်နိုင်ငံနှင့်တစ်နိုင်ငံ များစွာကွာဟမှုမရှိဘဲ မတိမ်းမယိမ်းရှိနေကြပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏ပညာရေးနှင့် ကျန်းမာရေးအခြေအနေများမှာ အချို့နိုင်ငံများထက်ပင် သာလွန်ကောင်းမွန်လျက်ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ သို့သော် ယခုအချိန်မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေများကို မိမိတို့အိမ်နီးနားချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် မိမိတို့နိုင်ငံသည် အဆပေါင်းများစွာ ကွာဟလျက်ရှိနေပြီး ၎င်းတို့ထက် ဆယ်စုနှစ် နှစ်ခု၊ သုံးခုခန့်နောက်ကျကျန်လျက်ရှိနေခဲ့သည်ကို အထင်အရှားတွေ့ရှိရမည်ဖြစ်ပါသည်။ ၎င်းအခြေအနေကို ပိုမိုထင်ရှားစွာ သိမြင်လာနိုင်စေရန် မိမိအနေဖြင့် ကမ္ဘာ့ဘဏ်မှနောက်ဆုံးထုတ်ပြန်ထားသော စာရင်းဇယားများကို အခြေခံလျက် မြန်မာနိုင်ငံ၏ လက်ရှိလူမှုစီးပွားရေးအခြေအနေများကို အာရှမိတ်ဖက်နိုင်ငံအချို့တို့နှင့် နှိုင်းယှဉ်၍ ရှင်းလင်းတင်ပြသွားပါမည်။

### စီးပွားရေးအခြေအနေ

မြန်မာနိုင်ငံနှင့် ရွေးချယ်ထားသောထွန်းသစ်စအာရှနိုင်ငံများ၏ လက်ရှိတိုးတက်ဖြစ်ပေါ်လျက်ရှိနေသည့် စီးပွားရေးအခြေအနေများနှိုင်းယှဉ်ချက်ကို အောက်ပါဇယား(၁)တွင် ဖော်ပြထားပါသည်။

ဇယား (၁)

၂၀၁၆ခုနှစ် ရွေးချယ်ထားသော ထွန်းသစ်စအာရှနိုင်ငံများ၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၊ အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး၊ ပြည်ပပို့ကုန်တန်ဖိုးနှင့် လူတစ်ဦးပျမ်းမျှဝင်ငွေ အခြေအနေ

| စဉ် | နိုင်ငံ | စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု Investment (ဒေါ်လာဘီလီယံ) | အသားတင်ကုန် ထုတ်လုပ်မှုတန်ဖိုး GDP (ဒေါ်လာဘီလီယံ) | ပြည်ပပို့ကုန်တန်ဖိုး Exports (ဒေါ်လာဘီလီယံ) | လူတစ်ဦး ပျမ်းမျှဝင်ငွေ Per Capita Income (ဒေါ်လာ) |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | တောင်ကိုရီးယား | ၄၁၃.၈၆ | ၁,၄၁၄.၈၀ | ၄၉၅.၄၃ | ၂၇,၆၀၈ |
| ၂ | စင်ကာပူ | ၈၃.၇၃ | ၃၀၉.၇၆ | ၃၃၈.၀၈ | ၅၅,၂၄၃ |
| ၃ | အင်ဒိုနီးရှား | ၃၁၅.၅၂ | ၉၃၂.၂၆ | ၁၄၄.၈၄ | ၃,၅၇၀ |
| ၄ | ထိုင်း | ၈၉.၅၃ | ၄၁၁.၇၆ | ၂၁၅.၄၂ | ၅,၉၇၉ |
| ၅ | မလေးရှား | ၇၆.၇၃ | ၂၉၆.၅၄ | ၁၈၉.၄၁ | ၉,၅၀၈ |
| ၆ | မြန်မာ | ၂၀.၇၉ | ၆၃.၂၃ | ၁၁.၂၄ | ၁,၁၉၆ |

ကမ္ဘာ့ဘဏ်မှထုတ်ပြန်ထားခဲ့သော ၂၀၁၆ ခုနှစ်စာရင်းဇယားများအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု (Investment)တန်ဖိုးမှာ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ဒေါ်လာ ၄၁၄ ဘီလီယံ၊ စင်ကာပူနိုင်ငံအနေဖြင့် ဒေါ်လာ ၈၄ ဘီလီယံ၊ ထိုင်းနိုင်ငံအနေဖြင့် ဒေါ်လာ ၈၉ ဘီလီယံ၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ဒေါ်လာ ၃၁၅ ဘီလီယံ၊ မလေးရှားနိုင်ငံအနေဖြင့် ဒေါ်လာ ၇၇ ဘီလီယံခန့်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် ဒေါ်လာ ၂၁ ဘီလီယံခန့်သာရှိပါသည်။ အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး(GDP)တန်ဖိုးမှာ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ဒေါ်လာ ၁၄၁၅ ဘီလီယံ၊ စင်ကာပူနိုင်ငံအနေဖြင့် ဒေါ်လာ ၃၁၀ ဘီလီယံ၊ ထိုင်းနိုင်ငံအနေဖြင့် ဒေါ်လာ ၄၁၂ ဘီလီယံ၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ဒေါ်လာ ၉၃၂ ဘီလီယံ၊ မလေးရှားနိုင်ငံအနေဖြင့် ဒေါ်လာ ၂၉၆ ဘီလီယံခန့်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် ဒေါ်လာ ၆၃ ဘီလီယံခန့်သာရှိပါသည်။ အချိန်တူကာလ လူတစ်ဦးပျမ်းမျှဝင်ငွေ (Per Capita Income) အခြေအနေကို ကြည့်မည်ဆိုပါက တောင်ကိုရီးယားနိုင်ငံ၏လူတစ်ဦးပျမ်းမျှဝင်ငွေမှာ ၂၇၆၀၈ ဒေါ်လာ ၊ စင်ကာပူနိုင်ငံအနေဖြင့် ၅၅၂၄၃ ဒေါ်လာ၊ ထိုင်းနိုင်ငံအနေဖြင့် ၅၉၇၉ ဒေါ်လာ၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ဒေါ်လာ ၃၅၇၀၊ မလေးရှားနိုင်ငံအနေဖြင့် ၉၅၀၈ ဒေါ်လာ ခန့်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် ၁၁၉၆ ဒေါ်လာ ခန့်သာရှိကြောင်း တွေ့ရှိရပါသည်။

အထက်ပါကိန်းဂဏန်းက ညွှန်ပြသည်မှာ မြန်မာနိုင်ငံ၏လက်ရှိအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုးနှင့် လူတစ်ဦးပျမ်းမျှဝင်ငွေအခြေအနေများမှာ အာရှမိတ်ဖက်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက အလွန်အမင်းနိမ့်ကျလျက်ရှိသည်ကို တွေ့ရှိနိုင်မည်ဖြစ်ပါသည်။ အလားတူပင် ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံ၏ပြည်ပပို့ကုန်ကို အာရှမိတ်ဖက်နိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ရှုမည်ဆိုပါက တောင်ကိုရီးယားနိုင်ငံ၏ စုစုပေါင်းပြည်ပပို့ကုန်မှ ရရှိသည့်ဝင်ငွေမှာ ဒေါ်လာ ၄၉၅ ဘီလီယံ၊ စင်ကာပူနိုင်ငံအနေဖြင့် ဒေါ်လာ ၃၃၈ ဘီလီယံ၊ ထိုင်းနိုင်ငံအနေဖြင့် ဒေါ်လာ ၂၁၅ ဘီလီယံ၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ဒေါ်လာ ၁၄၅ ဘီလီယံ၊ မလေးရှားနိုင်ငံအနေဖြင့် ဒေါ်လာ ၁၈၉ ဘီလီယံခန့်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် ဒေါ်လာ ၁၁ ဘီလီယံခန့်သာရှိကြောင်း တွေ့ရှိရပါသည်။ အထက်ဖော်ပြပါ ပြည်ပပို့ကုန်ကိန်းဂဏန်းများက ညွှန်ပြချက်အရ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်အခြေအနေမှာ အာရှမိတ်ဖက်နိုင်ငံများနှင့် နှိုင်းယှဉ်မည်ဆိုပါက အလွန်အမင်းနိမ့်ကျလျက်ရှိနေသည်ကို တွေ့ရှိနိုင်မည်ဖြစ်ပါသည်။

### ပညာရေးနှင့်ကျန်းမာရေးအခြေအနေ

မိမိတို့၏ အာရှမိတ်ဖက်နိုင်ငံများ၏ လက်ရှိတိုးတက်ဖြစ်ပေါ်လျက်ရှိနေသည့် ပညာရေး၊ ကျန်းမာရေး အခြေအနေများနှိုင်းယှဉ်ချက်ကို ဇယား (၂)နှင့်(၃)တွင် ဖော်ပြထားပါသည်။

### ပညာရေးအခြေအနေ

မြန်မာနိုင်ငံနှင့် အာရှမိတ်ဖက်နိုင်ငံများ၏ အသက်အပိုင်းအခြားအလိုက် ကျောင်းအပ်နှံမှုနှုန်းထားများကိုကြည့်မည်ဆိုပါက ၂၀၁၅ ခုနှစ်စာရင်းဇယားအရ အထက်တန်းပညာ (Secondary) သင်ယူနိုင်သည့် နှုန်းထားများမှာ စင်ကာပူနိုင်ငံအနေဖြင့် ၉၉ ဒသမ ၅ ရာခိုင်နှုန်း၊ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ၉၇ ဒသမ ၉ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံအနေဖြင့် ၈၂ ဒသမ ၆ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံအနေဖြင့် ၆၈ ဒသမ ၅ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ၇၅ ဒသမ ၅ ရာခိုင်နှုန်းခန့်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် (၅၆ ဒသမ ၅ ရာခိုင်နှုန်း)* ခန့်သာရှိကြောင်း တွေ့ရှိရပါသည်။ အလားတူပင် တက္ကသိုလ်ပညာ (Tertiary) သင်ယူနိုင်သည့် နှုန်းထားမှာ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ၉၃ ဒသမ ၃ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံအနေဖြင့် ၄၈ ဒသမ ၉ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံအနေဖြင့် ၂၆ ဒသမ ၁ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ၂၄ ဒသမ ၃ ရာခိုင်နှုန်းခန့်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် (၁၅ ဒသမ ၉ ရာခိုင်နှုန်း)* ခန့်သာရှိကြောင်း တွေ့ရှိရပါသည်။ နိုင်ငံတော်အစိုးရများအနေဖြင့် ပျမ်းမျှလူတစ်ဦးပညာရေးကဏ္ဍအတွက် အသုံးစရိတ်မှာ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ၁၃၈၂ ဒေါ်လာ၊ စင်ကာပူနိုင်ငံအနေဖြင့် ၁၅၆၄ ဒေါ်လာ၊ ထိုင်းနိုင်ငံအနေဖြင့် ဒေါ်လာ ၂၄၀၊ မလေးရှားနိုင်ငံအနေဖြင့် ၄၇၉ ဒေါ်လာ၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ဒေါ်လာ ၁၂၀ ခန့်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် ၂၂ ဒေါ်လာ ခန့်သာရှိကြောင်း တွေ့ရှိရပါသည်။ အထက်ဖော်ပြပါ မြန်မာနိုင်ငံပညာရေးကဏ္ဍကိန်းဂဏန်းများကို မိတ်ဖက်နိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ရှုမည်ဆိုပါက မြန်မာနိုင်ငံ၏ ပညာရေးအခြေအနေမှာ လွန်မင်းစွာနိမ့်ကျလျက်ရှိနေကြောင်း တွေ့ရှိရပါသည်။ (* - ၂၀၁၇ ခုနှစ်တန်ဖိုး)

ဇယား (၂)

ရွေးချယ်ထားသော ထွန်းသစ်စအာရှနိုင်ငံများ၏ ၂၀၁၅ခုနှစ် ကျောင်းဝင်ခွင့်နှုန်းများနှင့် အစိုးရ လူတစ်ဦးပညာရေးအသုံးစရိတ် အခြေအနေ

| စဉ် | နိုင်ငံ | အထက်တန်း ကျောင်းဝင်ခွင့်နှုန်း Secondary Enrollment (% net) | တက္ကသိုလ် ကျောင်းဝင်ခွင့်နှုန်း Tertiary Enrollment (% gross) | ၂၀၁၅ခုနှစ် အစိုးရ လူတစ်ဦးပညာရေး အသုံးစရိတ် Education Expenditure (US$) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၆ |
| ၁ | တောင်ကိုရီးယား | ၉၇.၉ | ၉၃.၃ | ၁,၃၈၂ |
| ၂ | စင်ကာပူ | ၉၉.၅ | n.a | ၁,၅၆၄ |
| ၃ | အင်ဒိုနီးရှား | ၇၅.၅ | ၂၄.၃ | ၁၂၀ |
| ၄ | ထိုင်း | ၈၂.၆ | ၄၈.၉ | ၂၄၀ |
| ၅ | မလေးရှား | ၆၈.၅ | ၂၆.၁ | ၄၇၉ |
| ၆ | မြန်မာ | ၅၆.၅ (၂၀၁၇) | ၁၅.၉ (၂၀၁၇) | ၂၂ |

### ကျန်းမာရေးအခြေအနေ

မြန်မာနိုင်ငံနှင့် အာရှမိတ်ဖက်နိုင်ငံများ၏ ကျန်းမာရေးအခြေအနေကို ၂၀၁၄၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အတွက် ရရှိထားသော စာရင်းဇယားများအပေါ်အခြေခံ၍ နှိုင်းယှဉ်တင်ပြသွားပါမည်။ မြန်မာနိုင်ငံ၏ လူတစ်ဦးပျမ်းမျှသက်တမ်းရှည်စွာနေထိုင်မှု (Life Expectancy)မှာ ၆၇ နှစ်ခန့်ရှိပြီး တောင်ကိုရီးယားနိုင်ငံအနေဖြင့် ၈၂ နှစ်ခန့်၊ စင်ကာပူနိုင်ငံအနေဖြင့် ၈၃ နှစ်ခန့်၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ၆၉ နှစ်ခန့်၊ မလေးရှားနိုင်ငံအနေဖြင့် ၇၅ နှစ်ခန့်ရှိပြီး ထိုင်းနိုင်ငံအနေဖြင့် ၇၅ နှစ်ခန့်ရှိကြောင်း တွေ့ရှိရပါသည်။ ကလေး ၁၀၀၀ လျှင် ငါးနှစ်အောက်ကလေးသေဆုံးနှုန်းမှာ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ၃ ဒသမ ၄ ဦး၊ စင်ကာပူနိုင်ငံအနေဖြင့် ၂ ဒသမ ၇ ဦး၊ မလေးရှားနိုင်ငံတွင် ၇ ဒသမ ၀ ဦး၊ ထိုင်းနိုင်ငံတွင် ၁၂ ဒသမ ၃ ဦး၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ၂၇ ဒသမ ၂ ဦးခန့်ရှိပြီး မြန်မာနိုင်ငံတွင် ၅၀ ဒသမ ၀ ဦးခန့်အထိရှိနေကြောင်း တွေ့ရှိရပါသည်။ သားဖွားမိခင်များ၏ ကလေးအရှင်မွေးဖွားမှုတွင် ကလေးဦးရေတစ်သိန်းလျှင် မိခင်သေဆုံးမှုနှုန်းမှာ တောင်ကိုရီးယားနိုင်ငံတွင် ၁၁ ဦးခန့်၊ စင်ကာပူနိုင်ငံတွင် ၁၀ ဦးခန့်၊ ထိုင်းနိုင်ငံတွင် ၂၀ ခန့်၊ မလေးရှားနိုင်ငံတွင် ၄၀ ခန့်၊ အင်ဒိုနီးရှားနိုင်ငံတွင် ၁၂၆ ဦးခန့်ရှိပြီး မြန်မာနိုင်ငံတွင် ၁၇၈ ဦးခန့်ထိရှိနေကြောင်းတွေ့ရှိရပါသည်။ နိုင်ငံတော်အစိုးရများ၏ ပျမ်းမျှလူတစ်ဦးကျန်းမာရေးအတွက် အသုံးစရိတ်မှာစင်ကာပူနိုင်ငံတွင် ၂၇၅၂ ဒေါ်လာခန့်၊ တောင်ကိုရီးယားနိုင်ငံတွင် ဒေါ်လာ ၂၀၆၀ ခန့်၊ မလေးရှားနိုင်ငံတွင် ၄၅၆ ဒေါ်လာခန့်၊ ထိုင်းနိုင်ငံတွင် ၂၂၈ ဒေါ်လာခန့်၊ အင်ဒိုနီးရှားနိုင်ငံတွင် ၉၉ ဒေါ်လာခန့်ရှိပြီး မြန်မာနိုင်ငံတွင် ဒေါ်လာ ၂၀ ခန့်သာရှိကြောင်း တွေ့ရှိရပါသည်။ အထက်ဖော်ပြပါ မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍကိန်းဂဏန်းများကို မိတ်ဖက်နိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ရှုမည်ဆိုပါက မြန်မာနိုင်ငံ၏ ကျန်းမာရေးအခြေအနေသည် လွန်စွာနိမ့်ကျလျက်ရှိနေကြောင်း တွေ့ရှိရပါသည်။

ဇယား (၃)

ရွေးချယ်ထားသော ထွန်းသစ်စအာရှနိုင်ငံများ၏ လူတစ်ဦးပျမ်းမျှသက်တမ်း၊ (၅)နှစ်အောက်ကလေးနှင့်မွေးဖွားမိခင်အသေနှုန်း၊ အစိုးရ လူတစ်ဦးကျန်းမာရေးအသုံးစရိတ် အခြေအနေ

| စဉ် | နိုင်ငံ | ၂၀၁၆ခုနှစ် လူတစ်ဦးပျမ်းမျှ သက်တမ်း Life Expectancy at Birth (Year) | ၂၀၁၅ခုနှစ် ငါးနှစ်အောက် ကလေးအသေနှုန်း Under-Five Mortality Rate (per 1000 live births) | ၂၀၁၅ခုနှစ် မွေးဖွားမိခင် အသေနှုန်း Maternal Mortality Ratio (per 100,000 live births) | ၂၀၁၄ခုနှစ် အစိုးရ လူတစ်ဦး ကျန်းမာရေး အသုံးစရိတ် Health Expenditure per capita (US$) |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | တောင်ကိုရီးယား | ၈၂ | ၃.၄ | ၁၁ | ၂,၀၆၀ |
| ၂ | စင်ကာပူ | ၈၃ | ၂.၇ | ၁၀ | ၂,၇၅၂ |
| ၃ | အင်ဒိုနီးရှား | ၆၉ | ၂၇.၂ | ၁၂၆ | ၉၉ |
| ၄ | ထိုင်း | ၇၅ | ၁၂.၃ | ၂၀ | ၂၂၈ |
| ၅ | မလေးရှား | ၇၅ | ၇.၀ | ၄၀ | ၄၅၆ |
| ၆ | မြန်မာ | ၆၇ | ၅၀.၀ | ၁၇၈ | ၂၀ |

### လူ့စွမ်းအားအရင်းအမြစ်ညွှန်ကိန်း (Human Development Index)

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ၁၉၉၀ ပြည့်လွန်နှစ်များနောက်ပိုင်းတွင် လူ့စွမ်းအားအရင်းအမြစ်ညွှန်ကိန်းများကို နိုင်ငံအလိုက် လူမှုစီးပွားရေးအခြေအနေများ နှိုင်းယှဉ်ကြည့်ရှုနိုင်ရန်အတွက် စနစ်တကျတွက်ချက်ဖော်ပြလျက်ရှိနေပါသည်။ ညွှန်ကိန်းနံပါတ်ကြီးလျှင် လူမှုစီးပွားရေး အခြေအနေကောင်းမွန်ပြီး ညွှန်ကိန်းနံပါတ်ငယ်လျှင် လူမှုစီးပွားရေးအခြေအနေနိမ့်ကျလျက်ရှိကြောင်း ဖော်ညွှန်းပါသည်။ ၂၀၁၅ ခုနှစ် စာရင်းဇယားများအရ စင်ကာပူနိုင်ငံ၏ ညွှန်ကိန်းသည် ၀ ဒသမ ၉၂၅ ဖြင့် ကမ္ဘာ့နိုင်ငံများထဲတွင် အဆင့် (၅)၊ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ၀ ဒသမ ၉၀၁ ဖြင့် အဆင့် (၁၈)၊ မလေးရှားနိုင်ငံအနေဖြင့် ၀ ဒသမ ၇၈၉ ဖြင့် အဆင့် (၅၉)၊ ထိုင်းနိုင်ငံအနေဖြင့် ၀ ဒသမ ၇၄၀ဖြင့် အဆင့် (၈၇)၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ၀ ဒသမ ၆၈၉ ဖြင့် အဆင့် (၁၁၃) တွင်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် ၀ ဒသမ ၅၅၆ ဖြင့် အဆင့် (၁၄၅)တွင်ရှိနေပါသည်။ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများသည် မြန်မာနိုင်ငံ၏ အထက်တွင်ရှိနေပြီး မြန်မာနိုင်ငံအောက်တွင် အာဖရိကနိုင်ငံငယ်များသာရှိနေကြောင်းတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေကို ဖော်ညွှန်းပြသလျက်ရှိနေသည့် လူ့စွမ်းအားအရင်းအမြစ်ညွှန်ကိန်းသည် ကမ္ဘာ့စုစုပေါင်းနိုင်ငံ ၁၈၈ တွင် မြန်မာနိုင်ငံအနေဖြင့် အဆင့် (၁၄၅)တွင်ရောက်ရှိနေသောကြောင့် မြန်မာနိုင်ငံ၏ လက်ရှိလူမှုစီးပွားရေးအခြေအနေမှာ များစွာနိမ့်ကျလျက်ရှိနေကြောင်း ဖော်ညွှန်းလျက်ရှိနေပါသည်။

*(ဆက်လက်ဖော်ပြပါမည်။)*

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း မလေးရှားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီး H.E. Mr. Zahairi Baharim, စစ်သံမှူး Col. Abdul Razak Haron နှင့် ပထမအတွင်းဝန် Mr. Tajul Ariffin Tajuddin တို့အား ယနေ့နံနက် ၁၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ် ၆၀ ကျော်ကြာ မြန်မာ- မလေးရှား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာဆက်ဆံမှု ပိုမိုခိုင်မာအောင်ဆောင်ရွက်ရေး၊ ရန်ကုန်မြို့ဆူးလေစေတီတော်တစ်ဝိုက်တွင် ဘာသာပေါင်းစုံသဟဇာတရှိနေမှုကို နိုင်ငံတကာသို့ တင်ပြနိုင်ရန်အတွက် မှတ်တမ်းတင်ရုပ်ရှင်ရိုက်ကူးရေး စသည့်ကိစ္စရပ်များအပါအဝင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

**✱ ကျောဖုံးမှ**

ထို့နောက် ငြိမ်းချမ်းရေးကော်မရှင် အကြံပေး ဦးလှမောင်ရွှေက နိုင်ငံရေးကဏ္ဍ မူဝါဒအဆိုပြုလွှာ၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက စီးပွားရေးကဏ္ဍ မူဝါဒအဆိုပြုလွှာ၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက လူမှုရေးကဏ္ဍ မူဝါဒအဆိုပြုလွှာ၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဟန်က လုံခြုံရေးကဏ္ဍ မူဝါဒအဆိုပြုလွှာ၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ မူဝါဒအဆိုပြုလွှာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကဏ္ဍအလိုက် မူဝါဒအဆိုပြုလွှာများနှင့်စပ်လျဉ်း၍ အစုအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

လွှတ်တော်အစုအဖွဲ့အစည်းအဝေး၌ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲ ကော်မတီ (UPDJC) အဖွဲ့ဝင် ဦးခွန်မောင်သောင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ (UPDJC) အတွင်းရေးမှူး ဦးအောင်စိုးက ညီလာခံလုပ်ငန်းစဉ်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



**တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အစုအဖွဲ့အစည်းအဝေးတွင် UPDJC ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်း ဆာခေါင်း အဖွင့်အမှာစကားပြောကြားစဉ်။** သတင်းစဉ်

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို(ခ) ဦးဌေးဝင်းအောင်နှင့် နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုးတို့က နိုင်ငံရေးကဏ္ဍ မူဝါဒအဆိုပြုလွှာ၊ လွှတ်တော်ကိုယ်စားလှယ် မိကွန်ချမ်း၊ ဦးလွင်ကိုလတ်နှင့် ဦးမြင့်လွင်တို့က စီးပွားရေးကဏ္ဍ မူဝါဒအဆိုပြုလွှာ၊ လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဇင်မာအောင်၊ ဦးမင်းဦးနှင့် ဒေါ်နန်းထွေးသူတို့က လူမှုရေးကဏ္ဍ မူဝါဒအဆိုပြုလွှာ၊ လွှတ်တော်ကိုယ်စားလှယ် ဦးအင်တုန်ခါးနော်ဆမ်၊ ဒေါ်နီရွှေလျန်းနှင့် ဦးတင်သစ်(ခ) ဦးရည်မွန်တို့က လုံခြုံရေးကဏ္ဍ၊ လွှတ်တော်ကိုယ်စားလှယ်ဦးအောင်စိုး၊ ဦးဇော်မင်းလတ်နှင့် ဦးစိုးလေး (ခ) ဦးစိုးဝင်းတို့က မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ မူဝါဒအဆိုပြုလွှာတို့ကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ကဏ္ဍအလိုက် မူဝါဒအဆိုပြုလွှာများနှင့် စပ်လျဉ်း၍ အစုအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

တပ်မတော်အစုအဖွဲ့အစည်းအဝေး၌ သဘာပတိ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှုကော်မတီ၊ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးမှုကော်မတီ၊ လူမှုရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှုကော်မတီ၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးမှုကော်မတီ၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ် များ ဆွေးနွေးမှု ကော်မတီဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် မူဝါဒအဆိုပြုလွှာများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အစုအဖွဲ့အစည်းအဝေး၌ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများအတွင်း ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းတင်ပြခြင်း၊ အကျိုးဆောင်အဖွဲ့ လုပ်ငန်းလမ်းညွှန်ကို ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်၊ လုံခြုံရေးစသည့် ကဏ္ဍငါးခုနှင့်စပ်လျဉ်းသည့် မူဝါဒအဆိုပြုလွှာများကို အစုအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

နိုင်ငံရေးပါတီအစုအဖွဲ့ အစည်းအဝေး၌ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဦးသုဝေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများအတွင်း ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းတင်ပြခြင်း၊ အကျိုးဆောင်များ၏ လုပ်ငန်းလမ်းညွှန်ကို ဖတ်ကြားခြင်းနှင့် ကဏ္ဍအလိုက် ဆွေးနွေးမည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍငါးခုနှင့် စပ်လျဉ်းသည့် မူဝါဒအဆိုပြုလွှာများကို အစုအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းဈေးကွက်နှင့် အနီးစပ်ဆုံး ဈေးနှုန်းဖြစ်စေရန် ဆောင်ရွက်လျက်ရှိ

**၂၀၁၈ ခုနှစ် ဇွန်လလယ်မှစတင်၍ အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်ခဲ့ပြီး မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းခဲ့သည်။ ၂၀၁၇ ခုနှစ်ကစတင်၍ တစ်ဒေါ်လာလျှင် ကျပ် ၁၃၅၀ ဝန်းကျင်ဖြင့် တည်ငြိမ်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဇွန်လလယ်ကစတင်ပြီး ဒေါ်လာတန်ဖိုး ပို၍မြင့်တက်လာခဲ့ခြင်း ဖြစ်သည်။**

ဇွန် ၂၅ ရက်က တစ်ဒေါ်လာ ၁၃၇၀ ကျပ်ဝန်းကျင်မှ ဇွန် ၂၇ ရက်တွင် ၁၄၀၄ ကျပ်အထိ မြင့်တက်သွားသည်။ နှစ်ရက်အတွင်း တစ်ဒေါ်လာလျှင် ကျပ် ၂၀ မှ ၃၀ အထိ မြင့်တက်ခဲ့ခြင်းဖြစ်သည်။ တစ်ဖန် ဇူလိုင် ၂ ရက်တွင် တစ်ဒေါ်လာ ၁၃၈၈ ကျပ်၊ ဇူလိုင် ၁၀ ရက်တွင် တစ်ဒေါ်လာ ၁၃၉၈ ကျပ် ၊ ထိုမှ ဇူလိုင် ၁၁ ရက်တွင် တစ်ဒေါ်လာ ၁၄၀၅ ကျပ်သို့ မြင့်တက်ခဲ့ပြန်သည်။ ဆယ်ရက်အတွင်း တစ်ဒေါ်လာ ၁၇ ကျပ်ခန့် မြင့်တက်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မေတိုးဝင်းက လတ်တလောကာလတွင် မြန်မာကျပ်ငွေတန်ဖိုးကျဆင်းသကဲ့သို့ အဓိက ကုန်သွယ်ဖက်နိုင်ငံများ၏ ငွေကြေးတန်ဖိုးများမှာလည်း ကျဆင်းနေသည့်အတွက် မြန်မာနိုင်ငံ၏ စီးပွားရေးအပေါ် သက်ရောက်မှု နည်းနေသေးကြောင်း သုံးသပ်ထားသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မေတိုးဝင်းနှင့် မြန်မာ့သတင်းစဉ်တို့၏ တွေ့ဆုံမေးမြန်းမှု အပြည့်အစုံကို တင်ပြအပ်ပါသည်။

**မေး ။ မြန်မာကျပ်ငွေနဲ့ အမေရိကန်ဒေါ်လာလဲလှယ်နှုန်း မတည်ငြိမ်မှုက မြန်မာ့စီးပွားရေးအပေါ် ဘယ်လိုသက်ရောက်မှုတွေ ရှိလာနိုင်ပါသလဲ။**

ဖြေ ။ မြန်မာကျပ်ငွေနဲ့ အမေရိကန်ဒေါ်လာလဲလှယ်နှုန်း အတက်အကျဆိုတာက လဲလှယ်နှုန်းတက်ခြင်းသည် မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းခြင်းဖြစ်ပြီး လဲလှယ်နှုန်းကျခြင်းသည် မြန်မာကျပ်ငွေတန်ဖိုးတက်ခြင်းပဲ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံအနေနဲ့ အခြားနိုင်ငံများနဲ့ ကုန်သွယ်မှုပြုရာမှာ ကုန်ပစ္စည်းများ တင်သွင်းခြင်း (Import)၊ တင်ပို့ခြင်း (Export)ကို နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)နဲ့ တန်ဖိုးသတ်မှတ်ပြီး ဆောင်ရွက်ရတဲ့အတွက် ဖော်ပြပါ ငွေလဲလှယ်နှုန်းတက်ခြင်း၊ ကျခြင်းက အဆိုပါနိုင်ငံရဲ့ ပို့ကုန်၊ သွင်းကုန်အပေါ် အဓိက သက်ရောက်မှုရှိပါတယ်။ မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းခြင်းကတော့ မြန်မာနိုင်ငံရဲ့ပို့ကုန်တွေကို ဈေးချိုစေပြီး သွင်းကုန်ကို ဈေးကြီးစေပါတယ်။ ဒါ့ကြောင့် ပို့ကုန်တိုးမြှင့်တင်ပို့ခြင်းကို အားပေးပါတယ်။ ဒါပေမယ့် လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံက ပို့ကုန်ထက် သွင်းကုန်က များနေတဲ့အတွက် ဈေးကြီးသွင်းကုန်များကို ပြည်တွင်းသို့ တင်သွင်းရာ ရောက်ပြီး ပြည်တွင်းဈေးနှုန်းကို တက်စေတယ်။ ငွေကြေးဖောင်းပွမှုနှုန်းကိုလည်း တက်စေပါတယ်။



**ဒေါ်မေတိုးဝင်း (ညွှန်ကြားရေးမှူးချုပ်)**

မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းခြင်းက တိုင်းပြည်ရဲ့ စီးပွားရေးအပေါ် သက်ရောက်မှုရှိနိုင်ပေမယ့် လတ်တလောကာလမှာ မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းသလို အဓိကကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေးတန်ဖိုးတွေလည်း ကျဆင်းနေတဲ့အတွက် မြန်မာနိုင်ငံရဲ့စီးပွားရေးအပေါ် သက်ရောက်မှု နည်းနေသေးကြောင်း သုံးသပ်ရရှိပါတယ်။

မြန်မာကျပ်ငွေနဲ့ အမေရိကန်ဒေါ်လာလဲလှယ်နှုန်း တက်ခြင်း၊ ကျခြင်းက မြန်မာ့စီးပွားရေးအပေါ် အနုတ်လက္ခဏာဆောင်တဲ့ သက်ရောက်မှုသာ ရှိတာမဟုတ်ဘဲ အပေါင်းလက္ခဏာဆောင်သော သက်ရောက်မှု (ပို့ကုန်ဈေးချိုခြင်း)တွေလည်း ရှိပါတယ်။ ဒါပေမယ့် ငွေလဲလှယ်နှုန်း တည်ငြိမ်မှုမရှိပါက နိုင်ငံအတွင်းကို စီးဝင်မယ့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)ကို ဆွဲဆောင်မှုနည်းစေတဲ့အတွက် FDI ကျဆင်းနိုင်ပါတယ်။

မြန်မာကျပ်ငွေနဲ့ အမေရိကန်ဒေါ်လာလဲလှယ်နှုန်းက ကုန်သွယ်ဖက်နိုင်ငံများရဲ့ငွေလဲလှယ်နှုန်း အတက်အကျပေါ်မှာလည်း တည်မှီနေပါတယ်။ လက်ရှိအခြေအနေမှာ အမေရိကန်ဒေါ်လာတန်ဖိုး အားကောင်းနေခြင်းနဲ့အတူ အမေရိကန်နိုင်ငံရဲ့ ကုန်သွယ်ရေးမူဝါဒအပြောင်းအလဲကြောင့် အမေရိကန်နိုင်ငံရဲ့ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ ပို့ကုန်ကျဆင်းနေတဲ့အတွက် တရုတ်ယွမ်ငွေတန်ဖိုးမှာလည်း ကျဆင်းခဲ့ပါတယ်။ မြန်မာနိုင်ငံက တရုတ်နိုင်ငံနဲ့ ကုန်သွယ်မှု အများဆုံးဖြစ်တဲ့အတွက် တရုတ်ယွမ်ငွေ ကျဆင်းခြင်းက မြန်မာကျပ်ငွေတန်ဖိုးအပေါ် သက်ရောက်မှုရှိနေပါတယ်။

**မေး ။ ငွေလဲလှယ်နှုန်း တည်ငြိမ်ရေးအတွက် ဗဟိုဘဏ်အနေနဲ့ ဘယ်လိုဆောင်ရွက်နေပါသလဲ၊ ဆက်လက်ဆောင်ရွက်သွားမယ့် အစီအမံများလည်း ရှိပါသလား။**

ဖြေ ။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ နိုင်ငံခြားငွေကြေးဈေးကွက်ရဲ့ အနေအထားကို ပုံမှန်စောင့်ကြည့်စစ်ဆေးနေပြီး ဈေးကွက်အတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း မတည်မငြိမ်ဖြစ်စေမယ့် ဈေးကစားမှုများကို ကြပ်မတ်ကွပ်ကဲလျက်ရှိပါတယ်။ ၂၀၁၂ ခုနှစ် ဧပြီလမှစတင်ပြီး စီမံခန့်ခွဲမှုရှိသောနှုန်းရှင် ငွေလဲလှယ်နှုန်းစနစ် (Managed Floating Exchange Rate Regime)ကို ပြောင်းလဲကျင့်သုံးခဲ့ပြီး ဈေးကွက်ငွေလဲလှယ်နှုန်းကို အခြေခံတဲ့ ရည်ညွှန်းငွေလဲလှယ်နှုန်း သတ်မှတ်ဖို့ နိုင်ငံခြားငွေ ဈေးပြိုင်လေလံ (Auction)ကို ခေါ်ယူဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် အမှန်ဈေးကွက်အခြေခံတဲ့ ငွေလဲလှယ်နှုန်းဖြစ်ပေါ်စေဖို့ ဘဏ်အချင်းချင်းအကြား နိုင်ငံခြားငွေ အရောင်း၊ အဝယ်ပြုလုပ်တဲ့ ဈေးကွက်(Interbank Market)ကို ၂၀၁၃ ခုနှစ်မှာ စတင်ဆောင်ရွက်ခဲ့ပြီး ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုများလည်း အထိုက်အလျောက် ရရှိခဲ့ပါတယ်။

လက်ရှိမှာတော့ Auction မှာ ဘဏ်များရဲ့ပါဝင်ဆောင်ရွက်မှု နည်းပါးလာတဲ့အတွက် ၂၀၁၇ ခုနှစ် ဒုတိယနှစ်ဝက်ကစပြီး IMFရဲ့အကြံပြုချက်အရ Interbank ဈေးကွက်အပေါ် အခြေခံပြီး နေ့စဉ်ရည်ညွှန်းငွေလဲလှယ်နှုန်းကို သတ်မှတ်ပေးလျက်ရှိပါတယ်။ ဒါ့ကြောင့် ဗဟိုဘဏ်ရဲ့ရည်ညွှန်းငွေလဲလှယ်နှုန်းက ဘဏ်အချင်းချင်းအကြား အရောင်း၊ အဝယ်ဖြစ်မှုအပေါ် အဓိကမူတည်သတ်မှတ်နေခြင်းကြောင့် ဈေးကွက်နဲ့ အနီးစပ်ဆုံးဖြစ်တဲ့ ဈေးနှုန်းတစ်ရပ်ဖြစ်စေဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

Auction ကို စတင်ကျင့်သုံးစဉ်က ဈေးကစားမှုတွေကို ထိန်းသိမ်းဖို့ အနည်းဆုံးနဲ့ အများဆုံးထားရှိရမယ့် ဈေးနှုန်း (± ၀.၈% Trading Band) အတွင်း ရောင်းဝယ်ဖို့ သတ်မှတ်ခဲ့ပါတယ်။ ဒီသတ်မှတ်ချက်က ဈေးကွက်ငွေလဲလှယ်နှုန်းကို ထင်ဟပ်မှုမရှိတဲ့ အခြေအနေမျိုးနဲ့ မကြာခဏကြုံတွေ့ရပြီး တရားမဝင် နိုင်ငံခြားငွေရောင်းဝယ်မှုကို အားပေးရာရောက်တဲ့ မလိုလားအပ်သော အကျိုးသက်ရောက်မှုတွေရှိခဲ့တဲ့အတွက် အဆိုပါ Trading Band ကန့်သတ်ချက်ကို ဖြေလျှော့ပေးဖို့ စီစဉ်လျက်ရှိပါတယ်။

**တွေ့ဆုံမေးမြန်း - ခင်မောင်ထွေး**

# ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် သမိုင်းဘာသာရပ် နမူနာမေးခွန်းပုံစံ (၁)

၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့် စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ်၊ မေ ၂ ရက်မှ မေ ၁၀ ရက်အထိ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ယခုထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)

**နမူနာမေးခွန်း**
**၂၀၁၉ ခုနှစ်**
**တက္ကသိုလ်ဝင်စာမေးပွဲ**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**သမိုင်း** **ခွင့်ပြုချိန် (၃) နာရီ**

**သတိပြုရန်။ ။ အပိုင်းလေးပိုင်းလုံးကို ဖြေဆိုရမည်။**

**အပိုင်း (က)**

**၁။ (က) အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့်အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။ (၁၀ မှတ်)**

(၁) အင်္ဂလိပ်အစိုးရက မြန်မာနိုင်ငံကို အိန္ဒိယမှ ခွဲထုတ်ပြီး -------- အုပ်ချုပ်ရေးပေးသောအခါ တို့ဗမာအစည်းအရုံးက အပြင်းအထန် ကန့်ကွက်ခဲ့သည်။

(၂) ရန်ကုန်မြို့ကို သိမ်းပြီးနောက် စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ဆဲကာလ ၁၉၄၅ မေ ၁၇ တွင် အင်္ဂလိပ်အစိုးရသည် -------- ကို ထုတ်ပြန်ခဲ့သည်။

(၃) ၁၉၉၇ တွင် မြန်မာနိုင်ငံကို မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်သည့် ပြည်နယ်အဖြစ်မှ --------- အုပ်ချုပ်သည့် ပြည်နယ်အဖြစ်သို့ ပြောင်းလဲတိုးမြှင့်သည်။

(၄) ရဲဘော်ဖြူတို့က တောခိုနေသူ ကွန်မြူနစ်များကို ဖိတ်ခေါ်စေ့စပ်ရန် ပြောဆိုပြီး -------- ၏ လက်ဝဲညီညွတ်ရေးမူကို ငြင်းဆန်ကြသည်။

(၅) မြန်မာနိုင်ငံစာတတ်မြောက်ရေးဗဟိုကော်မတီက ဦးဆောင်၍ စာတတ်မြောက်ရေးလုပ်ငန်းကို -------- အသွင်ဖြင့် ဆောင်ရွက်သည်။

(၆) ပထမကမ္ဘာစစ်ကြိုကာလတွင် ပြင်သစ်၊ ရုရှားနှင့် အင်္ဂလန်နိုင်ငံတို့သည် -------- အဖွဲ့ကို ဖွဲ့စည်းကြသည်။

(၇) ၁၈၇၆ တွင် အိန္ဒိယအမျိုးသားအသင်းကို ခေတ်ပညာတတ်တစ်ဦးဖြစ်သူ -------- က ဦးဆောင်ဖွဲ့စည်းခဲ့သည်။

(၈) အီတလီ၊ ဂျာမနီနှင့် ဂျပန်တို့တွင် ဖက်ဆစ်အာဏာရှင်စနစ်များ ထွန်းကားလာ၍ ရုရှားနိုင်ငံ၌--------စနစ်ထွန်းကားလာခဲ့သည်။

(၉) ကုလသမဂ္ဂတွင် ပင်မအဖွဲ့ကြီး ခြောက်ဖွဲ့ရှိရာ ငါးခုသည် --------မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင် အခြေစိုက်ထားသည်။

(၁၀)ဆိုဗီယက်အနေနှင့် -------- အဖွဲ့တွင်ပါဝင်လိုကြောင်း ၁၉၅၄ တွင် တင်ပြခဲ့သည်။

**၁။ (ခ) အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသော အဖြေ (က) (ခ) (ဂ) တို့အနက်မှ အဖြေမှန်တစ်ခုကို အဖြေစာအုပ်တွင် ရေးပါ။ (၁၀ မှတ်)**

(၁) အင်္ဂလိပ်နယ်ချဲ့ကို ဆန့်ကျင်ရာတွင် အကြီးမား အပြင်းထန်ဆုံး အရေးတော်ပုံဖြစ်သည့် ၁၃၀၀ ပြည့် အရေးတော်ပုံတွင်လည်း-------- ပါဝင်ခဲ့သည်။
(က) တို့ဗမာအစည်းအရုံး (ခ) ဝိုင်အမ်ဘီအေ
(ဂ)ဗမာ့ထွက်ရပ်ဂိုဏ်း

(၂) ဘုရင်ခံသစ်သည် ဂဠုန်ဦးစောနှင့် -------- တို့ကို အမှုဆောင်ကောင်စီတွင် ထည့်သွင်းခန့်ထားလိုက်သည်။
(က) သခင်ဗစိန် (ခ) သခင်မြ (ဂ) ဦးတင်ထွတ်

(၃) ၁၉၂၃ သို့ရောက်သောအခါ မြန်မာနိုင်ငံ၏ ထုတ်ကုန်တင်ပို့မှုတွင် -------- သည် အဓိကဖြစ်လာသည်။
(က) ဆန်စပါး (ခ) ရေနံ (ဂ) သစ်

(၄) မြန်မာအစိုးရက -------- ဇန်နဝါရီတွင် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ ကိုမင်တန် ကျူးကျော်မှုပြဿနာကို တင်ပြခဲ့သည်။
(က) ၁၉၅၂ (ခ) ၁၉၅၈ (ဂ)၁၉၆၂

(၅) ပြည်ထောင်စုအစိုးရသည် -------- အစိုးရကို နမူနာယူ၍ ဝန်ကြီးတစ်ဦးက ဝန်ကြီးဌာနတစ်ခုထက်ပို၍ တာဝန်ယူစေသဖြင့် ဝန်ကြီး ၁၃ ဦးသာ ရှိသည်။
(က) အိမ်စောင့် (ခ) တော်လှန်ရေးကောင်စီ (ဂ) ဖဆပလ

(၆) ၁၉၁၇ ဇူလိုင်တွင် -------- သည် ဂျာမနီနှင့် ဩစတြီးယားတပ်တို့ကို ထိုးစစ်သစ်တစ်ရပ်ဆင်နွှဲခဲ့ရာ ပွဲဦးထွက် အောင်ပွဲရသော်လည်း နောက်ပိုင်း၌ ရှုံးနိမ့်သည်။
(က) စတာလင် (ခ) ကရင်စကီ (ဂ)လီနင်

(၇) ဖက်ဆစ်အင်အားစု၏ခေါင်းဆောင် -------- ကို ၁၈၈၃ တွင် ဆဒိုဗ၌ မွေးဖွားခဲ့သည်။
(က) ခိတအစ်ကို (ခ) မူဆိုလီနီ (ဂ) ဟစ်တလာ

(၈) မြူးနစ်စာချုပ်ဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်ခဲ့သည်ဟု --------ဝန်ကြီးချုပ် ချိန်ဘာလိန်က ကြေညာခဲ့သည်။
(က) အင်္ဂလိပ် (ခ) ပြင်သစ် (ဂ) ဂျာမနီ

(၉) ၁၉၄၄ တွင် ဆိုဗီယက်တပ်နီသည် -------- ကို ဝင်ရောက်သိမ်းပိုက်နိုင်ခဲ့သည်။
(က) ဩစတြီးယား (ခ) ချက်ကိုစလိုဗားကီးယား
(ဂ) ဘူလ်ဂေးရီးယား

(၁၀) ဖိလစ်ပိုင်နိုင်ငံတွင် ၁၉၈၆ ၌ -------- သည် သမ္မတရာထူးရရှိခြင်းအားဖြင့် ပြည်သူ့အာဏာ အောင်ပွဲခံနိုင်ခဲ့သည်။
(က) မက်ဆေးဆေး (ခ) ဖာဒီနန်မားကို့စ် (ဂ) ကိုရာဇွန်အာကီနို

**အပိုင်း (ခ)**

**၂။ အောက်ပါတို့အနက်မှ လေးပုဒ် ကိုမှတ်စုတိုရေးပါ။ ( ၂၀ မှတ် )**

(က) မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် နအက်တလီစာချုပ်၏အရေးပါပုံ (၅) မှတ်

(ခ) ဂျပန်ခေတ်ရေနံနှင့် သတ္တုတူးဖော်ရေးလုပ်ငန်း (၅) မှတ်

(ဂ) ဖဆပလခေတ် ဘဝသစ်ဖန်တီးမှုပညာရေးစီမံကိန်း (၅) မှတ်

(ဃ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက် စျေးကွက်စီးပွားရေးစနစ် (၅) မှတ်

(င) နိုင်ငံပေါင်းချုပ်အသင်းကြီးပေါ်ပေါက်လာပုံ (၅) မှတ်

(စ) အမေရိကန်ပြည်ထောင်စု ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာစေသော အခြေခံအကြောင်းရင်းများ (၅) မှတ်

(ဆ) မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (၅) မှတ်

(ဇ) အာဆီယံအဖွဲ့၏ရည်ရွယ်ချက်များ (၅) မှတ်

**အပိုင်း (ဂ)**

**၃။ အောက်ပါတို့အနက်မှ နှစ်ပုဒ် ကို ဖြေဆိုပါ။ (၃၀ မှတ်)**

(၁) ဝိုင်အမ်ဘီအေခေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ လူမှုစီးပွားရေးဆောင်ရွက်ချက်များကို ရေးသားပါ။ (၁၅) မှတ်

(၂) မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)၏ အခန်းကဏ္ဍကို ဖြေဆိုပါ။ (၁၅) မှတ်

(၃) စစ်ပြီးခေတ်မြန်မာနိုင်ငံတွင်စက္ကူဖြူစာတမ်းအရ ပေါ်ပေါက်လာသော မြို့ပြအုပ်ချုပ်ရေးစနစ်ကို ဖော်ပြပါ။ (၁၅) မှတ်

(၄) ဖဆပလခေတ် နိုင်ငံခြားဆက်ဆံရေးတွင် အစိုးရသည် ကြားနေရေးဝါဒကို လက်ကိုင်ထားသည်ဆိုသည့် အဆိုကို ဆွေးနွေးပါ။ (၁၅) မှတ်

**အပိုင်း (ဃ)**

**၄။ အောက်ပါတို့အနက်မှ နှစ်ပုဒ် ကို ဖြေဆိုပါ။ ( ၃၀ မှတ် )**

(၁) ၂၀ ရာစုဦး ရုရှားနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးအဘက်ဘက်မှ ကျဆင်းလျက်ရှိပုံကို တင်ပြပါ။ (၁၅) မှတ်

(၂) မလေးရှားနိုင်ငံ၏ အမျိုးသားလှုပ်ရှားမှုသည် အခြားအရှေ့တောင်အာရှနိုင်ငံများ၏ လှုပ်ရှားမှုအသွင်သဏ္ဌာန်နှင့် မည်ကဲ့သို့ကွဲပြားခြားနားမှု ရှိသနည်း။ (၁၅) မှတ်

(၃) လက်နက်အပြိုင်အဆိုင်တပ်ဆင်ခြင်းသည် ဒုတိယကမ္ဘာစစ်ဖြစ်ပွားစေသော အခြေခံအကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း ဆွေးနွေးပါ။ (၁၅) မှတ်

(၄) စစ်အေးကာလ နိုင်ငံတကာအရေးအခင်းများအနက် ဂျာမန်ပြဿနာနှင့် ဘာလင်ပိတ်ဆို့မှုကို တင်ပြပါ။ (၁၅) မှတ်

---

# ရေလုပ်ငန်းခွင်အတွင်း ဖြစ်ပေါ်နေသည့်အခက်အခဲများကို ကူညီဆောင်ရွက်ပေးနေ

ဟိုင်းကြီးကျွန်း ဇူလိုင် ၁၂

**ရေလုပ်သားဦးရေများပြားခြင်းကို အခွင့်ကောင်းယူ၍ ရာဇဝတ်မှုကျူးလွန်ထားသူများ၊ ပိုင်ရှင်မဲ့သေဆုံးခြင်းများအပါအဝင် ရေလုပ်သားများ၏ အခက်အခဲများကို သက်ဆိုင်ရာမှ ကူညီဆောင်ရွက်ပေးမှုများ၊ ဖြေရှင်းပေးမှုများ၊ ပညာပေးအစီအစဉ်များ၊ ဆွေးနွေးမှုများကို စတင်နေပြီဖြစ်ကြောင်း သိရသည်။**

ဟိုင်းကြီးကျွန်းဒေသ၌ ကမ်းဝေး လုပ်ငန်းရှင် ၄၀ ကျော်ရှိပြီး ငါးဖမ်းရေယာဉ် ၈၆ စင်းရှိကာ ရေလုပ်သား ၂၀၀၀ ခန့်ရှိသည်။ လုပ်ငန်းခွင်အတွင်း ရေလုပ်သားလိုအပ်ချက် မြင့်တက်လာသည်နှင့်အမျှ လုပ်ငန်းရှင်များဘက်မှ တစ်လတစ်ခါ လစာရှင်းသည့်စနစ်အစား လစာကြိုတင်ထုတ်ပေးသည့် စနစ်သို့ ကူးပြောင်းလာခဲ့သည်မှာ များမကြာမီကာလတစ်ခုကဖြစ်သည်။

**လူပွဲစားများ ပေါ်ပေါက်လာ**

ယင်းစနစ်နှင့်အတူ ရေလုပ်သားနှင့် လုပ်ငန်းရှင်အကြား ကြိုတင်ထုတ်ပေးသည့်ငွေကိုယူ၍ လုပ်သားရှာဖွေပေးသော လူပွဲစားများ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ ၌ ဇူလိုင် ၁၀ ရက်က ရေလုပ်ငန်းခွင်အတွင်း ဖြစ်ပေါ်နေသော အခက်အခဲများကို ဒေသခံရေလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများ တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ရာ ဒေသခံရေလုပ်ငန်းရှင်များအနေဖြင့် ဌာနဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများအပေါ် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် မြို့နယ်အုပ်ချုပ်ရေးမှူးက တိုက်တွန်းပြောကြားခဲ့သည်။

**ကူညီဆောင်ရွက်ပေးရန်လို**

ကမ်းဝေးငါးဖမ်း ရေယာဉ်တစ်စင်းလျှင် အနည်းဆုံးရေလုပ်သား ၂၀ လိုက်ပါစီးနင်းလျက်ရှိရာ ငါးဖမ်းရေယာဉ်အစင်း ၁၀၀ တွင် ရေလုပ်သား အယောက် ၂၀၀၀ ခန့်ရှိမည်ဖြစ်ကြောင်း၊ ရေလုပ်သားဦးရေ များပြားခြင်းကို အခွင့်ကောင်းယူ၍ ရာဇဝတ်မှုကျူးလွန်ထားသူများ၊ လူဆိုး၊ လူမိုက်များရှိနေမည်ဖြစ်ကြောင်း၊ ပိုင်ရှင်မဲ့ လူသေအလောင်းများလည်း မကြာခဏဆိုသလို တွေ့ရှိနေရပြီး ရေယာဉ်တစ်စင်းပေါ်၌ မှုခင်းတစ်ခုဖြစ်ပေါ်လာပါက တရားခံနှင့် လူသေအလောင်းများမှာ မည်သူမည်ဝါမှန်းမသိဘဲ နောက်ကြောင်း ရာဇဝင်များ ရှာဖွေရခက်ခဲကြောင်း၊ အမှုဖွင့်အရေးယူထားသောကိစ္စများနှင့် ပတ်သက်၍ သက်သေအဖြစ်ခေါ်ယူရန် ရှိသူများမှာ ပင်လယ်ပြင်ငါးဖမ်းထွက်ခွာ နေသူများရှိနေ၍ ဒေသခံရေလုပ်ငန်းရှင်များက ကူညီ ဆောင်ရွက်ပေးစေလိုကြောင်း လုံခြုံရေးဆိုင်ရာကိစ္စများ ရဲလုပ်ငန်းဆိုင်ရာများကို ရဲအုပ်စိုးစိုးမင်းက ပြောသည်။

**တရားဝင်မှတ်ပုံတင်ထားသူ**

ရေလုပ်သားတစ်ဦး၏ နောက်ကွယ်၌ မိသားစုများရှိနေသည့်အတွက် ငါးဖမ်းခွင့် ပိတ်ထားသည့် ကာလအတွင်းပင် အတတ်နိုင်ဆုံး စောင့်ရှောက်ပေးထားကြောင်း၊ မည်သည့်ရေလုပ်သားကိုမဆို ငါးလုပ်ငန်းဦးစီးဌာန၌ တရားဝင်မှတ်ပုံတင်ထားသူမှ ငါးဖမ်းရေယာဉ်များ၌ ရေလုပ်သားအဖြစ် လုပ်ကိုင်ခွင့်ရှိကြောင်း၊ ကမ်းဝေးငါးဖမ်းထွက်မည့် ရေယာဉ်တစ်စင်းအတွက် အရေးကြီးဆုံးဖြစ်သည့် ငါးဖမ်းထွက်ခွင့်ပြုလက်မှတ်ကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ခွင့်ပြုပေးနေကြောင်း၊ စည်းပျက်ငါးဖမ်းရေယာဉ်များကို ပြစ်ဒဏ်အဖြစ် ငွေကျပ် သိန်း ၃၀ အပြင် ငါးဖမ်းခွင့်သုံးလပိတ်သိမ်းကြောင်း၊ လူပွဲစားများကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ရေလုပ်သားရှာဖွေပေးသည့် ကိုယ်စားလှယ်များအဖြစ် တရားဝင်ညွှန်ကြားချက်ထုတ်ပြန်၍ အတည်ပြုထားသူ ၁၇ ဦးရှိကြောင်း သိရသည်။

**အတည်မပြုနိုင်ခဲ့**

လက်ရှိဆွေးနွေးပွဲအတွင်း ရေလုပ်ငန်းရှင်များအကြား ပင်လယ်ပြင်သို့ ငါးဖမ်းထွက်မည့်ကာလနှင့်ပတ်သက်၍ နှစ်လထွက်မည့်သူများ သုံးလထွက်မည့်သူများဖြင့် သဘောထားကွဲလွဲလျက်ရှိကာ နှစ်လထွက်ပါက နောက်တစ်ကြိမ် ထွက်ခွာမည့် ရေယာဉ်အတွက် လုပ်သားခေါ်ယူရာတွင် အခက်အခဲများရှိကြောင်းနှင့် သုံးလထွက်ခွာပါက ပင်လယ်ပြင်၌ လုပ်သားများ၏ အချိန်ကြာမြင့်စွာနေထိုင်ရမှုကြောင့် အုပ်ချုပ်မှုကိစ္စများ မလွယ်ကူသည့်အပြင် အလုပ်လုပ်ချိန်အပြည့်အဝ မရရှိနိုင်ကြောင်း၊ ဒေသတွင်းရေလုပ်ငန်းခွင်အတွင်း ဖြစ်ပေါ်နေသော အခက်အခဲများနှင့် ပတ်သက်၍ လစာကို ကြိုတင်ပေးချေသောစနစ်ဖြင့် လုပ်သားရှာဖွေသည့် စနစ်အစား ယခင်ကကဲ့သို့ ရေလုပ်သားများ၏ လစာကို တစ်လလျှင် နှစ်ကြိမ် ပေးချေသောစနစ်သို့ ပြန်လည် ကျင့်သုံးသင့်ကြောင်း၊ ယင်းနည်းလမ်းဖြင့် လုပ်သားများ လုပ်ငန်းခွင်မှ ထွက်ပြေးခြင်းဖြင့် လုပ်ငန်းရှင်၏ ငွေကြေးဆုံးရှုံးမှုကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ လူပွဲစားများဖြင့် လစာငွေကြိုတင် ထုတ်ပေးရသော အခြေအနေများလည်း ပျောက်ဆုံးသွားမည်ဖြစ်ကြောင်း၊ ပင်လယ်ပြင် ငါးဖမ်းထွက်သည့်ကာလသတ်မှတ်ချက် လစာနှုန်းထားများကိုလုပ်ငန်းရှင် အချင်းချင်းညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း အမှတ်(၃) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းသန်းက ပြောသည်။

**လုပ်သားရှာဖွေရန်စေခိုင်းမှု**

ရေလုပ်ငန်းရှင်မှ လူပွဲစားများကို လစာငွေ ကြိုတင်ထုတ်ပေးကာ လုပ်သားရှာဖွေရန်စေခိုင်းမှု၏ နောက်ကွယ်၌ မှန်မှန်ကန်ကန် လုပ်ဆောင်ပေးနေသာ ပွဲစားများရှိသကဲ့သို့ ရေလုပ်သား၏ လုပ်ခလစာကို အပြည့်အဝ ပေးချေမှု မရှိခြင်းကြောင့် ပင်လယ်ပြင်ထွက်ခွာသွားသောရေလုပ်သားများ၏ မိသားစုများ စားဝတ်နေရေး အခက်အခဲနှင့် ကြုံတွေ့နေရသူများ ရှိနေကြောင်း၊ လူပွဲစားများက လုပ်အားခေါင်းပုံဖြတ်ခြင်းအပြင် အဓမ္မအလုပ်စေခိုင်းမှုများပင်ရှိကြောင်း ဒေသအတွင်းသတင်းများ ထွက်ပေါ်လျက်ရှိသည်။

ကမ်းနီးငါးဖမ်းလုပ်ငန်း လုပ်ကိုင်ကြသူများမှာ ကမ်းသို့ နေ့ချင်းပြန်ဝင်ကြသည့် စက်လှေများရှိသကဲ့သို့ ခြောက်ရက်ခန့်အထိ ငါးဖမ်းပြီးမှ ကမ်းသို့ပြန်ဝင်ကြသည့် စက်လှေများလည်းရှိသည်။ ကမ်းဝေးငါးဖမ်း လုပ်ကိုင်ကြသူများမှာ ပုံမှန်အားဖြင့် တစ်လကြာမြင့်ပြီး အများဆုံး ၄၅ ရက်အထိ ငါးဖမ်းပြီးမှ ကမ်းသို့ပြန်ဝင်လေ့ရှိသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# သာယာလှပသည့် ရှုခင်းများကြောင့် နိုင်ငံကြီးသားရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းအချို့ နေပြည်တော်တွင်လာရောက်ရိုက်ကူး

နေပြည်တော် ဇူလိုင် ၁၂

**ဇာတ်ညွှန်းကိုမြတ်ဆွေ ပုံဖော်ရေးသားပြီး ဒါရိုက်တာ စတီးလ် (ဒွေးမေတ္တာ) ရိုက်ကူးသည့် "နိုင်ငံကြီးသား"အမည်ရှိ ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေသပြေလမ်း၊ မိုးသောက်ပန်းလမ်းနှင့် စန္ဒာလမ်းကြားရှိ ခြံကွက်အမှတ် ၁၀၀၁၊ ၁၀၀၂၊ ၁၀၀၃ နှင့် ၁၀၀၄ ရှိနေအိမ်၌ ရိုက်ကူးလျက်ရှိသည်။**

အဆိုပါ နိုင်ငံကြီးသား အမည်ရှိ ရုပ်ရှင်ဇာတ်လမ်းတွင် ရုပ်ရှင်သရုပ်ဆောင် နေတိုး၊ ထွန်းထွန်း၊ မင်းမော်ကွန်း၊ ဇင်ဝိုင်း၊ နေထက်လင်း၊ နေမျိုးအောင်၊ မင်းသွေး၊ နေရဲ၊ မိုးယံဇွန်၊ အွန်ဆိုင်းနှင့် ရွှေသမီးတို့က ဦးဆောင်ရိုက်ကူးပြီး အခြားသရုပ်ဆောင်များစွာ ပါဝင် သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း၊ အားမာန် ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရုပ်ရှင်ရိုက်ရင်သင့်လျော်**

ဒါရိုက်တာစတီးလ်(ဒွေးမေတ္တာ) က "နေပြည်တော်ရဲ့ လမ်းတွေပေါ်မှာ အမှိုက်တွေ စွန့်ပစ်ထားတာ မတွေ့ရပါဘူး။ သန့်ရှင်းသာယာလှပတယ်။ ဟိုတယ်အခန်းခတွေကလည်း တခြားမြို့တွေ ထက်စာရင် သက်သာတယ်။ ရုပ်ရှင်ရိုက်ရင် အထူးသင့်လျော်တယ်လို့ ယူဆတဲ့အတွက် လာရောက်ရိုက်ကူးရခြင်းဖြစ်ပါတယ်။

"ဒီနေ့ ဒီအိမ်မှာရိုက်မယ်။ ဒါပြီးရင် နေပြည်တော်က လမ်းမကြီးတွေပေါ်မှာ ဆက်လက်ရိုက်ကူးမယ်။ ဒီဇာတ်လမ်းက ရဲအရာရှိနှစ်ဦးရဲ့ တရားဥပဒေကို လေးစားလိုက်နာခဲ့တဲ့ အကြောင်းကို ရိုက်ကူးတာဖြစ်ပါတယ်" ဟုပြောသည်။

ဒါရိုက်တာစတီးလ်က အဆိုပါ ဇာတ်ကားရိုက်ကူးရခြင်း၏ ရည်ရွယ်ချက်နှင့် ဇာတ်လမ်းဇာတ်ကွက် သဘောတရားကိုလည်း ဆက်လက်ရှင်းပြသည်။

**နေပြည်တော်ရဲ့လှပမှု**

"ဒီဇာတ်ကားရိုက်ရတဲ့ ရည်ရွယ်ချက်တွေကတော့ တိုင်းပြည်အပေါ်သစ္စာရှိစေဖို့၊ လူမျိုးမရွေး၊ အသက်ကြီးငယ်မရွေး တရားဥပဒေကို ပိုမိုလေးစားလိုက်နာစေဖို့၊ နေပြည်တော်ရဲ့သာယာလှပသလိုမျိုး အခြားမြို့တွေကိုလည်း စံနမူနာယူစေဖို့၊ နေပြည်တော်လိုမျိုး ကျန်မြို့တိုင်းသာ သာယာလှပမယ်ဆိုရင် ကျွန်တော်တို့ တိုင်းပြည်ကြီး ပိုမိုချစ်မြတ်နိုးဖို့ကောင်းတယ်ဆိုတာတွေကို စံနမူနာယူစေချင်လို့၊ နောက်ထပ်ပြောရရင် နေပြည်တော်ကို ရုပ်ရှင်မြို့တော်အဖြစ် ဖန်တီးရာမှာ ရုပ်ရှင်ရိုက်ကူးတဲ့သူတွေကို ပံ့ပိုးပေးမယ်ဆိုတဲ့ သတင်းကိုလည်း ဖြစ်အောင်ကြိုးစားကြည့်ချင်လို့ အပါအဝင် ကျွန်တော်သိတဲ့ အသိတစ်ခုကို ထပ်ဆင့်မျှဝေပေးလိုတဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။ ရာသီဥတုအခြေအနေပေါ်မူတည်ပြီး နောက်ထပ် ငါးရက်လောက်ကြာပါဦးမယ်။ နေပြည်တော်ရဲ့သာယာလှပတဲ့ နေရာတိုင်းနီးပါးမှာ ဆက်လက်ရိုက်ကူးသွားဦးမှာ ဖြစ်ပါတယ်။

"ဇာတ်လမ်းရဲ့ သဘောတရားက လုပ်ရပ်အမှားလုပ်နေသူတွေ ရပ်တန့်သွားစေဖို့၊ မှားနေတာကို မှန်ပါတယ်လို့ ထောက်ခံမယ့်အစား မှားနေတဲ့သူကို ဝိုင်းပြီးဆွဲထုတ်ပြရဲစေဖို့၊ မှားတဲ့သူကလည်း မှားပါတယ်လို့ ဝန်ခံတတ်စေဖို့ဆိုတဲ့ ရသတွေကို ပေးသွားမယ့် ဇာတ်လမ်းဇာတ်ကွက်မျိုးဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။



သရုပ်ဆောင် ဇင်ဝိုင်း



သရုပ်ဆောင် မင်းမော်ကွန်း



ဒါရိုက်တာ စတီးလ်

**ရိုက်ကွင်းအသစ်အဆန်း**

သရုပ်ဆောင်ဇင်ဝိုင်းက "နေပြည်တော်မှာ ရိုက်ကူးဖို့ ကျွန်တော်တို့က တိုက်တွန်းပါတယ်။ ဒါရိုက်တာကလည်း နေပြည်တော်မှာပဲရိုက်ချင်တယ်။ ဒါနဲ့ပဲ နေပြည်တော်မှာ ရိုက်ကူးကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့တွေကို ပြန်ကြားရေးဝန်ကြီးဌာနအပါအဝင် နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်နဲ့ ဌာနဆိုင်ရာတွေက ဝိုင်းဝန်းကူညီ ကြပါတယ်။ နေပြည်တော် ရိုက်ကွင်းတွေက ကျွန်တော်တို့ ရုပ်ရှင်လောကသားတွေအတွက်လည်း အသစ်အဆန်းဖြစ်မယ်၊ ပရိသတ်ကိုလည်း ရိုက်ကွင်းအသစ်အဆန်းတွေကို တင်ပြနိုင်မှာဖြစ်ပါတယ်။ သက်သောင့်သက်သာလည်း ရိုက်ကူးနိုင်အောင်ကြိုးပမ်းနေကြခြင်း ဖြစ်ပါတယ်။

" ရုပ်ရှင်ရိုက်ကူးဖို့ဆိုတာ၊ ရုပ်ရှင်လောကသားအများစု လာဖို့ဆိုတာ တည်းခိုနေထိုင်စရိတ်တွေ၊ စားသောက်စရိတ်တွေသက်သာဖို့လိုပါတယ်။ ရိုက်ကူးမယ့် ရိုက်ကွင်းတွေ အဆင်ပြေပြေရိုက်ကူးနိုင်ဖို့ လိုအပ်ပါတယ်" ဟုပြောကြားသည်။

**ရသအသစ်တစ်ခုပေးနိုင်မည်**

သရုပ်ဆောင် မင်းမော်ကွန်းက "ဒါရိုက်တာတွေ၊ ထုတ်လုပ်သူတွေက 'နိုင်ငံကြီးသား' ဆိုတဲ့ ဇာတ်ကားကို သရုပ်ဆောင် မင်းသားတွေအများကြီးနဲ့ ရိုက်ကူးဖို့ ရည်ရွယ်ချက်ရှိခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော့်ကို ပါဝင်စေချင်တဲ့အတွက် ကျွန်တော်ကလည်း ကျွန်တော်သရုပ်ဆောင်ရမယ့် ဇာတ်ကောင်စရိုက်ကို နှစ်သက်တယ်၊ သရုပ်ဆောင်ရမယ့် အနေအထားကလည်း အခြားဇာတ်ကားတွေနဲ့ မတူပါဘူး၊ အပြောင်းအလဲလည်း ဖြစ်တာကြောင့် ဒီဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ရခြင်း ဖြစ်ပါတယ်။ အရင်ကဆိုရင် ဒီလိုဇာတ်ကားမျိုးက ရိုက်ကူး ခွင့်မရတဲ့ ဇာတ်ကားမျိုးဖြစ်ပါတယ်။ နေပြည်တော်မှာ အိမ်ကြီးအိမ်ကောင်းတွေ ရှိတယ်။ လမ်းတွေကလည်း သန့်ရှင်းသပ်ရပ်ကျယ်ပြန့်တယ်။ ရန်ကုန်လောက်လည်း မော်တော်ယာဉ်တွေရှုပ်ထွေးခြင်း မရှိပါဘူး။ ဒီဇာတ်ကားကတော့ အခြားဇာတ်ကားတွေနဲ့မတူညီတဲ့ ရသအသစ်တစ်ခုပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောသည်။

နေပြည်တော်တွင် စူပါစတားရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ပြီး ဒါရိုက်တာ ဇမ္ဗူထွန်းသက်လွင် ရိုက်ကူးသည့် "ကြီးမြတ်သောမာတာ"ဇာတ်လမ်းတွဲကို ဇူလိုင် ၅ ရက်မှ ၈ ရက်အထိ ရိုက်ကူးခဲ့ကြောင်း၊ Aung Pyi Entertainment က ထုတ်လုပ်၍ ဇာတ်ညွှန်း ထက်မြက်နိုင်ဇင်ရေးသားပုံဖော်ပြီး ဇာတ်လမ်းနှင့် ဒါရိုက်တာ မင်းခိုက်စိုးစန်၏ Hospital Diary ဇာတ်လမ်းတွဲကိုလည်း ရိုက်ကူးသွားရန်ရှိကြောင်း သိရသည်။

ကြီးမြတ်သောမာတာ ဇာတ်လမ်းတွဲတွင် ဦးမောင်မောင်မြင့်၊ အေးချမ်းမောင်၊ မို့မို့မြင့်အောင်နှင့် နန်းရွှေရည်တို့ ပါဝင်သရုပ်ဆောင်ထားပြီးHospital Diary ဇာတ်လမ်းတွဲတွင် အောင်မြင့်မြတ်၊ စွမ်းထက်၊ မြတ်သူအောင်၊ သူရထူးနှင့် နွယ်ဒါလီထွန်းတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**ရှုခင်းကောင်း၍ရိုက်ကူး**

ပြည်ပနိုင်ငံများစွာတွင် ရုပ်ရှင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့် အတူ ယှဉ်းနိုင်ငံများ၏ အမည်ထင်ရှားကျော်ကြားသကဲ့သို့ နေပြည်တော်၌ ခေတ်မီရုပ်ရှင်စတူဒီယိုများ၊ ရုပ်ရှင်သင်တန်းကျောင်းနှင့် ရုပ်ရှင်ရုံများပါဝင်သည့် ရုပ်ရှင်နယ်မြေ (Entertainment City) ပေါ်ထွန်းလာစေရေး ရည်မှန်းချက်ထားရှိပြီး အကောင်အထည်ဖော်စီစဉ်ဆောင်ရွက်လျက်ရှိရာ ခေတ်မီရုပ်ရှင်စတူဒီယိုများ ဆောက်လုပ်နိုင်ခြင်းမရှိသေးမီ နေပြည်တော်ရှိ အချက်အချာကျသော၊ ရှုခင်းကောင်းမွန်သော၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော အားသာချက်အပေါ်အခြေခံ၍ ယခုကဲ့သို့ ဒါရိုက်တာများက ရုပ်ရှင်ဇာတ်ကားများ၊ ဇာတ်လမ်းတွဲများ လာရောက်ရိုက်ကူးနေခြင်းဖြစ်သည်။

**မင်းမင်းဇော်(သတင်းစဉ်)**



ဒါရိုက်တာစတီးလ်က ဇာတ်ဝင်ခန်းနှင့်ပတ်သက်၍ သရုပ်ဆောင် မင်းမော်ကွန်းအား ပြောပြနေစဉ်။

# အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ စတင်ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အကြိမ် (၂၀) မြောက် အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ စတင်ကျင်းပရာ မြန်မာ (က) အသင်း အနိုင်ရခဲ့သည်။

ပထမနေ့တွင် မြန်မာ (က) အသင်းက မလေးရှားအသင်းကို သုံးပွဲပြတ်၊ ထိုင်းအသင်းက မြန်မာ (ခ) အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရခဲ့သည်။မြန်မာ (က) အသင်းသည် ၂၆-၂၄ မှတ်၊ ၂၅-၁၁ မှတ်၊ ၂၅-၁၇ မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းမှာမူ မြန်မာ (ခ) အသင်းကို လက်ရည်အသာဖြင့် ကစားကာ ၂၅-၈ မှတ်၊ ၂၅- ၁၀ မှတ်၊ ၂၅-၁၈ မှတ်ဖြင့် အနိုင်ရခဲ့သည်။ ဒုတိယနေ့ကို ဇူလိုင် ၁၃ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မွန်းတည့် ၁၂ နာရီတွင် မလေးရှားအသင်းနှင့် ထိုင်းအသင်း၊ မွန်းလွဲ ၂ နာရီ တွင် မြန်မာ (က) နှင့် (ခ) အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အိမ်ရှင်မြန်မာ အသင်းက (က) နှင့် (ခ) အသင်း၊ ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပမည့်ပုံစံအရ လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပပြီး အဆင့် (၁) နှင့် (၄)၊ အဆင့် (၂) နှင့် (၃) ဆီမီးဖိုင်နယ် ပြန်လည်ကစားကာအနိုင်ရသည့် အသင်းမှာ ဗိုလ်လုပွဲကစားရမည် ဖြစ်သည်

ပြိုင်ပွဲဝင် မြန်မာလူငယ် (က) အသင်းတွင် အုပ်ချုပ်သူ-ဦးမျိုးဝဏ္ဏထွန်း၊ နည်းပြချုပ်- ဦးဝင်းထွန်းဦး၊ လက်ထောက်နည်းပြ- ဦးအောင်မြတ်ထွန်းနှင့် ဦးရန်မျိုးလှိုင်၊ ကစားသမားများအဖြစ် ရထိုက်ဝေ၊ ဇော်ထက်အောင်၊ လှိုင်ဝေကျော်၊ ထက်လင်းအောင်၊ မျိုးထက်ဦး၊ ခိုင်ထက်ထွန်း၊ ကျော်ဝင်းလှိုင်၊ သော်တာလင်း၊ စောနီရိုး၊ တင့်နိုင်ဝင်း၊ မျိုးမြင့်အောင်နှင့် ရှိုင်းလင်းအောင်တို့ ပါဝင်သည်။ မြန်မာလူငယ် (ခ) အသင်းတွင် အုပ်ချုပ်သူ-ဦးသိန်းဆွေ၊ နည်းပြချုပ်- ဦးလှမ်းမိုး၊ လက်ထောက်နည်းပြ- ဦးဝင်းမင်းထွန်း၊ ကစားသမားများအဖြစ် မင်းခန့်အောင်၊ ဇင်ထွဋ်အောင်၊ စောရိန်ဘိုး၊ စိုင်းမွန်မြတ်ထူး၊ ဇေယျာဝင်း၊အောင်ကျော်ဇော၊ အောင်ကျော်ဌေး၊ မောင်မောင်မြင့်ကြွယ်၊ ဖြိုးမင်းသာ၊ ကောင်းမြတ်သူ၊ မင်းသက်ဝေနှင့် နေထက်ကိုတို့ ပါဝင်ကြသည်။

**ရဲရင့်ရှိုင်း**

**ဓာတ်ပုံ-ဖိုးသော်ဇင်**



မြန်မာ (က)နှင့် မလေးရှားအသင်း ယှဉ်ပြိုင်စဉ်။

# ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အင်္ဂလန်တို့ ခရိုအေးရှားကိုရှုံး၍ တတိယနေရာအတွက်သာ ဘယ်လ်ဂျီယံနှင့် ယှဉ်ပြိုင်ရတော့မည်

ရုရှားနိုင်ငံတွ င် ကျင်းပနေသည့် ၂၀၁၈ကမ္ဘာ့ဖလား ပြိုင်ပွဲကြီးသည် အကြိုဗိုလ်လုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဇူလိုင် ၁၂ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ခဲ့သည့် ခရိုအေးရှားနှင့် အင်္ဂလန်ပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ခရိုအေးရှား အသင်းအနိုင်ရရှိကာ ဗိုလ်လုပွဲကြီးသို့တက်ရောက်သွားသည်။

လေးနှစ်တစ်ကြိမ် ယှဉ်ပြိုင်ခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲကြီးကို ၁၉၃၀ ပြည့်နှစ်တွင် အိမ်ရှင်အဖြစ် ဥရုဂွေးနိုင်ငံ၌ စတင်ခဲ့ပြီး နှစ်ပေါင်း ၈၈ နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ ယင်းပွဲတွင် ယှဉ်ပြိုင်ခဲ့သည့် ခရိုအေးရှားနှင့် အင်္ဂလန်ပွဲတွင် ခရိုအေးရှားသည် ၄-၂-၃-၁ ပုံစံနှင့် အင်္ဂလန်အသင်းသည် ၃-၅-၂ ပုံစံတို့ဖြင့် ပွဲထွက်လာကြသည်။ ပထမပိုင်းပွဲစပြီး ငါးမိနစ်တွင် ထရစ်ပီယာက အင်္ဂလန်အတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ဒုတိယပိုင်းပွဲချိန် ၆၈မိနစ်တွင် ခရိုအေးရှားအတွက် ချေပဂိုးကို ပါရီဆစ်က သွင်းယူခဲ့သည်။ နှစ်သင်းစလုံး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့သော်လည်း မိနစ် ၉၀ ပြည့်ချိန်ထိ အနိုင်အရှုံးမပေါ်ခဲ့၍ အချိန်ပို မိနစ်၃၀ ထပ်မံယှဉ်ပြိုင်ခဲ့ရာ ပွဲချိန် ၁၀၉ မိနစ်တွင် ပါရီဆစ်ဖန်တီးမှုမှ တစ်ဆင့် တိုက်စစ်မှူးမန်ဇူကစ်ကအနိုင်ဂိုးသွင်းယူခဲ့ပြီး ခရိုအေးရှားအသင်းကို ဗိုလ်လုပွဲသို့ခေါ်ဆောင်ခဲ့သည်။ ခရိုအေးရှားအသင်းသည် အကြိုဗိုလ်လုပွဲသို့ ဒုတိယအကြိမ်တက်ရောက်ခဲ့ခြင်းဖြစ်ပြီး ပထမအကြိမ် ၁၉၉၈ ခုနှစ်က အကြိုဗိုလ်လုပွဲတွင် ပြင်သစ်အသင်းနှင့်တွေ့ဆုံခဲ့ပြီး နှစ်ဂိုး- တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကာ တတိယနေရာဖြင့်သာကျေနပ်ခဲ့ရသည်။ ခရိုအေးရှားသည် ကမ္ဘာ့ဖလားဗိုလ်လုပွဲသို့ ပထမဦးဆုံးအကြိမ်တက်ရောက်လာခြင်းဖြစ်ပြီး ပြင်သစ်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြင်သစ်အသင်းသည် ကမ္ဘာ့ဖလားဗိုလ်လုပွဲသို့ တတိယအကြိမ်မြောက် တက်ရောက်ခဲ့ခြင်းဖြစ်ပြီး ပထမအကြိမ် ၁၉၉၈ ခုနှစ်တွင် ဗိုလ်လုပွဲ၌ ဘရာဇီးနှင့် တွေ့ဆုံခဲ့ပြီး သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဖလားဆွတ်ခူးခဲ့သည်။ ဒုတိယအကြိမ် ဗိုလ်လုပွဲသို့ ၂၀၀၆ခုနှစ်တွင် တက်ရောက်ခဲ့ရာ အီတလီနှင့် တွေ့ဆုံခဲ့ပြီး ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ကမ္ဘာ့ဖလားကို ဘရာဇီးအသင်းသည် ၁၉၅၈၊ ၁၉၆၂၊ ၁၉၇၀၊ ၁၉၉၄နှင့် ၂၀၀၂ ခုနှစ်တို့တွင် ငါးကြိမ်ရရှိထားသည့် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေပြီး ဒုတိယနေရာတွင် ဂျာမနီအသင်းသည် ၁၉၅၄၊ ၁၉၇၄၊ ၁၉၉၀ နှင့် ၂၀၁၄ ခုနှစ် တို့တွင် လေးကြိမ်ရရှိထားသည့် လက်ရှိချန်ပီယံ ဖြစ်သည်။ ဂျာမနီအသင်းနှင့် လေးကြိမ်ရရှိထားသည့် တတိယနေရာတွင်ရပ်တည်သူမှာ အီတလီဖြစ်ပြီး ၁၉၃၄၊ ၁၉၃၈၊ ၁၉၈၂နှင့် ၂၀၀၆ ခုနှစ်တွင် ရရှိထားသည်။ အာဂျင်တီးနားနှင့် ဥရုဂွေးတို့မှာ နှစ်ကြိမ်စီရရှိထားပြီး ပြင်သစ်၊ အင်္ဂလန်၊ စပိန်တို့မှာ တစ်ကြိမ်စီ ရရှိထားသည်။ ၂၀၁၈ ကမ္ဘာ့ဖလားတတိယနေရာလုပွဲကို မြန်မာစံတော်ချိန် ဇူလိုင် ၁၄ရက် ည ၈နာရီ မိနစ်၃၀တွင် စိန့်ပီတာစဘက်မြို့၌ယှဉ်ပြိုင်မည်ဖြစ်ပြီး ဗိုလ်လုပွဲကြီးကို ဇူလိုင် ၁၅ရက် တနင်္ဂနွေနေ့ ည ၉နာရီ မိနစ်၃၀တွင် မော်စကိုမြို့၌ ယှဉ်ပြိုင်မည်ဖြစ်သည်။

**သီဟ**

## မြန်မာ့ရုပ်မြင်သံကြား

၁၃ - ၇ - ၂၀၁၈ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - **ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစု ပင်လုံ တတိယအစည်းအဝေး (ဒုတိယနေ့) စကားသံများ**
- ၉း၁၅ - **1 On 1 Football skills Challenge Cup ပြိုင်ပွဲ အစီအစဉ်**
- ၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ **ဇနီးချောများကွန်ရက်** (အပိုင်း-၁၄)
- ၁၃း၁၅ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှတ်မှုအစီအစဉ် (Grand Final) (ရန်ကုန်မြို့)(တတိယပိုင်း)
- ၁၄း၃၅ - **Weekly MNL Review (Week-19)**

**ညပိုင်း**

- ၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း **အသည်းခြောက်ရောဂါ အကြောင်းသိကောင်းစရာ** (အပိုင်း-၂)
- ၁၇း၂၀ - **မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု တစ်ခန်းတစ်ကဏ္ဍ ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝတစ်စိတ်တစ်ဒေသ**
- ၁၈း၂၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် **ဘော်ဘော်ကထော်နှင့် တိမ်တိုက်တံတား**
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ **ဇနီးချောများကွန်ရက်** (အပိုင်း- ၁၅)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - **ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစု ပင်လုံ တတိယ အစည်းအဝေး (တတိယနေ့) စကားသံများ**
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်ပြုစုခြင်းအကြောင်း သိကောင်းစရာ
- **Britain's Got Talent (2)**
- ရွှေရောင်နေ့သစ်များဆီသို့

# တာချီလိတ်၌ တရားမဝင်လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**တာချီလိတ် ဇူလိုင် ၁၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ လွယ်တော်ခမ်းအုပ်စု ဟွေ့ရဲပူးပေါင်း စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်ဖြင့် တရားမဝင် လက်နက်ခဲယမ်းများ သယ်ဆောင်လာသူထံမှ သေနတ်နှင့် ခဲယမ်းများကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၂ ရက် နံနက် ၃ နာရီ ၁၅ မိနစ်ခန့်က တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးပေါ်ထွန်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနုတို့၏ ကြီးကြပ် ကွပ်ကဲမှုဖြင့် နယ်ထိန်းခေါင်းဆောင် ရဲအုပ်အေးလွင်နှင့် ပြည်နယ်မှုခင်းအကူ ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်မှုခင်း နှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ၊ တာချီလိတ်မြို့မရဲစခန်းမှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဟွေ့ရဲပူးပေါင်း စစ်ဆေးရေးဂိတ်တွင် ဟွေ့ရဲရွာဘက်မှ တာချီလိတ်မြို့တွင်းဘက်သို့ အိုက်မွန်း



မောင်းနှင်လာသော မစ်ဆူဘီရှီယာဉ်ကို ရပ်တန့်စစ်ဆေးရာ ကိုယ်ထည်အမှတ် M 01104 နှင့် M 10145 နံပါတ်ပါ AK-47 သေနတ်အရှည် နှစ်လက်၊ ယင်းကျည်အိမ် ၁၆ ခု၊ ယာဉ်မောင်းဘေးရှိ တူးဘောက်အတွင်းမှ ယင်းကျည် ရှစ်တောင့်ထည့်လျက် ကျည်အိမ်တစ်ခု တို့ကို ရှာဖွေတွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ လက်နက်ခဲယမ်းများနှင့် တွေ့ရှိသူ အိုက်မွန်းအား တာချီလိတ်မြို့မရဲစခန်းက အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# စဉ့်ကူးမြို့နယ်၌ ပုပ်ပွသေဆုံးနေသည့် ဧရာဝတီလင်းပိုင်တစ်ကောင် တွေ့ရှိ

**နေပြည်တော် ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ဆင်သေကျေးရွာအနီး၌ ဇူလိုင် ၁၂ ရက်က ပုပ်ပွသေဆုံးနေသည့် ဧရာဝတီလင်းပိုင်တစ်ကောင် တွေ့ရှိခဲ့ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ - မြန်မာနိုင်ငံ အစီအစဉ် (WCS)မှ သိရသည်။

လင်းပိုင်အသေတစ်ကောင် တွေ့ရှိကြောင်း ဆင်သေကျေးရွာ အုပ်ချုပ်ရေးမှူးမှတစ်ဆင့် သတင်းပေးပို့သဖြင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာ သေဆုံးနေသော လင်းပိုင်မှာ အမ



ဖြစ်ပြီး လင်းပိုင်သေတွေ့ရှိချိန်တွင် ပုပ်ပွလျက် အပေါ်အရေခွံများ မပါရှိတော့ကြောင်း သိရသည်။ ထိုသို့ ပုပ်ပွသေဆုံးနေမှုကြောင့် မည်ကဲ့သို့ သေဆုံးကြောင်း မှန်းဆရန် ခက်ခဲနေပြီး လွန်ခဲ့သော လေး၊ ငါး ရက်ခန့်ကတည်းက စဉ့်ကူးမြို့နယ်အနီး ဧရာဝတီမြစ်အတွင်း မျောပါလာသည်ဟု သိရပြီး လင်းပိုင်မှာ ပုပ်ပွနေသဖြင့် တတိယမြစ်ကျဉ်းအထက်ပိုင်းမှ သေဆုံးကာ မျောပါလာခြင်းဖြစ်နိုင်ကြောင်း WCS မှ ခန့်မှန်းထားသည်။ အဆိုပါ သေဆုံးသွားသော ဧရာဝတီလင်းပိုင်အား သားငှက်ထိန်းသိမ်းရေးအဖွဲ့ - မြန်မာနိုင်ငံ အစီအစဉ်မှ တာဝန်ရှိသူများက မြေမြှုပ်ပေးခဲ့ကြောင်း သိရသည်။

ယခုကာလများသည် မြစ်ရေတိုး၍ ချောင်းပေါက်မြောင်းပေါက်များ ပေါများပြီး လင်းပိုင်များ ချောင်းပေါက် မြောင်းပေါက်များအတွင်း ပိတ်ဆို့တန်းထားသော ငါးဖမ်းပိုက်များတွင် ငြိတွယ်သေဆုံးတတ်သော ကာလဖြစ်သည့်အပြင် ရှော့တိုက်ငါးဖမ်းဆီးမှုများကြောင့် သေဆုံးခြင်းလည်း ဖြစ်နိုင်သဖြင့် ရှော့တိုက်ငါးဖမ်းဆီးမှုများနှင့် ငါးရစ်ငါးသန်ပေါက်ပွားချိန် ငါးဖမ်းဆီးမှုများ မပြုလုပ်သင့်ကြောင်း အကြံပြုထားသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စိန်ကျွန်းကျေးရွာနှင့် ရွာသာအေးကျေးရွာ အကြားတွင် မွေးပြီးစ လင်းပိုင်သားပေါက်ငယ် တစ်ကောင်သောင်တင်နေ၍ ဒေသခံ မော်တော်သမားတစ်ဦးက တွေ့ရှိကာ ထိန်းသိမ်းစောင့်ရှောက်ထားစဉ် ဇွန် ၂၆ ရက်က သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း WCS မှ သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

# ကန့်ဘလူမြို့နယ်၌ သစ် ၁၀ တန်ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မြေမွန်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၀ ရက် နံနက် ၃ နာရီခွဲက ကန့်ဘလူမြို့နယ် မြေမွန်ကျေးရွာအနီး ဇီးကုန်း-မလယ်သွားကားလမ်းတွင် တရားမဝင် သစ် ၁၀ တန်ကျော် သယ်ဆောင်လာသူများ ဖမ်းဆီးရမိသည်။

ပူးပေါင်းအဖွဲ့များ စောင့်ဆိုင်းနေစဉ် ကနီမြို့နယ် ပျဉ်းမွန်ကျေးရွာနေ နိုင်ဝင်းထိုက်(၂၉ နှစ်)မောင်းနှင်ပြီး မင်းကင်းမြို့နယ် ယင်းမာပင်ကျေးရွာနေ ဇော်ဝင်းဘို(၂၅ နှစ်)လိုက်ပါလာသော အီဆူဇူး ၁၀ ဘီးယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်မှ တရားမဝင် တမလန်းသစ်ခေးရွေတုံး ဆိုက်စုံ ၇၃ ချောင်း(၁၀ ဒသမ ၂၁၇၀ တန်)သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မလယ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ရေပူစစ်ဆေးရေးအဖွဲ့က သစ်ခွဲသားများဖမ်းမိ

**နေပြည်တော် ဇူလိုင် ၁၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၁၁ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၁၉၇ စီး သွင်းကုန် ၉၈၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၈၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၁ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆ ဒသမ ၇၅၅ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၉၂၀ သန်းခန့် စုစုပေါင်းတားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၅၂ ဒသမ ၆၇၅ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၁၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ် တစ်စီးနှင့် ဗင်ယာဉ်တစ်စီးပေါ်တွင် ကျွန်းခွဲသားများ ၀ ဒသမ ၁၉၄၄ တန်၊ ပိတောက်ခွဲသား ၀ ဒသမ ၂၆၀၄ တန်၊ ပိတောက်ခေးရွေ ၁ ဒသမ ၇၄၂၀ တန်နှင့် အဆိုပါပစ္စည်းများ သယ်ဆောင်သည့်ယာဉ် နှစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၄၅ ဒသမ ၀၀၀ ခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသော သစ်ခွဲသားများ။

# မောင်တော၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၂**

မောင်တောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၁ ရက် ညနေပိုင်းက မောင်တောမြို့ အလယ်ကျေးရွာနေ အီစွမိုင်၏ နေအိမ်ကို ရှာဖွေရာ ၎င်း၏ တူမ မအာစ်မာအား တွေ့ရှိရပြီး အိပ်ခန်း ဗီရိုအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၄၅၆၀ ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်က မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်-တောင်ကြီးသွားကားလမ်း ဟိုတင့်ကျေးရွာအနီး၌ ဝင်းထွဋ် မောင်းနှင်ပြီး မြတ်အောင်ဇော်နှင့် မမြင့်မြင့်တို့ လိုက်ပါလာသည့် ကာဒီနာယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၀၀၀၀ နှင့် အိုက်စ် ၅ ကီလိုကိုလည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု(၂၃) တန့်ယန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းရယ်မြို့နယ် ဟိုယကျေးရွာ အထွက်တွင် အိုက်လူးမောင်းနှင်လာသည့် ပရာဒိုလင်ခရူဇာယာဉ်ကို ရှာဖွေရာ အိုက်လူး၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၆ ပြား၊ ပစ္စတိုတစ်လက်၊ ကျည်အိမ်တစ်ခုနှင့် ၎င်းကျည်နှစ်တောင့်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဗန်းမောက်၌ ကျွဲ၊ နွားမှောင်ခိုရောင်းဝယ်သူ သုံးဦး ဖမ်းမိ

**ဗန်းမောက် ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် အောင်သာကုန်းကျေးရွာအနီးမှ တရားမဝင် ကျွဲ၊ နွားမှောင်ခိုပြုလုပ်သူ သုံးဦးအား ကျွဲလေးကောင်နှင့်အတူ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၁ ရက် ညနေ ၅ နာရီခွဲက ဗန်းမောက်မြို့မရဲစခန်းမှ နယ်ထိန်း ဒုရဲအုပ်စိုးဝင်းထွန်းဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ဗန်းမောက်မြို့နယ် အောင်သာကုန်းကျေးရွာအနီး ပင်ကျော်လေတောင်ကုန်း၌ စောင့်ဆိုင်းနေစဉ် ပင်လည်ဘူးမြို့နယ်အတွင်းမှ အောင်လွင်နှင့် တူးနိုင်ဆိုသူတို့သည် ကျွဲလေးကောင်ကို မောင်းနှင်လာသည်ကို မသင်္ကာ၍ ရပ်တန့်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် မိုးကောင်းမြို့နယ် ကုန်းတန်းကြီးကျေးရွာသို့ ပို့ဆောင်ခ တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ ရရှိကြောင်းသိရပြီး ကျွဲပိုင်ရှင် ရဲမောင် ရောက်ရှိလာသဖြင့် စစ်မေးရာ ကျွဲ၊ နွားသယ်ဆောင်ခွင့်အထောက်အထားတစ်စုံတစ်ရာ မပါရှိဘဲ သယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်ကျွဲများသယ်ဆောင်လာသူ ရဲမောင် ကုန်းတန်းကြီးကျေးရွာ မိုးကောင်းမြို့နယ်နေသူနှင့် ပင်လည်ဘူးမြို့နယ် နန့်မော်ပင်ကျေးရွာနေသူများဖြစ်ကြသော အောင်လွင်၊ တူးနိုင်တို့အား ဗန်းမောက်မြို့မရဲစခန်းက အရေးယူထားကြောင်း ဒုရဲအုပ်စိုးဝင်းထွန်းထံမှ သိရသည်။

**လူအောင်(ကသာ)**

# ကျောက်ထုမြို့၌ ဝက်များသေဆုံးသဖြင့် စစ်ဆေးနေ

**ကျောက်ထု ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီး ကျောက်ထုမြို့ သားသတ်ဝက်လိုင်စင် ရရှိထားသူတစ်ဦး၏ ဝက်များ ဇူလိုင် ၈ ရက်မှ ၁၀ ရက်အထိ သေဆုံးကြောင်း ကျောက်ထုမြို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အကြောင်းကြားသဖြင့် မြို့အုပ်ချုပ်ရေးမှူး ဦးသူရိန်အောင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ကြီးကြပ်ရေးမှူး ဦးဘွေခ္ခိရှိန်းတို့ ပါဝင်သည့်အဖွဲ့သည် ဇူလိုင် ၁၀ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

သေဆုံးဝက်ကောင်များအား စစ်ဆေးရာတွင် အပြင်လက္ခဏာ မျက်မြင်အရ အဖြူရောင်ရှိ အကောင်များတွင် အညိုကွက်များ၊ အနီရောင်ရှိ အကောင်များတွင် နီရဲကွက်များပေါ်နေပြီး ဝမ်းတွင်းအဆုတ်တွင် အနာကွက်များရှိ၍ ရောင်နေခြင်း၊ အသည်းကြေမွလွယ်ခြင်း၊ အသားများနီရဲခြင်းတို့ တွေ့ရှိရပြီး သေဆုံးဝက်ကောင်ရေမှာ ၁၈ ကောင်ရှိနေပြီဖြစ်ကြောင်း သိရသည်။ တာဝန်ရှိသူများက အဆိုပါ သေဆုံးသွားသော ဝက်များအား မီးရှို့ပြီး မြေမြှုပ်ခဲ့ကြောင်းနှင့် ဝက်ခြံများတွင် ထုံးဖြူးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကြောင့် ကျောက်ထုဒေသတွင် စားသုံးရန် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာကြောင်း ထောက်ခံချက်ပါရှိမှသာ လက်ခံဝယ်ယူရန် သက်ဆိုင်ရာက အကြောင်းကြားထားကြောင်း သိရသည်။

**(၁၀၁)**

# ဖားကန့်မြို့နယ်မှ ပျောက်ဆုံးနေသည့် ကျောင်းသားခြောက်ဦး ပြန်တွေ့

**ဖားကန့် ဇူလိုင် ၁၂**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် အောင်ရာကျေးရွာ၌ ဖွင့်လှစ်ထားသည့် ကိုယ်ပိုင် အထက်တန်းကျောင်းမှ ပျောက်ဆုံးနေသည့် ကျောင်းသား ခြောက်ဦးအား ဇူလိုင် ၁၀ ရက် ည ၁၀ နာရီကျော်က ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောင်ရာကျေးရွာ၌ ဖွင့်လှစ်ထားသည့် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသားခြောက်ဦး ပျောက်ဆုံးနေခြင်းကြောင့် လုံးခင်းနယ်မြေရဲစခန်းမှ ရဲအုပ်သစ်လွင် ဦးစီး တပ်ဖွဲ့ဝင်များက ကျောင်းသားမိဘများ၊ အဆောင်တာဝန်ရှိသူများနှင့် လိုက်လံရှာဖွေရာ မလောင်ကျေးရွာအနီး လှိုဏ်အတွင်း ပုန်းအောင်းနေရာမှ နဝမတန်း ကျောင်းသား မောင်ဘောက်လာ၏ ဖခင်က သားဖြစ်သူအားခေါ်ဆောင်စဉ် ကျန်ရှိကျောင်းသားငါးဦးမှာ အနီးရှိ အာရ်စီဘုရားကျောင်းဝင်းအတွင်း ဝင်ပြေးသွားခဲ့၍ အဆောင်ပိုင်ရှင် ဒေါက်တာအောင်ဖန်းက ည ၁၀ နာရီ ၄၅ မိနစ်တွင် အဆောင်သို့ ပြန်လည်ခေါ်ဆောင်လာခဲ့သည်။ ကျောင်းသားများ၏ ပြောပြချက်အရ ထွက်ပြေးရခြင်းမှာ မည်သည့်အကြောင်းပြချက်မှမရှိဘဲ နံနက် ၂ နာရီခန့်က ခြံစည်းရိုးကျော်ကာ ထွက်ပြေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ကာကွယ်ရေးအသုံးစရိတ်ကို သတ်မှတ်နှုန်းအထိရောက်ရှိအောင်လုပ်ဆောင်ရန် နေတိုးတပ်ဖွဲ့အကြီးအကဲ တိုက်တွန်း

**ဘရပ်ဆဲလ် ဇူလိုင် ၁၂**

**နေတိုးတပ်ဖွဲ့ဝင်များအနေဖြင့် ကာကွယ်ရေးအသုံးစရိတ်ကို နိုင်ငံ့ဂျီဒီပီ၏ ၂ ရာခိုင်နှုန်း အသုံးပြုရန် သဘောတူသတ်မှတ်ခဲ့ပြီးဖြစ်ကာ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဆိုပါသတ်မှတ်ချက်သို့ ရောက်အောင် ကြိုးစားအကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း ဇူလိုင် ၁၁ ရက်က ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် နေတိုးတပ်ဖွဲ့ အတွင်းရေးမှူးချုပ် ဂျန်စတော်တန်ဘာ့ဂ်ျက ပြောခဲ့သည်။**



၂၀၁၄ ခုနှစ်တွင် နေတိုးတပ်ဖွဲ့အတွင်းရှိ အဖွဲ့ဝင်သုံးနိုင်ငံသာ ကာကွယ်ရေးအသုံးစရိတ်ကို နိုင်ငံ့ဂျီဒီပီ၏ ၂ ရာခိုင်နှုန်းအထိ ရောက်ရှိအောင် အသုံးပြုနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် အဆိုပါ သတ်မှတ်ချက်သို့ အဖွဲ့ဝင်ရှစ်နိုင်ငံအထိ ရောက်ရှိလာမည်ဖြစ်ကြောင်းနှင့် လာမည့် ၂၀၂၄ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအများစုအနေဖြင့် သတ်မှတ်ထားသည့် ၂ ရာခိုင်နှုန်းအထိရောက်ရှိအောင် ဆောင်ရွက်ရမည့် အစီအစဉ်များကို တင်ပြခဲ့ကြောင်း ဂျန်စတော်တန်ဘာ့ဂ်ျက သတင်းဌာနများ၏ မေးမြန်းမှုကို ဖြေကြားခဲ့သည်။

ထို့အပြင် စတော်တန်ဘာ့ဂ်ျက စစ်အေးကာလနောက်ပိုင်းတွင် နေတိုးတပ်ဖွဲ့ဝင်နိုင်ငံများအား ကာကွယ်ရေးအသုံးစရိတ် လျှော့ချခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် စတင်ပြောင်းလဲလာခဲ့ပြီဖြစ်ကြောင်း၊ ကာကွယ်ရေးအသုံးစရိတ်ကို နိုင်ငံ့ဂျီဒီပီ၏ ၂ ရာခိုင်နှုန်းသို့ရောက်ရှိအောင် ဆောင်ရွက်ရန်လည်း သဘောတူညီမှု ရရှိခဲ့ပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အနေဖြင့် နေတိုးထိပ်သီးအစည်းအဝေး တက်ရောက်နေစဉ်အတွင်း ၎င်း၏ လူမှုမီဒီယာတွင် နေတိုးတပ်ဖွဲ့ဝင်များအနေဖြင့် ကာကွယ်ရေးအသုံးစရိတ်ကို နိုင်ငံ့ဂျီဒီပီ၏ ၂ ရာခိုင်နှုန်းအထိရောက်ရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် လာမည့် ၂၀၂၅ ခုနှစ်ရောက်မှ ဆောင်ရွက်ရမည်မဟုတ်ဘဲ ယခုအချိန်မှစ၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် ဥရောပတိုက်အား ကာကွယ်ရန် များစွာပေးဆပ်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းနှင့် ကုန်သွယ်ရေးတွင်လည်း ဘီလီယံများစွာ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပွားခဲ့ကြောင်း ပြောခဲ့သည်။

၂၀၁၄ ခုနှစ်တွင် နေတိုးအဖွဲ့ဝင်နိုင်ငံများသည် ဝေးလ်မြို့၌ ထိပ်သီးအစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပြီး အချိန် ၁၀ နှစ်တာကာလအတွင်း ကာကွယ်ရေးအသုံးစရိတ်ကို နိုင်ငံ့ဂျီဒီပီ၏ ၂ ရာခိုင်နှုန်းရောက်ရှိသည်အထိ အသုံးပြုကြရန် သဘောတူညီခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂူအတွင်း ပိတ်မိကျောင်းသားများကို ကယ်တင်ရန် ဆောင်ရွက်ခဲ့သော လုပ်ငန်းခွင်ကို ပြတိုက်အဖြစ်ထားရှိရန် စီစဉ်

**ချင်းရိုင် ဇူလိုင် ၁၂**

ရေများဖြင့်ပြည့်နေသော လိုက်ဂူအတွင်းပိုင်းမှ ကျောင်းသားများနှင့် ၎င်းတို့၏ နည်းပြဆရာကို ခက်ခက်ခဲခဲကယ်ထုတ်ခဲ့ရာ ယခုအခါ ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ရန် ထားရှိခဲ့သော လုပ်ငန်းခွင်ကို ကြာသပတေးနေ့တွင် ဖျက်သိမ်းနေပြီဖြစ်သည်။ ခက်ခဲသည့်ကယ်ဆယ်ရေးလုပ်ငန်း လုပ်ဆောင်ခဲ့ရသည့်အတွက် ယင်းနေရာကို ပြတိုက်အဖြစ်ထားရှိရန် အစီအစဉ်ရှိကြောင်းလည်း သိရသည်။ ရဲရင့်သည့် ရေငုပ်သမားများ၊ ဆရာဝန်များ၊ တောဝက်အသင်းသားများ၊ လွတ်မြောက်ရေးအတွက် စွန့်လွှတ်အနစ်နာခံခဲ့ကြသည့် ကယ်ဆယ်ရေးသမားများအတွက် အကောင်းဆုံးမှတ်တမ်းတစ်ခုဖြစ်လာစေရေး ရုပ်ရှင်ထုတ်လုပ်ရေးတစ်ခုထက်မနည်း ကမ်းလှမ်းမှုများရှိလာကြောင်း သိရသည်။



အသက် ၁၁ နှစ်မှ ၁၆ နှစ်ကြား ကျောင်းသားများကို ကယ်ဆယ်မှုဗီဒီယိုမှတ်တမ်းကိုလည်း ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ယခုအခါ ဆေးရုံပေါ်ရှိ ခုတင်ပေါ်၌ ပျော်ရွှင်စွာထိုင်နေကြသော ကျောင်းသားများ၏ပုံရိပ်ကို တွေ့နိုင်ပြီဖြစ်သည်။ ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သော ပစ္စည်းကိရိယာများ၊ ဝတ်ဆင်ခဲ့သောအဝတ်အစားများကို ပြသထားရာ ပြတိုက်တစ်ခုအဖြစ် ပုံစံပြောင်းမည်ဟုလည်း ကယ်ဆယ်ရေးခေါင်းဆောင် Narongsak Osottankorn က သတင်းထောက်များကို ပြောသည်။ အဆိုပါနေရာသည် ထိုင်းနိုင်ငံအတွက် ထင်ရှားသည့်နေရာတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း၊ ခရီးသွားများ လာကြမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောသည်။

**အေအက်ဖ်ပီ**

# စပိန်ငါးဖမ်းလှေတစ်စင်း နစ်မြုပ်မှုဖြစ်ပွားရာ တစ်ဦးသေဆုံး

**ဗျူနိုအေးရိစ် ဇူလိုင် ၁၂**

စပိန်ငါးဖမ်းသင်္ဘောတစ်စင်း အာဂျင်တီးနားကမ်းလွန်ပင်လယ်ပြင်တစ်နေရာ၌ မကြာသေးမီက နစ်မြုပ်မှုဖြစ်ပွားခဲ့ပြီးနောက် တစ်ဦးသေဆုံးခဲ့ပြီး တစ်ဦးပျောက်ဆုံးလျက်ရှိသော်လည်း ၂၅ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း အာဂျင်တီးနားရေတပ်က ပြောခဲ့သည်။

ဒေါ်နီးရားဟု အမည်ပေးထားသော နစ်မြုပ်စပိန်ငါးဖမ်းသင်္ဘောကို ဇူလိုင် ၁၁ ရက် အရုဏ်တက်ချိန်တွင် အာဂျင်တီးနား ပါတာဂိုးနီးယားကမ်းခြေမှ ရေမိုင် ၃၀၈ မိုင်အကွာတွင် ပြန်လည်တွေ့ရှိခဲ့ကြောင်း ရေတပ်က ၎င်း၏ကြေညာချက်တွင် ပြောခဲ့သည်။

လှေပေါ်လိုက်ပါလာသူအများစုမှာ စပိန်လူမျိုးများဖြစ်သော်လည်း မော်ရိုကို၊ ပီရူးနှင့် အင်ဒိုနီးရှားနိုင်ငံသားများလည်း ပါဝင်ကြောင်း ရေတပ်ပြောရေးဆိုခွင့်ရှိသူ အန်းရစ်ဘာဘီက ပြောခဲ့သည်။

အသက်ရှင်ကျန်ရစ်သူ ၂၅ ဦးနှင့် သေဆုံးသူတစ်ဦး တင်ဆောင်လာသော အာဂျင်တီးနားငါးဖမ်းသင်္ဘောသည် ပါတာဂိုးနီးယားကမ်းခြေသို့ နောက်နှစ်ရက်အတွင်း ရောက်ရှိမည်ဟု ဘာဘီက အေအက်ဖ်ပီသို့ ပြောခဲ့သည်။

ငါးဖမ်းသင်္ဘောဖြစ်သည့် ဒေါ်နီးရားသည် ငါးဖမ်းနေစဉ် မုန်တိုင်းမိကာ နစ်မြုပ်ခြင်းဖြစ်နိုင်ကြောင်း ဘာဘီက ဆက်လက်ပြောခဲ့သည်။ ရေများ သင်္ဘောစက်ခန်းအတွင်း ဝင်ရောက်လာပြီး မီးများပြတ်တောက်သွားခဲ့ကြောင်း၊ ယင်းအခြေအနေများနှင့် ကြုံတွေ့ခဲ့ရသော ငါးဖမ်းသင်္ဘောမှာ မုန်တိုင်းထဲတွင် မည်သို့မှ ထိန်းမရတော့ဘဲ နစ်မြုပ်ခြင်းဖြစ်နိုင်ကြောင်း၊ သင်္ဘောနစ်မြုပ်သည်ဟု သိသည်နှင့်တစ်ပြိုင်နက် သင်္ဘောပေါ် လိုက်ပါလာသည့် အဖွဲ့သားများမှာ လှေကို စွန့်ခွာသွားခဲ့ကြောင်း၊ နှစ်စဉ် ယခုလိုအချိန်မျိုးတွင် လေဖိအားနည်းရပ်ဝန်းကြောင့် ပင်လယ်ပြင်တွင် လှိုင်းကြီးလေထန်ပြီး ဆိုးရွားလှသည့် အခြေအနေများကို ကြုံတွေ့ရလေ့ရှိကြောင်း ဘာဘီက ဆက်လက်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ဆီးရီးယားဒရုန်းယာဉ်တစ်စင်းကို အစ္စရေး ဒုံးခွင်းဒုံးဖြင့် ကြားဖြတ်တိုက်ခိုက်

**ဂျေရုဆလင် ဇူလိုင် ၁၂**

ကနဦးလေ့လာတွေ့ရှိမှုအရ စုံစမ်းထောက်လှမ်းမှုများတွင် အသုံးပြုနိုင်ခြေရှိသော ဆီးရီးယားဒရုန်းယာဉ်တစ်စင်းကို အစ္စရေးက ဒုံးခွင်းဒုံးဖြင့် ကြားဖြတ်တိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက ပြောခဲ့သည်။

ယင်းသည် မောင်းသူမဲ့ယာဉ် ဟုတ် မဟုတ်ကို ရှင်းရှင်းလင်းလင်း မသိရသေးကြောင်းနှင့် ယင်းသည် အစ္စရေးနှင့်ထိစပ်နေသည့် ဆီးရီးယားအပစ်ရပ်စဲရေးနယ်နိမိတ်ကို ဖြတ်ကျော်၍ မတော်တဆ လမ်းမှားရောက်ရှိလာခြင်း ဟုတ်၊ မဟုတ် ရှင်းရှင်းလင်းလင်း မသိရသေးချေ။

ဆီးရီးယားမှ ပစ်လွှတ်လိုက်သော ဒရုန်းယာဉ်ကို ဒုံးခွင်းဒုံးဖြင့် ကြားဖြတ်တိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းသည် ဂိုလန်နှင့် အီမက်ဟာယာဒန်ဒေသတွင်းကောင်းစီကို အချက်ပေးလိုက်သကဲ့သို့ ဖြစ်သွားကြောင်း စစ်ဘက်ဆိုင်ရာ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

အီမက်ဟာယာဒန်ဒေသသည် အစ္စရေးပိုင် ဂိုလန်ကုန်းမြင့်အနောက်တောင်ပိုင်း၌ တည်ရှိသည့် ဒေသတစ်ခုဖြစ်သည်။

အစ္စရေးနှင့်ထိစပ်နေသည့် ဆီးရီးယားအပစ်ရပ်စဲရေးနယ်နိမိတ်ကို ဖြတ်ကျော်၍ မတော်တဆ လမ်းမှားရောက်ရှိလာခဲ့သော ဒရုန်းယာဉ်သည် UAV ဖြစ်ကြောင်းနှင့် စုံစမ်းထောက်လှမ်းရေးကိစ္စရပ်များတွင် အသုံးပြုလေ့ရှိကြောင်း စစ်ဘက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ဂျွန်နသန်ကွန်ရီးကက်က ပြောခဲ့သည်။

အစ္စရေးတပ်ဖွဲ့က UAV ကို ခြေရာခံခဲ့ရာ ယင်းသည် ဆီးရီးယားလေပိုင်နက်သို့ ပြန်လည်ဦးတည်မသွားခင် ဂျော်ဒန်ကို ဖြတ်ကျော်လာခဲ့ခြင်းဖြစ်ကြောင်းနှင့် ဂျက်လေယာဉ်လေးစင်းနှင့် ရဟတ်ယာဉ်တစ်စင်းတို့သည် အဆိုပါ ယာဉ်နောက်သို့ ခြေရာခံခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားခဲ့သည်။

UAV ယာဉ်အနေဖြင့် အစ္စရေးလေပိုင်နက်သို့ လမ်းကြောင်းမှားဝင်ရောက်လာခြင်းလား သို့မဟုတ် တမင်ရည်ရွယ်ချက်ရှိရှိ စုံစမ်းထောက်လှမ်းမှုပြုလို၍ ဝင်ရောက်လာခြင်းလားဆိုသည်ကို ယခုအချိန်အထိ ရှင်းရှင်းလင်းလင်းမသိရသေးကြောင်း စစ်ဘက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ဂျွန်နသန်ကွန်ရီးကက်က ပြောခဲ့သည်။

**အေအက်ဖ်ပီ**



## နိုင်ငံတကာ သတင်းတိုထွာ

### တောင်ဆူဒန်၌ အရပ်သားများအပေါ် တိုက်ခိုက်မှုရှိဟု ကုလစွပ်စွဲ

**ဂျူဘား ဇူလိုင် ၁၂**

တောင်ဆူဒန်နိုင်ငံ ပြည်တွင်းစစ်ပွဲအတွင်း အစိုးရတပ်ဖွဲ့နှင့် အခြားသောတပ်ဖွဲ့ဝင်များသည် အရပ်သားများကို သတ်ဖြတ်ခြင်း၊ အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများရှိခဲ့သည်ဟု ကုလသမဂ္ဂမှ စွပ်စွဲထားသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနှင့် ဆူဒန်နိုင်ငံအတွင်းရှိ ကုလအဖွဲ့များသည် တောင်ဆူဒန်နိုင်ငံ မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သော တိုက်ပွဲများ၌ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ရာ ထုတ်ပြန်ချက်တစ်စောင်ကို အင်္ဂါနေ့က ထုတ်ပြန်ခဲ့သည်။ ယင်းအစီရင်ခံစာ၌ အစိုးရတပ်ဖွဲ့နှင့် အခြားသောမဟာမိတ်တပ်များသည် အတိုက်အခံအုပ်စုများက ထိန်းချုပ်ထားသော ကျေးရွာ ၄၀ ခန့်တွင် တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း ဖော်ပြထားသည်။

ကလေးငယ်များ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများအပါအဝင် အရပ်သား ၂၃၂ ဦးခန့် ရက်စက်စွာအသတ်ခံရကြောင်း အစီရင်ခံစာထဲတွင် ပါရှိသည်။ အစိုးရနှင့် အတိုက်အခံအုပ်စုများမှာ လွန်ခဲ့သောလမှစတင်ကာ အပစ်အခတ်ရပ်စဲရေးအတွက် စာချုပ်ချုပ်ဆိုခဲ့သော်လည်း တိုက်ပွဲများမှာ ကြိုးကြားကြိုးကြား ပေါ်လာဆဲဖြစ်သည်။ အရပ်သားများအပေါ် တိုက်ခိုက်မှုကို ရပ်နားထားရန် ကုလသမဂ္ဂက တောင်ဆူဒန်အစိုးရကို တောင်းဆိုထားသည်။ ကျူးလွန်သူများကိုလည်း ဖမ်းဆီးရန် တောင်းဆိုထားသည်။ **အင်န်အိတ်ချ်ကေ**

### အမေရိကန်တပ်ဖွဲ့မှ ဒရုန်းအချက်အလက်များ ပေါက်ကြား

**ဝါရှင်တန် ဇူလိုင် ၁၂**

အမေရိကန်တပ်ဖွဲ့၏ ထိပ်တန်းလျှို့ဝှက်ချက်ဖြစ်သော ဒရုန်းဆိုင်ရာ အချက်အလက်များ အဟတ်ခံရပြီး အွန်လိုင်းပေါ်တွင် ရောင်းချလျက်ရှိကြောင်း သိရသည်။

နီဗားဒါး လေတပ်အခြေစိုက်စခန်းတွင်သိမ်းဆည်းထားသော အချက်အလက်များ ပေါက်ကြားခဲ့ခြင်းဖြစ်ပြီး တပ်ဖွဲ့ဝင်တစ်ဦး၏ ကွန်ပျူတာမှတစ်ဆင့် ခိုးယူခံရခြင်းဖြစ်သည်။ မည်သည့်တိုင်းပြည်၏ လက်ချက်ဖြစ်သည်ဟု မသိရသော်လည်း ဟက်ကာသမားမှာ အပျော်တမ်းအဆင့်သာရှိသေးကြောင်း ဖော်ပြထားသည်။ အဘယ်ကြောင့်ဆိုသော် ပိုမိုကျွမ်းကျင်သည့် ဟက်ကာသမားများသည် ဒီထက်ပိုသည့် အသေးစိတ်အချက်အလက်များကို ခိုးယူနိုင်ကြောင်း သတိပေးထားသည်။

နီဗားဒါးလေတပ်အခြေစိုက်စခန်းမှာ ထိန်းချုပ်စက်ဖြင့် အသုံးပြုနိုင်သော ဒုံးကျည်တပ်ဆင်ထိန်းသိမ်းထားရာ နေရာလည်းဖြစ်သည်။ လွန်ခဲ့သောလကတည်းက အသံထက်မြန်သည့် ဒုံးကျည်အဆင့်မြှင့်တင်မှုဆိုင်ရာ အချက်အလက်များကို ဟက်ကာသမားများက ခိုးယူခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့၏ လုံခြုံရေးဆိုင်ရာအားနည်းချက်များကို ထောက်ပြမှုများ ရှိလာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# သဘောထားကွဲလွဲမှုတွေကြားက ဗြိတိန်ခွဲထွက်ရေးနဲ့ အစိုးရအဖွဲ့အပြောင်းအလဲများ

**တင်လင်းအောင်**



ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံအဖြစ်က ဗြိတိန်နုတ်ထွက်ရေးနဲ့ ပတ်သက်ပြီး အစိုးရအဖွဲ့အတွင်း သဘောထားကွဲလွဲမှုတွေမကြာသေးမီက ဖြစ်ခဲ့ပါတယ်။

**သဘောထားကွဲလွဲမှုတွေကြောင့် ရာထူးမှ နုတ်ထွက်**

အဲဒီလို သဘောထားကွဲလွဲမှုတွေဖြစ်ခဲ့တာကြောင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဘောရစ်ဂျွန်ဆင်ဟာ ဇူလိုင် ၉ ရက်က ရာထူးက နုတ်ထွက်သွားခဲ့တယ်လို့ ဗြိတိန်ဝန်ကြီးချုပ်ရုံးက ပြောခဲ့ပါတယ်။

ထို့အတူပဲ ဇူလိုင် ၈ ရက်ကလည်း ဗြိတိန်ခွဲထွက်ရေးဆိုင်ရာ ဝန်ကြီး ဒေးဗစ်ဒါဗီနဲ့ သူ့လက်ထောက်နှစ်ဦးလည်း အခုလို သဘောထားကွဲလွဲမှုတွေကြောင့် ရာထူးမှ နုတ်ထွက်ခဲ့ပါတယ်။

အီးယူရဲ့ သဘောတူညီမှုတွေ အတိအကျမရသေးခင်မှာ ထရီဆာမေက လိုက်လျောမှုတွေပေးလွန်းတယ်လို့ ဗြိတိန်ခွဲထွက်ရေးဆိုင်ရာဝန်ကြီး ဒေးဗစ်ဒါဗီက ဆိုပါတယ်။

ဥရောပသမဂ္ဂနဲ့ ကုန်သွယ်ရေးဆိုင်ရာတွေမှာ အနီးကပ်ပူးပေါင်းလုပ်ဆောင်သွားမယ်ဆိုတဲ့ ဝန်ကြီးချုပ်ထရီဆာမေရဲ့ အစီအစဉ်ကို သဘောမကျတဲ့အတွက် အခုလို နုတ်ထွက်ရခြင်းဖြစ်တယ်လို့ ဘောရစ်ဂျွန်ဆင်က သူ့ရဲ့ နုတ်ထွက်စာမှာ ရေးသားဖော်ပြခဲ့ပါတယ်။

ဒါ့အပြင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ်က ဗြိတိန်နုတ်ထွက်မယ့် အိပ်မက်က ကိုယ့်ကိုယ်ကိုယ် မယုံကြည်မှုတွေနဲ့ အဆုံးသတ်တော့မယ်လို့ ဘောရစ်ဂျွန်ဆင်က သူ့ရဲ့ နုတ်ထွက်စာမှာ ဆက်လက်ရေးသားဖော်ပြခဲ့ပါတယ်။

ဘောရစ်ဂျွန်ဆင်နဲ့ ဒေးဗစ်ဒါဗီတို့ဟာ ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးကိစ္စမှာ ဝန်ကြီးချုပ်ထရီဆာမေရဲ့ မဟာဗျူဟာ ပျော့ညံ့လွန်းတယ်လို့ ထင်မြင်ယူဆကာ သဘောထားကွဲလွဲခြင်းဖြစ်နိုင်ကြောင်း ထင်မြင်ချက်တွေ ပေးလျက်ရှိပါတယ်။

သို့သော်လည်း ဘောရစ်ဂျွန်ဆင် နုတ်ထွက်အပြီး ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက လွှတ်တော်မှာ ဘာပြောလဲဆိုရင် လွန်ခဲ့တဲ့ ၂၀၁၆ ဇွန်လက ကျင်းပခဲ့တဲ့ ဥရောပသမဂ္ဂကနေ ဗြိတိန်ခွဲထွက်သင့် မသင့် လူထုဆန္ဒခံယူပွဲရဲ့ရလဒ်ကို အကောင်အထည်ဖော်တဲ့နေရာမှာ နိုင်ငံခြားရေးဝန်ကြီး ဘောရစ်ဂျွန်ဆင်နဲ့ သဘောတူညီမှုမရှိဘူးလို့ ပြောခဲ့ပါတယ်။

**ဗြိတိန်ရဲ့ သီးခြားရပ်တည်မှု မရရှိနိုင်ဟု ဝေဖန်**

ပြီးတော့ သူမက ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးကိစ္စမှာ အစိုးရအဖွဲ့ဝင်များနဲ့ သဘောတူညီချက်များ ရရှိပြီဖြစ်ကြောင်း ပြောခဲ့ပါတယ်။ ဗြိတိန်အနေနဲ့ ဥရောပသမဂ္ဂမှ ခွဲထွက်ပြီးတဲ့နောက်မှာ ဗြိတိန် - အီးယူလွတ်လပ်စွာ ကုန်သွယ်ရေးဇုန် ထားရှိသွားဦးမှာဖြစ်ကြောင်းလည်း ဝန်ကြီးချုပ်ထရီဆာမေက မကြာသေးမီက ပြောခဲ့ပါတယ်။

ဗြိတိန်ကို အီးယူအကောက်ခွန်သမဂ္ဂ၊ ဥရောပတိုက် ဘုံဈေးကွက်မှ ပြတ်ပြတ်သားသား ထွက်ခွာစေချင်သူတွေက ထရီဆာမေရဲ့ အဲလိုပြောကြားခဲ့တဲ့အပေါ် ယခုကဲ့သို့ လုပ်ဆောင်ခြင်းဟာ ဗြိတိန်အနေနဲ့ အီးယူကုန်သွယ်ရေး စည်းမျဉ်းတွေရဲ့ ချုပ်နှောင်မှုကို ဆက်လက်လက်ခံရမှာ ဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

ဗြိတိန်အနေနဲ့လည်း စစ်မှန်တဲ့ သီးခြားရပ်တည်မှုကို ရရှိနိုင်မှာ မဟုတ်ဘူးလို့ ဝေဖန်ပြောကြားခဲ့ပါတယ်။

**ဗြိတိန်အစိုးရအဖွဲ့အတွင်း ညီညွတ်ရေးပြိုကွဲ**

အီးယူရဲ့သြဇာလွှမ်းမိုးမှု၊ ကုန်သွယ်ရေး၊ စီးပွားရေးနဲ့ လူဝင်မှုဆိုင်ရာ ကိစ္စရပ်တွေမှာ အီးယူရဲ့မူဝါဒပိုင်းထိန်းချုပ်မှုကနေ ဗြိတိန်လွတ်မြောက်ဖို့ နုတ်ထွက်ရေးလမ်းကို လျှောက်လှမ်းရာကနေ ထရီဆာမေရဲ့ လမ်းစဉ်ပျော့ပျောင်းတယ်၊ အီးယူလက်အောက်ကနေ မလွတ်မြောက်နိုင်ဘူးဆိုပြီး အီးယူနုတ်ထွက်ရေးဝါဒီတွေက အစိုးရအဖွဲ့ကနေ တဖြုတ်ဖြုတ်နဲ့ ထွက်ကုန်ကြတာဖြစ်ပါတယ်။

တစ်ဖက်ကလည်း ထရီဆာမေရဲ့ လမ်းစဉ်အပေါ် ရာနှုန်းပြည့်ထောက်ခံနေတဲ့ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီး မိုက်ကယ်ဂိုဗ်လို ဝန်ကြီးတွေလည်း ရှိနေပါတယ်။ ထောက်ခံသူနဲ့ မထောက်ခံသူကြား သဘောထားကွဲလွဲမှုက ဗြိတိန်အစိုးရအဖွဲ့အတွင်း ညီညွတ်ရေးပြိုကွဲမှုကို ဖြစ်စေခဲ့ပါတယ်။

**အစိုးရအဖွဲ့ကို ဦးဆောင်မှုတွေ ပြုလုပ်**

သို့သော်လည်း ဘယ်လိုပဲဖြစ်ဖြစ် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေဟာ သူ့ရဲ့ ရည်မှန်းထားတဲ့အတိုင်း အစိုးရအဖွဲ့ကို ဆက်လက်ဦးဆောင်မှုတွေ ပြုနေပြီးတော့ နုတ်ထွက်သွားတဲ့ သူတွေရဲ့ နေရာမှာ နောက်ထပ် တာဝန်ယူမယ့်သူတွေကို အစားထိုးလိုက်ပါတယ်။

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေဟာ ဇူလိုင် ၉ ရက်က ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးဆိုင်ရာ မဟာဗျူဟာ အကောင်အထည်ဖော်မှုမှာ သဘောထားကွဲလွဲမှုတွေကြောင့် ရာထူးမှ နုတ်ထွက်ခဲ့တဲ့ နိုင်ငံခြားရေးဝန်ကြီး ဘောရစ်ဂျွန်ဆင်နေရာမှာ ကျန်းမာရေးဝန်ကြီး ဂျရယ်မီဟန့်ကို အစားထိုးခန့်အပ်ဖို့ ရွေးချယ်ထားပါတယ်။

ဂျရယ်မီဟန့်ဟာ အောက်စဖို့ဒ်တက္ကသိုလ်မှာ ကျောင်းပြီးခဲ့ပြီး ဗြိတိန်ယဉ်ကျေးမှုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း သိရပါတယ်။ ထို့အတူ ယဉ်ကျေးမှုဝန်ကြီး မက်ဟန်ကော့ကို ကျန်းမာရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့ကြောင်း ထရီဆာမေက ကြေညာခဲ့ပါတယ်။

ဒါကိုလည်း ဗြိတိန်ဘုရင်မကြီးက သဘောတူခွင့်ပြုမယ်လို့ ဝန်ကြီးချုပ်ရုံးက ဆိုပါတယ်။ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေဟာ လူသစ်တွေပါဝင်လာတဲ့ အစိုးရအဖွဲ့သစ်နဲ့တွေ့ဆုံမှုတွေပြုလုပ်ခဲ့ပြီး ရှုပ်ထွေးပြင်းထန်နေတဲ့ နိုင်ငံရေးကို ထိန်းညှိဖို့ တတ်နိုင်သလောက် ကြိုးစားနေပါတယ်။

လက်ရှိ နိုင်ငံခြားရေးဝန်ကြီးဖြစ်လာတဲ့ ဂျရယ်မီဟန့်ဟာ ယခင်က အီးယူမှာ ဆက်လက်ပါဝင်ရေးဝါဒီကို ထောက်ခံခဲ့သူဖြစ်ပြီး နောက်ပိုင်းမှာမှ နုတ်ထွက်ရေးဘက်ကို ကူးပြောင်းလာခဲ့သူဖြစ်ပါတယ်။

ထို့အတူ ထရီဆာမေဟာ အီးယူညှိနှိုင်းရေးမှူးနေရာမှာ အိုးအိမ်ဝန်ကြီး ဒေါမစ်ရပ်ကို ခန့်အပ်ခဲ့ပြီး သူဟာလည်း အီးယူနုတ်ထွက်ရေးအပေါ် ယုံကြည်သူတစ်ယောက်ဖြစ်ပါတယ်။

**ညီညွတ်ကြဖို့လို**

ဝန်ကြီးချုပ် ထရီဆာမေဟာ လွန်ခဲ့တဲ့ သောကြာနေ့က ဗြိတိန်ခွဲထွက်ရေး လုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး ဘုံရပ်တည်မှု သဘောထားတစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။

အဲဒီ သဘောထားထုတ်ပြန်ချက်ဟာ ထရီဆာမေရဲ့ တောနယ်အပန်းဖြေချက်ကာစံအိမ်ကနေ ထွက်လာတဲ့အတွက် ချက်ကာသဘောတူမှုလို့လည်း ခေါ်ပါတယ်။

အီးယူမှ နုတ်ထွက်ဖို့ သိပ်မလိုတော့တဲ့အချိန်မှာ၊ အတိအကျဆိုရမယ်ဆိုရင် ကိုးလတောင် မလိုတော့တဲ့အချိန်မှာ ဗြိတိန်အစိုးရအဖွဲ့အတွင်း သဘောထားကွဲလွဲမှုတွေဖြစ်လာပြီး နိုင်ငံရေးအပေါ် ဂယက်ရိုက်မှုတွေ ဖြစ်လာစေမှာပါ။

ဝန်ကြီးချုပ် ထရီဆာမေကတော့ အခုလိုအချိန်မှာ အချင်းချင်းညီညွတ်ကြဖို့လိုကြောင်း၊ အဲလိုမှ မဟုတ်ပါက ပြိုင်ဘက် လေဘာပါတီခေါင်းဆောင် ဂျင်ရမီကိုဘင်အနေနဲ့ အာဏာရလာတဲ့အထိ ဖြစ်သွားနိုင်တယ်ဆိုပြီး သတိပေးပြောကြားခဲ့ပါတယ်။

မှန်ပါတယ်။ ဝန်ကြီးချုပ် ထရီဆာမေ ဦးဆောင်တဲ့ အာဏာရကွန်ဆာဗေးတစ်ပါတီအတွင်း ညီညွတ်ရေးမရှိဘူးဆိုရင်တော့ နွားကွဲရင်၊ ကျားဆွဲမယ်ဆိုတဲ့ စကားပုံအတိုင်း တစ်ဖက်ပါတီကလည်း အာဏာရအောင် ကြိုးစားမှာဖြစ်လေတော့ တစ်ဖက်ကလည်း အီးယူက ဗြိတိန်ခွဲထွက်ရေးကို ကြိုးစားနေရသလို တခြားတစ်ဖက်ကလည်း အာဏာလုနေမယ်ဆိုရင်တော့ နိုင်ငံရေးဟာ တည်ငြိမ်နိုင်တော့မှာမဟုတ်ဘူးဆိုတာ လယ်ပြင်မှာ ဆင်သွားသလိုပဲ ထင်ထင်ရှားရှားဖြစ်လာနိုင်ပါတယ်။

အီးယူနဲ့ ဗြိတိန်ကြားမှာ ခွဲထွက်ရေးနဲ့ပတ်သက်ပြီး ဘယ်လို သဘောတူညီမှုတွေလုပ်ရင် ကောင်းမလဲဆိုပြီး ညှိနှိုင်းနေတာဖြင့် အခုဆိုရင် တစ်နှစ်ကျော်တဲ့အချိန်ကို ဝင်ရောက်လာပြီဖြစ်ပါတယ်။

အစိုးရအဖွဲ့အတွင်း ညီညွတ်ရေးရအောင် တစ်ဖက်ကလည်း ခွဲထွက်ရေးကိစ္စ အဆင်ပြေအောင် ဘယ်လိုညှိနှိုင်းလုပ်ဆောင်သွားမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်သလို ခွဲထွက်ရေးအလွန် အနာဂတ်ဆက်ဆံရေးနဲ့ ပတ်သက်ပြီးတော့လည်း မကြာမီအချိန်ကာလ အတွင်းမှာ အဖြေတစ်ခုရတော့ ရနိုင်ကောင်းပါရဲ့။ ။ **ကိုးကား- အေအက်ဖ်ပီ၊ ဘီဘီစီ**

> " ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေဟာ ဇူလိုင် ၉ ရက်က ဥရောပသမဂ္ဂမှ ဗြိတိန် နုတ်ထွက်ရေးဆိုင်ရာ မဟာဗျူဟာ အကောင်အထည်ဖော်မှုမှာ သဘောထား ကွဲလွဲမှု တွေကြောင့် ရာထူးမှ နုတ်ထွက်ခဲ့တဲ့ နိုင်ငံခြားရေးဝန်ကြီး ဘောရစ်ဂျွန်ဆင်နေရာမှာ ကျန်းမာရေးဝန်ကြီး ဂျရယ်မီဟန့်ကို အစားထိုးခန့်အပ်ဖို့ ရွေးချယ်ထား "

# တိုင်းရင်းသားလက်နက်ကိုင် ခုနစ်ဖွဲ့အား NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပုံစံနှစ်မျိုးဖြင့် ချဉ်းကပ်တွေ့ဆုံမည်

**နေပြည်တော် ဇူလိုင် ၁၂**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယ အစည်းအဝေးနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ မြောက်ပိုင်း မဟာမိတ် ခုနစ်ဖွဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နှစ်ဖွဲ့ခွဲ၍ တွေ့ဆုံခဲ့သည့်အကြောင်းအရာများ၊ လက်မှတ်ရေးထိုးခြင်း မပြုသေးသည့် တိုင်းရင်းသားလက်နက်ကိုင်များ NCA လက်မှတ်ရေးထိုးနိုင်ရေး၊ တပ်မတော်နှင့် RCSS တို့ ဖြစ်ပွားလျက်ရှိသည့် ထိတွေ့မှုများနှင့် ပတ်သက်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ယနေ့ညနေ ၅ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ UPDJC အတွင်းရေးမှူးများက သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းသည်။ **(ယာပုံ)**



ညီလာခံ ဒုတိယနေ့တွင် အစိုးရအစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့၊ နိုင်ငံရေးပါတီအစုအဖွဲ့နှင့် လွှတ်တော်အစုအဖွဲ့တို့က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍများအတွက် သီးခြားစီဆွေးနွေးခဲ့ကြပြီး NCA စာချုပ်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌက ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ဒုတိယဥက္ကဋ္ဌ ခူဦးရယ်နှင့် အလွတ်သဘော ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ယနေ့မွန်းလွဲ ၃ နာရီခွဲနှင့် ၄ နာရီတို့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ခုနစ်ဖွဲ့တို့အား နှစ်ဖွဲ့ခွဲ၍ နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် လက်ခံတွေ့ဆုံခဲ့ကြောင်း သိရသည်။

ဦးဇော်ဌေးက "၃ နာရီခွဲမှာ UWSA ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း၊ SSPP က နာယက ဦးဆေးထင်၊ မိုင်းလားအထူး(၄) NDAA က ဒုတိယဥက္ကဋ္ဌ ဦးစံပေ့၊ KIO ဒုတိယဥက္ကဋ္ဌ (၂) အက်စ်ဂွမ်မော်တို့နဲ့ တွေ့တယ်။ လေးနာရီခွဲမှာတော့ TNLA က တာခူးလန်း၊ MNDAA က ဦးရန်ငွေကျိုးနဲ့ AA က ဦးညိုထွန်းအောင်တို့နဲ့ တွေ့ပါတယ်။ အဓိကအားဖြင့် ဆွေးနွေးတာက NCA ရေးထိုးပြီး ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစု ပင်လုံမှာ ပါဝင်လာရေးကို ဆွေးနွေးပါတယ်"ဟု ပြောသည်။

AA၊ MNDAA၊ TNLA သုံးဖွဲ့သည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(NCCT) နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ဆွေးနွေးစဉ်က မြောက်ပိုင်း လောက်ကိုင် တိုက်ပွဲများကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ကျန်ရှိနေခဲ့သူများဖြစ်သည်။

"သူတို့က NCCT နဲ့ NCA ဆွေးနွေးစဉ်က မြောက်ပိုင်း လောက်ကိုင်မှာ တိုက်ပွဲတွေ ဖြစ်လာပြီး ကျန်ခဲ့တဲ့သူတွေဖြစ်တယ်။ NLD အစိုးရတက်လာချိန်မှာ AA၊ MNDAA နဲ့ TNLA ကိုဆွေးနွေးတယ်။ အချက်နှစ်ချက်ကြောင့် ကျန်ခဲ့တယ်။ တစ် အချက်က ကြေညာချက်ထုတ်ရမယ်။ နှစ် အချက်က Under Ground ကနေ ထွက်ရမယ်ဆိုတဲ့အရာပေါ့။ အဲ့ဒါနှစ်ခုသာရရင် NCA ထိုးဖို့ ဆက်ဆွေးနွေးမယ်ဆိုပြီး ပြောခဲ့တယ်။ အခုတော့ ဒီအတိုင်းမဟုတ်တော့ဘူး။ ချဉ်းကပ်မှုအသစ်နဲ့သွားမယ်။ အခုလည်း သူတို့က NCA ထိုးချင်တယ်"ဟု ဦးဇော်ဌေးက ပြောသည်။

AA၊ MNDAA နှင့် TNLA သုံးဖွဲ့ NCA သို့ ပါဝင်လာနိုင်ရေးအတွက် ညီလာခံ တတိယ အစည်းအဝေး အပြီးတွင် ညှိနှိုင်းသွားမည်ဖြစ်သော်လည်း KIA၊ UWSA၊ NDAA ၊ SSPP တို့နှင့် တန်းတူဆွေးနွေးမည်မဟုတ်ဘဲ ပုံစံတစ်မျိုးဖြင့် ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြောက်ပိုင်း ခုနစ်ဖွဲ့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က ဇူလိုင် ၁၁ ရက်က နှစ်ဖွဲ့ခွဲ၍ တွေ့ဆုံခဲ့သည်။

"AA၊ MNDAA နှင့် TNLA သုံးဖွဲ့ကို ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တွေ့တယ်။ ဘာကြောင့်လဲဆိုတော့ အဲ့ဒီသုံးဖွဲ့က တိုက်ပွဲတွေ ဖြစ်နေလို့၊ နောက်သူတို့က နှစ်ဖက်သဘောတူစာချုပ် ချုပ်တာမျိုးရှိမထားဘူး။ KIA၊ SSPP ၊ UWSA ၊ NDAA က နှစ်ဖက်သဘောတူစာချုပ် ချုပ်တာမျိုးရှိထားတယ်။ အဲ့ဒီလို အနေအထားကွာခြားတော့ ပဋိပက္ခလျှော့ချရေး NCA ကို ဘယ်လိုသွားမလဲ ဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။ အဓိကက NCA ထိုးဖို့ပဲ ဆွေးနွေးသွားတယ်"ဟု ဦးဇော်ဌေးထံက သိရသည်။

အစိုးရအနေဖြင့် မြောက်ပိုင်း ခုနစ်ဖွဲ့အား ပုံစံနှစ်မျိုးဖြင့် ချဉ်းကပ်မည်ဖြစ်ပြီး ညီလာခံတက်ရောက်ရန် ဖိတ်ခေါ်ခြင်းသည် တပ်မတော်နှင့် တိုက်ပွဲများလျှော့ကျရေး၊ အစိုးရနှင့် NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ရည်ရွယ်ကြောင်း သိရသည်။

ဦးဇော်ဌေးက "ညီလာခံပြီးရင် တိုက်ပွဲလျှော့ကျအောင်နဲ့ နှစ်ဖက်ယုံကြည်ရအောင်။ တတိယနဲ့ စတုတ္ထညီလာခံ မတိုင်မီ ကြားထဲမှာ NCA လက်မှတ်ရေးထိုးတဲ့အဖွဲ့တွေ တိုးလာမယ်လို့ မျှော်လင့်ထားတယ်"ဟု ပြောသည်။

RCSS နှင့် တပ်မတော် ထိတွေ့မှုများ ဖြစ်ပွားနေခြင်းသည် နှစ်ဖက်သဘောတူ စာချုပ်များ ချုပ်ဆိုထားသော်လည်း နယ်မြေသတ်မှတ်မှုများ ကျော်လွန်လာ၍ ထိတွေ့မှုဖြစ်ပွားနေခြင်းဖြစ်ကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC ) ၏ အပစ်ရပ်နယ်မြေသတ်မှတ်မှုများကို တိတိကျကျ ဆောင်ရွက်ပြီးပါက ထိတွေ့မှုများ ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း အဆိုပါသတင်းစာရှင်းလင်းပွဲမှ သိရသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့၏ ၂၀၁၉ ၊ ၂၀၂၀ အချိန်သတ်မှတ်၍ ငြိမ်းချမ်းရေးရည်မှန်းချက်ထားခြင်းသည် နှစ်ရှည်လများ အချိန်မဆွဲရန်၊ အခြားအကျိုးစီးပွားအမျိုးမျိုးနှင့် ငြိမ်းချမ်းရေးအပေါ် စိတ်အားထက်သန်မှု လျော့ကျခြင်းမျိုး ဖြစ်မလာနိုင်စေရန် ရည်ရွယ်ကြောင်း သိရသည်။

"အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ၂၀၁၉ သတ်မှတ်ချက်ကို မီချင်တယ်ဆိုရင် အစိုးရတစ်ဖက်တည်းက ဆောင်ရွက်လို့မရဘူး။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဘက်က မလုပ်ချင်ဘူးဆိုရင် အကြောင်းအမျိုးမျိုးပြပြီး အဆင်မပြေတာတွေ ဖြစ်လာနိုင်တယ်။ နိုင်ငံရေးပါတီလည်း ဒါကိုမဖြစ်ချင်ရင် အကြောင်း အမျိုးမျိုးပြလို့ရတယ်။ ဒါကြောင့် ရည်မှန်းချက်တွေအပေါ် သန္နိဋ္ဌာန်နဲ့လုပ်ဖို့၊ စိုးရိမ်မှုမရှိဖို့ ပြောတာပါ"ဟု ဦးဇော်ဌေးက ဆိုသည်။

ယနေ့ပြုလုပ်သည့် ရှင်းလင်းပွဲတွင် UPDJC အတွင်းရေးမှူးများဖြစ်ကြသည့် ဦးဇော်ဌေး၊ ဦးလှမောင်ရွှေ၊ ရဲဘော်မျိုးဝင်းနှင့် စိုင်းကျော်ညွှန့်တို့က သတင်းမီဒီယာများအား တွေ့ဆုံဖြေကြားခဲ့ခြင်းဖြစ်သည်။

**သတင်း - ရဲခေါင်ညွန့်**
**ဓာတ်ပုံ - ဖိုးထောင်**

# ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုသုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ သမဝါယမတက္ကသိုလ် (စစ်ကိုင်း)၊ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုသုတေသန စာတမ်းဖတ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီတွင် သမဝါယမတက္ကသိုလ် (စစ်ကိုင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ခေတ္တ ပါမောက္ခချုပ် ဒုတိယပါမောက္ခချုပ် (စီမံ)၊ ညွှန့်ပါမောက္ခများ၊ ပါမောက္ခ (ဌာနမှူးများ)၊ တွဲဖက်ပါမောက္ခ (ဌာနမှူးများ)၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ခေတ္တ ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီက အမှာစကား ပြောကြားရာတွင် ဆရာ ဆရာမများ၏ သုတေသန အရည်အသွေးမြင့်မားစေရန်နှင့် နိုင်ငံအကျိုးပြု သုတေသနစာတမ်းများ ပေါ်ထွက်စေရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်တစ်ခု ပုံရိပ်ကောင်းစေရန် အကျိုးပြု သုတေသနစာတမ်းများ ပြုလုပ်ရန်လိုအပ်ကြောင်း၊ တက္ကသိုလ်အချင်းချင်း (ranking) သတ်မှတ်ရာတွင် သုတေသနသည်အရေးကြီးကြောင်း၊ သုတေသနပြုလုပ်ခြင်းဖြင့် စွမ်းဆောင်ရည်များ မြင့်မားလာပြီး သင်ကြားရေးတွင် ပိုမို အထောက်အကူပြုနိုင်ကြောင်း၊ နောင်တွင် ယခုထက် ပိုမိုကောင်းမွန်သည့် အကျိုးပြု သုတေသနစာတမ်းများ ပေါ်ထွက်လာနိုင်အောင် ကြိုးစားကြရန် တိုက်တွန်းခဲ့သည်။



အခမ်းအနားတွင် စာတမ်းရှင် ၁၃ ဦးက ဘာသာရပ်အကျိုးပြုစာတမ်း ကိုးစောင်၊ ဒေသအကျိုးပြု စာတမ်း သုံးစောင်နှင့် တက္ကသိုလ်အကျိုးပြု စာတမ်းတစ်စောင်တို့ကို ဖတ်ကြားခဲ့ကြပြီး ဧည့်သည်တော်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် သဘာပတိနှင့် စာတမ်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်၍ မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူးခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# စလင်းမြို့နယ် ရဒေးရွာတွင် ကလေးငယ်များ သွေးလွန်တုပ်ကွေးဖြစ်ပြီး တစ်ဦးသေဆုံး

**စလင်း ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ရဒေးကျေးရွာတွင် ကလေးငယ်များ အများအပြား နေမကောင်းဖြစ်ကြပြီး ၎င်းတို့ထဲမှ အချို့တွင် သွေးလွန်တုပ်ကွေးလက္ခဏာများ တွေ့ရှိရကြောင်းနှင့် ဇူလိုင် ၉ ရက်က ကလေးတစ်ဦးသေဆုံးခဲ့ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောဦးထံမှ သိရသည်။

အဆိုပါကျေးရွာတွင် နေထိုင်သော အသက် ၃ နှစ်မှ ၁၁ နှစ်ကြားရှိ ကလေးငယ် ၃၃ ဦး နေမကောင်းဖြစ်ကြ၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောဦးက စလင်း ခုတင် ၅၀ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ပြေထံသို့ သတင်းပို့အကူအညီတောင်းခံရာ ဆေးရုံအုပ်ကြီး၏စီစဉ်ညွှန်ကြားမှုအရ ဥသျှစ်ကုန်းကျေးလက်ကျန်းမာရေးဌာနမှ ဆရာမ ဒေါ်တင်နုနှင့် ကျန်းမာရေးဝန်ထမ်းများက ရဒေးရွာသို့ ဇူလိုင် ၆ ရက်မှ စတင်လာရောက်ပြီး ဇူလိုင် ၉ ရက်အထိ ရှေ့တန်းကျန်းမာရေးဆေးကုသမှုစခန်းဖွင့်လှစ်၍ ကုသပေးခဲ့ကြောင်း၊ ထိုသို့ ကုသပေးရာတွင် ကလေးငယ် ခြောက်ဦးမှာ သွေးလွန်တုပ်ကွေးလက္ခဏာတွေ့ရှိရ၍ သက်ဆိုင်ရာဆေးခန်းများသို့ ဆက်လက်ပြသ ကုသစေခဲ့ပြီး အဆိုပါ ဖျားနာသူကလေးများ၏နေအိမ်တွင် ခြင်ဆေးဖျန်းစက်ဖြင့် ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ၏ ပြောကြားချက်အရ သိရသည်။

သွေးလွန်တုပ်ကွေးကို ကြိုတင်ကာကွယ်သည့်အနေဖြင့် နေမကောင်းသည့်ကလေးများ၏အိမ်များသာမက အခြားသောနေအိမ်အဆောက်အအုံများ အားလုံးကိုလည်း ခြင်ဆေးဖျန်းပေးရန် ရဒေးကျေးရွာရှိ ဒေသခံရွာသူရွာသားများအနေဖြင့် ဆန္ဒရှိနေကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

# မူဆယ် (၁၀၅)မိုင်တွင် အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲကျင်းပ

**မူဆယ် ဇူလိုင် ၁၂**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ်တွင် တအာင်း(ပလောင်) စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၀ ရက်က မိုင်းယု(၁၀၅)မိုင်ကျေးရွာ အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် မူဆယ်မြို့နယ်အတွင်းရှိ တအာင်း(ပလောင်) လူငယ်ဘောလုံးအသင်း စုစုပေါင်း ကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဖွင့်ပွဲတွင် တအာင်း(ပလောင်) စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးညီညီအောင်က အမှာစကားပြောကြားပြီး မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်အေးနှင့် မူဆယ်ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဒေါ်ပပဝင်းတို့က ပြိုင်ပွဲနှင့်ပတ်သက်သည့်စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင်များက ပြိုင်ပွဲဝင် အားကစားသမားများအား နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး အဖွင့်ပွဲစဉ်အဖြစ် မိုင်းယု(၁၀၅)မိုင် (က)အသင်းနှင့် မြို့မအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲစဉ်ပြီးဆုံးသွားခဲ့သည်။ အဆိုပါဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သန့်ဇင် (မူဆယ်)**

# ရန်ကုန်မြို့မှာ ငလျင်နဲ့ပတ်သက်တဲ့ ကြိုတင်ပြင်ဆင်မှုတွေ အလျင်အမြန် ဆောင်ရွက်ဖို့ လိုအပ်နေပါတယ်

တွေ့ဆုံမေးမြန်း - မျိုးမင်းသိန်း (မရမ်းကုန်း)

**ငလျင်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများလျော့နည်းအောင် ကြိုတင်ကာကွယ်ရေးအတွက် ဒုတိယအကြိမ် ငလျင်ဆိုင်ရာဖိုရမ် (ရန်ကုန်တိုင်းဒေသကြီး) "The Second Earthquake Forum (Yangon Region)"ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ဦးဆောင်မှုဖြင့် အင်းစိန်မြို့နယ်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်၌ ဇူလိုင် ၁၃ ရက်နှင့် ၁၄ ရက် နှစ်ရက်ကြာ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ဖိုရမ်နှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းရွှေနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**မေး။ ။ ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ခန့်မှန်းနိုင်မှု ရှိ၊ မရှိနဲ့ ပျက်စီးဆုံးရှုံးနိုင်မှု အခြေအနေကို သိချင်ပါတယ်ဆရာ။**

ဖြေ။ ။ ကြိုတင်ခန့်မှန်းနိုင်မှုအနေနဲ့ ဆိုင်ကလုန်းမုန်တိုင်းဘေး၊ ရေကြီးရေလျှံမှုဘေး၊ မြေပြိုဘေးအစရှိတဲ့ ဘေးများအတွက် ကြိုတင်ခန့်မှန်းနိုင်ပေမယ့် မြေငလျင်ဘေးအန္တရာယ်ကတော့ နည်းပညာမြင့်မားတဲ့ နိုင်ငံများတောင်မှ မခန့်မှန်းနိုင်ပါဘူး။ မြေငလျင်ဘေးအန္တရာယ်ကတော့ သူ့ရဲ့ပြင်းအားနဲ့ ငလျင်ဗဟိုချက်အပေါ်မှာမူတည်ပြီး ဆုံးရှုံးမှုလည်း ကြီးမားနိုင်တဲ့ သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ပါတယ်။ ငလျင်လှုပ်ခတ်မှုကလည်း မြန်မာနိုင်ငံမှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ရစ်ချ်တာစကေး ၃ ဒသမ ၀ အထက် အကြိမ်ရေပေါင်း ၁၀၀ ကျော်ရှိကြောင်းကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရပါတယ်။ ဒါကြောင့် ပြည်သူတွေအနေနဲ့ သတိထားသင့်တဲ့ သဘာဝဘေးဖြစ်ပြီး လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုအသိပညာဗဟုသုတတွေရှိမှသာ ဆုံးရှုံးမှုကို လျှော့ချနိုင်မှာဖြစ်ပါတယ်။

**မေး။ ။ ရန်ကုန်မှာ ငလျင်ဖိုရမ်လုပ်မယ်ဆိုတော့ ရန်ကုန်နဲ့ ငလျင် ဘယ်လောက်ဆက်စပ်မှုရှိသလဲ ဆိုတာရယ်၊ ငလျင်လှုပ်ခတ်မှုခံရပါက ဆုံးရှုံးမှုနဲ့ ပျက်စီးမှု ခန့်မှန်းနိုင်သလားဆိုတာရယ် သိပါရစေ။**

ဖြေ။ ။ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှမှာ ဒုတိယအကြီးဆုံးနိုင်ငံဖြစ်တယ်။ လူဦးရေသန်း ၅၀ ကျော် နေထိုင်ကြတယ်။ ပထဝီဝင်အနေအထားအရ ဘေးအန္တရာယ်အမျိုးမျိုးကို ကြုံတွေ့နိုင်တဲ့ ဒေသတစ်ခုဖြစ်ပြီး ၂၀၀၄ ခုနှစ် အိန္ဒိယ သမုဒ္ဒရာတွင် ဖြစ်ပေါ်ခဲ့သော ဆူနာမီလှိုင်းဟာ ကမ်းရိုးတန်းဒေသများသို့ ထိခိုက်မှုများရှိခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ စစ်ကိုင်းပြတ်ရွေ့၊ ကျောက်ကြမ်းပြတ်ရွေ့၊ ကုလားတန်ပြတ်ရွေ့၊ ကဘော်ပြတ်ရွေ့များပေါ်မှာ တည်ရှိနေခြင်းကြောင့် ငလျင်ဟာ မြန်မာနိုင်ငံရဲ့ သိသာထင်ရှားတဲ့ ဘေးအန္တရာယ်တစ်ခုဖြစ်တယ်။ မြန်မာ့သမိုင်းမှာလည်း ကြီးမားသော ငလျင်လှုပ်ခတ်မှုများရှိခဲ့ပြီး အသက်ဆုံးရှုံးခြင်း၊ အိုးအိမ်ပစ္စည်းများ ပျက်စီးဆုံးရှုံးခြင်း၊ ရှေးဟောင်းအဆောက်အအုံများ ပျက်စီးခြင်းများ ဖြစ်ခဲ့ပါတယ်။

၂၀၁၁ ခုနှစ်က ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ဦးတည်လှုပ်ခတ်ခဲ့တဲ့ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိတဲ့ ငလျင်ကြောင့် ခန့်မှန်းခြေ လူ ၇၆ ဦး သေဆုံးခဲ့တယ်။ ၂၀၁၂ ခုနှစ်မှာ စစ်ကိုင်းပြတ်ရွေ့ကြောင့်ဖြစ်တဲ့ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ ငလျင်ဟာ မန္တလေးမြို့ရဲ့ မြောက်ဘက် ၁၀၀ ကီလိုမီတာအကွာ သပိတ်ကျင်းမြို့အနီးတွင် ဖြစ်ပွားခဲ့တယ်။ ထိုငလျင်ကြောင့် လူ ၂၆ ဦး သေဆုံးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုလည်း ကြီးမားခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် ဧပြီလမှာတော့ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၉ အဆင့်ရှိတဲ့ ငလျင်တစ်ခုကလည်း စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့အနီးမှာ ဖြစ်ပွားခဲ့ပါတယ်။ ထို့အတူပဲ ၂၀၁၆ ခုနှစ် ဩဂုတ်လမှာ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်မှာ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိတဲ့ ငလျင်ထပ်မံလှုပ်ခဲ့ရာမှာ မြန်မာနိုင်ငံအလယ်ပိုင်းပုဂံဒေသရှိ ဘုရားစေတီပုထိုးများနဲ့ စာသင်ကျောင်းနှစ်ကျောင်း ပျက်စီးဆုံးရှုံးခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် မတ် ၁၄ ရက်မှာ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၈ ဖြင့် လှုပ်ခတ်ခဲ့တဲ့ တိုက်ကြီးငလျင်တွင် ထိခိုက်ဒဏ်ရာရသူ ၂၆ ဦးခန့်ရှိပြီး နေအိမ်နဲ့ သာသနိကအဆောက်အအုံအချို့ပျက်စီးခဲ့ပါတယ်။

၁၉၃၀ ပြည့်နှစ်က အင်အားရစ်ချ်တာစကေး ၇ ဒသမ ၃ အဆင့်ရှိတဲ့ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးမှာ လူဦးရေ ၅၀၀ ခန့်နဲ့ ရန်ကုန်မြို့မှာ လူဦးရေ ၅၀ ခန့် သေဆုံးခဲ့တယ်။ ထိုစဉ်က ရန်ကုန်မြို့လူဦးရေက လေးသိန်းခန့်သာရှိပြီး အခုအခါ ရန်ကုန်မြို့လူဦးရေက ခြောက်သန်းကျော်ရှိပါတယ်။ မြို့တော်အနေနဲ့လည်း လျင်မြန်စွာ ပြောင်းလဲတိုးတက်လျက်ရှိလို့ အကယ်၍ ငလျင်လှုပ်ခတ်မှုခံရပါက ဆုံးရှုံးပျက်စီးမှုများကို မည်သူ မည်ဝါကမျှ ခန့်မှန်းနိုင်မှာ မဟုတ်ပါဘူး။

**မေး။ ။ ငလျင်ဖိုရမ်ကျင်းပခြင်းရဲ့ရည်ရွယ်ချက်ကို သိချင်ပါတယ် ဆရာ။**

ဖြေ။ ။ ရန်ကုန်တိုင်းဒေသကြီး ငလျင်အန္တရာယ်ကျရောက်နိုင်ခြေနဲ့ ထိခိုက်လွယ်မှုဆိုင်ရာ အချက်အလက်များ၊ ငလျင်ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို အဓိကပါဝင်လုပ်ဆောင်ကြမယ့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ ငလျင်အန္တရာယ်ဆိုင်ရာ အသိပညာ တိုးလာဖို့လိုပါတယ်။

ငလျင်အန္တရာယ် ကြိုတင်ပြင်ဆင်ရေး၊ ထိခိုက်မှုလျှော့ချရေးနဲ့ အရေးပေါ် တုံ့ပြန်ရေးဆိုင်ရာ စွမ်းဆောင်ရည်တိုးမြင့်လာဖို့ လက်ရှိလေ့လာတွေ့ရှိချက်များနဲ့ လုပ်ဆောင်ချက်များကို ပြန်လည်သုံးသပ်ပြီး လိုအပ်ချက်များ ရှာဖွေဖော်ထုတ်ဖို့ လိုပါတယ်။ ငလျင်အန္တရာယ် ကြိုတင်ပြင်ဆင်ရေး၊ ထိခိုက်မှုလျှော့ချရေးနဲ့ အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ စွမ်းဆောင်ရည်များ အားကောင်းလာစေဖို့အတွက် အဓိကပါဝင်လုပ်ရမယ့် အဖွဲ့အစည်းများ လူပုဂ္ဂိုလ်များ စုစည်းထားဖို့ လိုပါတယ်။ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းလာစေဖို့နဲ့ ရန်ကုန်မြို့နေ ပြည်သူလူထုရဲ့ ငလျင်အန္တရာယ်ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ရေးအသိပညာများနဲ့ စွမ်းဆောင်ရည် တိုးမြင့်လာစေဖို့ ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

**မေး။ ။ ဘယ်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်တယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ မြန်မာနိုင်ငံ ငလျင်ကော်မတီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ရဲ့ နည်းပညာပံ့ပိုးမှုနဲ့အတူ နည်းပညာနဲ့ ရန်ပုံငွေ အကူအညီနဲ့ Action Aid Myanmar, UNDP နဲ့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့အပါအဝင် အခြားသော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနဲ့ DRR Working Group (သဘာဝဘေးလျော့ပါးရေးအဖွဲ့)တို့ ပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်။ ဒီလိုဖိုရမ်ကျင်းပနိုင်ဖို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဦးဆောင်မှုအောက်တွင် ဆောင်ရွက်တာဖြစ်ပါတယ်။

**မေး။ ။ ငလျင်ဖိုရမ်ကျင်းပမှုနဲ့ပတ်သက်ပြီး ပြောကြားလိုတာလေးများရှိရင် ရှင်းလင်းပြောကြားပေးပါ။**

ဖြေ။ ။ ငလျင်နဲ့ပတ်သက်ပြီး အဓိကတာဝန်ရှိတဲ့ ဌာနများ၊ အဖွဲ့အစည်းများအနေနဲ့ ငလျင်နဲ့ပတ်သက်တဲ့ လှုပ်ရှားဆောင်ရွက်မှုတွေ အသိပညာပေးလုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့်လုပ်နိုင်ဖို့နဲ့ ပြည်သူတွေအနေနဲ့လည်း ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ဖို့ရည်ရွယ်ပြီး ပထမအကြိမ်ဖိုရမ်ကို ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဲဒီဖိုရမ်ပြီးတဲ့နောက်ပိုင်းမှာ အသိပညာပေးလုပ်ငန်းတွေ၊ သင်တန်းတွေ၊ ဟောပြောပွဲတွေနဲ့ ပြည်သူတွေ၊ ကျောင်းသား ကျောင်းသူတွေကို အသိပညာပေးတာတွေ၊ သူတို့ကိုယ်တိုင်ပါဝင်တဲ့ ဆက်တိုက်လေ့ကျင့်ခန်းတွေ အများကြီးလုပ်နိုင်ခဲ့သလို ပြည်သူတွေအနေနဲ့လည်း မြေငလျင်အန္တရာယ်နဲ့ပတ်သက်တဲ့ အသိပညာတွေ၊ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန် ဗဟုသုတတွေ အများကြီးရရှိခဲ့ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ Mobile Application တစ်ခုဖြစ်တဲ့ DAN(Disaster Alert Notification) ကို အလွယ်တကူ Download လုပ်ပြီး သဘာဝဘေးများနဲ့ပတ်သက်တဲ့ အသိပညာဗဟုသုတများကို လေ့လာကြပါလို့လည်း တိုက်တွန်းချင်ပါတယ်။ ပြည်သူများအနေနဲ့ သဘာဝဘေးလျော့ပါးရေး ဆောင်ရွက်လျက်ရှိတဲ့ဌာန၊ အဖွဲ့အစည်းများနဲ့ အတူ ပူးပေါင်းပြီး အားလုံးပါဝင်ပေးကြပါလို့ မေတ္တာရပ်ခံပန်ကြားလိုပါတယ်။ ။



# လယ်ယာသုံးစက်ကိရိယာများ အရည်အသွေး မန်း၌ စစ်ဆေးနိုင်မည်

**မန္တလေး ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး၌ လယ်ယာသုံး စက်ကိရိယာများ၏ အရည်အသွေး ကိုက်ညီမှု ရှိ မရှိ စစ်ဆေးပေးမည့် စင်တာတစ်ခုကို တည်ဆောက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ကျော်က ပြောကြားသည်။

ပြည်တွင်းသို့ လယ်ယာသုံးစက်ကိရိယာမျိုးစုံ တင်သွင်းနေကြသော်လည်း အရည်အသွေး အတိအကျစစ်ဆေးပေးနိုင်သည့် နေရာမရှိဘဲ ယခုစစ်ဆေးမှုများကို ၂၀၁၉ ခုနှစ်တွင် စတင်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

စက်ပစ္စည်းစစ်ဆေးမည့် စက်များကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) အကူအညီဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး တည်ဆောက်ခြင်းလုပ်ငန်းများအတွက် မကြာမီ တင်ဒါခေါ်ယူသွားမည်ဖြစ်ကာ ယခုနှစ် ပထမခြောက်လတာဘတ်ဂျက်ကာလတွင် လုပ်ဆောင်နိုင်မည်မဟုတ်ဘဲ ကျန်ရှိသော ခြောက်လဘတ်ဂျက်အတွင်းမှသာ လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"တည်ဆောက်ရေးလုပ်ငန်းတွေအတွက် JICA က ကူညီမှာဖြစ်ပြီး တိုင်းဒေသကြီးလွှတ်တော်က ခွင့်ပြုချက်လည်း ရရှိခဲ့ပြီးဖြစ်ပါတယ်။ တည်ဆောက်ဖို့အတွက် ဒီဇိုင်းထုတ်ပြီးပါပြီ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လယ်ယာသုံးစက်ကိရိယာများကို စစ်ဆေးပေးမည့်စက်ကို တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနရုံးအတွင်း၌ တည်ဆောက်သွားမည်ဖြစ်ကာ မြန်မာနိုင်ငံတစ်ခုလုံးတွင် တစ်ခုတည်းသော စစ်ဆေးရေးစင်တာတစ်ခု ဖြစ်လာမည်ဖြစ်သည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၂-၇-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၁၅ ကျပ် | ၉၄၅/၉၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၆၅/၈၉၀ ကျပ် | ၉၃၅/၉၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၅/၉၄၀ ကျပ် | ၉၈၅/၁၀၀၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၀၆ ･ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၄၁ ･ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၃၀ ･ ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၅၅ ･ ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၅၄ ･ ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၃၅ ･ ၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၀ ･ ၄၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ･ ၄၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၄ ･ ၄၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၄၇ ･ ၅၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ ･ ၁၈၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

**Gmail** mmalin.npt @ gmail.com,
**Facebook** www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချီရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# အသင်းကြီးအများစု နိုင်ပွဲယူမယ့် ကလပ်အသင်း ခြေစမ်းပွဲများ

ဝေ မိုး ဆက်

ကမ္ဘာ့ဖလားပြိုင်ပွဲကြီး ပြီးဆုံးခါနီးအချိန်မှာ ကလပ်အသင်း ခြေစမ်းပွဲတွေကိုလည်း စတင်ကျင်းပနေပြီ ဖြစ်ပါတယ်။ ဒါကြောင့်လည်း အဆိုပါကလပ်အသင်း ခြေစမ်းပွဲတွေ အနက်က အနီးကပ်ဆုံးနဲ့ အသင်းကြီးတွေရဲ့ပွဲတွေကို ထုတ်နုတ်တင်ပြပေးလိုက်ပါတယ်။



## ဘိုရီဟမ် Vs အာဆင်နယ်

နောက်ဆုံးရလဒ် ဘိုရီဟမ် ၀ ၂ အာဆင်နယ်

လက်ရှိအချိန်မှာ ပရီမီယာလိဂ်ကလပ် အာဆင်နယ်အနေနဲ့ အသင်းကိုအပြောင်းအလဲများစွာပြုလုပ်ထားပြီး အမ်မရီကိုလည်း မန်နေဂျာအဖြစ်ခန့်အပ်ခဲ့ကာ ကစားသမားကောင်းအချို့ကိုလည်း ခေါ်ယူအားဖြည့်ထားနိုင်တာ တွေ့ရပါတယ်။ ဒါကြောင့်လည်း အာဆင်နယ်ရဲ့ ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ခက်ပေမယ့် ဘိုရီဟမ်ကလည်း အင်္ဂလန်ရဲ့အသင်းငယ်လေးသာဖြစ်လို့ အာဆင်နယ် နိုင်ပွဲရမယ်။

## လာတီနာ Vs ရိုးမား

နောက်ဆုံးရလဒ် လာတီနာ ၀ ၁ ရိုးမား

ရိုးမားဟာ နိုင်ဂိုလန်လိုကစားသမားကို ဆုံးရှုံးထားရပေမယ့်လည်း အသင်းကောင်းတစ်သင်းအဖြစ် ရပ်တည်နေနိုင်ပါသေးတယ်။ ဒါ့အပြင် လာတီနာကလည်း အီတလီရဲ့အသင်းငယ်တစ်သင်းသာဖြစ်ပြီး လက်ရှိအချိန်မှာ အီတလီစီးရီးဒီပြိုင်ပွဲမှာ ဝင်ရောက်ကစားနေတဲ့ အသင်းဖြစ်ပါတယ်။ ကစားသမားအင်အားပိုင်းရော အတွေ့အကြုံပိုင်းမှာပါ သိသိသာသာအားသာနေတဲ့ ရိုးမားပဲ အနိုင်ရမယ်။

## ပီအက်စ်ဂျီ Vs ချမ်ဘလီ

နောက်ဆုံးရလဒ် - - - -

ချမ်ဘလီဟာ ပြင်သစ်ကလပ်အသင်း တစ်သင်းဖြစ်ပေမယ့် ပီအက်စ်ဂျီနဲ့တော့အဆင့် ကွာဟမှုတွေရှိနေတာကို သတိပြုရမှာဖြစ်ပါတယ်။ ချမ်ဘလီဟာ ပြင်သစ်တတိယတန်းပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ရမယ့်အသင်းတစ်သင်းသာဖြစ်ပြီး ကစားသမား အင်အားပိုင်းကအစ တောင့်တင်းမှုမရှိတာကိုတွေ့ရပါတယ်။ ပီအက်စ်ဂျီကတော့ ကမ္ဘာ့ဖလားပြိုင်ပွဲကို ကစားသမားအများအပြား စေလွှတ်ထားရတာ ကြောင့်ဒီပွဲမှာကစားသမားအစုံအလင်နဲ့ ပွဲထွက်လာဖို့ခက်ပေမယ့်လည်း ချမ်ဘလီကိုတော့ ဖိအားပေးနိုင်စွမ်းရှိပါတယ်။ ပီအက်စ်ဂျီပဲ အနိုင်ရမယ်။

## မာဆေး Vs စိန့်အက်တီယန်

နောက်ဆုံးရလဒ် - - - -

ပြင်သစ်နှစ်သင်းဆုံတွေ့ပွဲဖြစ်လို့ စိတ်ဝင်စားဖို့ကောင်းပါတယ်။ မနှစ်ကပြင်သစ်ပထမတန်းပြိုင်ပွဲအတွင်းမှာ မာဆေးအနေနဲ့ စိန့်အက်တီယန်ထက်ခြေစွမ်းပိုမိုကောင်းမွန်ခဲ့တာကို တွေ့ရပါတယ်။ မာဆေးဟာ အဆင့် ၄ နေရာမှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပြီး စိန့်အက်တီယန်ကတော့ ခြေစွမ်းသာမန်သာရှိခဲ့ကာ အဆင့် ၇ နေရာမှာသာရပ်တည်ခဲ့ရပါတယ်။ လက်ရှိအချိန်မှာလည်း နှစ်သင်းစလုံးကစားသမားပိုင်းကြီးကြီးမားမားပြောင်းလဲမှုလုပ်မထားလို့လည်း ခြေစွမ်းပိုင်းပြောင်းလဲဖို့ခက်ပါတယ်။ ယမန်နှစ်ဆုံတွေ့မှုမှာ နှစ်ကျော့ပေါင်းအသာရခဲ့တဲ့ မာဆေးပဲ အနိုင်ရမယ်။

## ဘာရီ Vs လီဗာပူး

နောက်ဆုံးရလဒ် ဘာရီ ၂ ၂ လီဗာပူး

လီဗာပူးဟာ ဒီရာသီမှာကစားသမားကောင်းအချို့ကို ခေါ်ယူထားနိုင်တာကိုတွေ့ရပြီး ကီတာနဲ့ ဖာဘင်ညိုတို့ကိုခေါ်ယူထားနိုင်တာ တွေ့ရပါတယ်။ လီဗာပူးအနေနဲ့ လက်ရှိအချိန်မှာ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခဲ့တဲ့ ဆာလတ်၊ ဟန်ဒါဆန်တို့လို ကစားသမားတွေကိုအသုံးပြုနိုင်မှာမဟုတ်ပေမယ့်လည်း ဘာရီဟာအင်္ဂလန်ရဲ့အသင်းငယ်လေးတစ်သင်းသာ ဖြစ်ပါတယ်။ ဘာရီဟာ လက်ရှိအချိန်မှာ လိဂ်တူးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရမယ့် အသင်းတစ်သင်းသာဖြစ်ပြီး ကစားသမားအင်အားပိုင်းကလည်း လီဗာပူးထက်အားနည်းမှုများနေတာကို တွေ့ရပါတယ်။ လီဗာပူးလူမစုံနိုင်ပေမယ့် နိုင်ပွဲရယူသွားမှာပါ။

## လူဂါနို Vs အင်တာ

နောက်ဆုံးရလဒ် အင်တာ ၁ ၀ လူဂါနို

အသင်းကြီးတစ်သင်းဖြစ်တဲ့ အင်တာမီလန်အနေနဲ့ နိုင်ဂိုလန်၊ အဆာမိုဟာ၊ မာတီးနက်ဇ်တို့လိုကစားသမားကောင်းတွေကိုလည်း ခေါ်ယူအားဖြည့်ထားနိုင်တာကိုတွေ့ရပါတယ်။ အင်တာမီလန်အနေနဲ့ လက်ရှိအချိန်မှာ ကစားသမားအစုံအလင်နဲ့ ပွဲထွက်နိုင်ဖို့ ခက်တာကိုတော့ သတိပြုရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဆွစ်ဇာလန်ကလပ်လူဂါနိုကလည်း အသင်းကောင်း တစ်သင်းဖြစ်သလို ဒီပွဲကိုလည်း လူဂါနိုရဲ့အိမ်ကွင်းမှာ ကစားရမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း အင်တာမီလန်တို့ကစားရခက်ခဲနိုင်ကာ လူဂါနိုရဲ့ကစားအားကြောင့် ကပ်ပြီးသာအနိုင်ရမယ်။

## ဒေါ့မွန် Vs ဝီယင်နာ

နောက်ဆုံးရလဒ် ဒေါ့မွန် ၁ ၀ ဝီယင်နာ

ဂျာမနီကလပ် ဒေါ့မွန်ဟာ ဥရောပရဲ့အသင်းကောင်းတစ်သင်းဖြစ်တယ်။ လက်ရှိအချိန်မှာ တိုက်စစ်မှူး ဘက်ရှူအာယီကချယ်လ်ဆီး ကို ပြန်သွားပြီဖြစ်သလို ခံစစ်မှူးပါပါစတာသို ပူးလော့စ်ကိုလည်း အာဆင်နယ်အသင်းဆီ ရောင်းချခဲ့ပေမယ့်လည်း ဒေါ့မွန်ဟာ ဩစတြီးယားဝီယင်နာထက်တော့ကစားသမား အင်အားတောင့်တင်းနေဆဲဖြစ်တယ်။ ရှေ့ခြေစမ်းပွဲမှာ လော့အိန်ဂျလိစ်ကို သရေသာကစားနိုင်ခဲ့တာကြောင့်လည်း ဒီပွဲမှာနိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဩစတြီးယား ဝီယင်နာ ကတော့ ဩစတြီးယား ဘွန်ဒက်စ်လီဂါပြိုင်ပွဲမှာတောင်မှသာမန် ခြေစွမ်းသာရှိတဲ့အသင်းဖြစ်ပြီး မနှစ်ကပြိုင်ပွဲမှာ အဆင့် ၇ နေရာကိုသာရရှိခဲ့တဲ့အသင်းဖြစ်ပါတယ်။ ဒါကြောင့်ဒီပွဲမှာ ဒေါ့မွန်ကသာ နိုင်ပွဲရသွားမှာပါ။

## အိုင်းယတ်စ် Vs အန်ဒါလက်ချ်

နောက်ဆုံးရလဒ် အိုင်းယတ်စ် ၂ ၀ အန်ဒါလက်ချ်

အသင်းကောင်းနှစ်သင်း ဆုံတွေ့ပွဲဖြစ်ပါတယ်။ ဟော်လန်ကလပ် အိုင်းယတ်စ်ဟာ ဟော်လန်ရဲ့ထိပ်တန်းအသင်းတစ်သင်းဖြစ်သလို ကစားသမားကောင်းများစွာကိုလည်းပိုင်ဆိုင်ထားတဲ့အသင်း ဖြစ်ပါတယ်။ ဒါ့အပြင်ဥရောပမှာလည်း အစဉ်အလာကြီးမားတဲ့အသင်းတစ်သင်းဖြစ်ပြီး ဘေဆယ်လိုအသင်းကောင်းတစ်သင်းနဲ့ ခြေစမ်းခဲ့ရာမှာလည်း လူမစုံတဲ့ကြားက သရေကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် မနှစ်က ရာသီဘယ်လ်ဂျီယံပထမတန်းမှာ ဒုတိယရခဲ့တဲ့ အန်ဒါလက်ချ်ကလည်း အသင်းကောင်းတစ်သင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲမှာအိုင်းယတ်စ်တို့ အန်ဒါလက်ချ်ကို ခက်ခက်ခဲခဲရင်ဆိုင်ရနိုင်ခြေရှိနေပါတယ်။ အိုင်းယတ်စ်တို့နိုင်ပွဲ ရယူနိုင်ဖို့ရှိနေပေမယ့်လည်း အန်ဒါလက်ချ်ရဲ့တုံ့ပြန်ကစားအားကြောင့် ဂိုးပြတ်အနိုင်ရဖို့တော့ ခက်ခဲနိုင်ပါတယ်။

# ဘင်ဇီမာ၏နေရာတွင် အိုင်ကာဒီနှင့် အစားထိုးရန် ရီးရဲမက်ဒရစ်အသင်း ရည်ရွယ်

စပိန်ကလပ် ရီးရဲမက်ဒရစ်အသင်းသည် အင်တာမီလန်တိုက်စစ်မှူး အိုင်ကာဒီအား ခေါ်ယူသွားရန် ရည်မှန်းလျက်ရှိကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ရီးရဲမက်ဒရစ်အသင်းတာဝန်ရှိသူများအနေဖြင့် ယခုနွေရာသီဈေးကွက် ကာလအတွင်းတွင်အသင်းနှင့် လမ်းခွဲဖြစ်ဖွယ်ရှိနေသူ တိုက်စစ်မှူး ဘင်ဇီမာ၏နေရာတွင် အာဂျင်တီးနားတိုက်စစ်မှူးအိုင်ကာဒီနှင့်အစားထိုးရန် ရည်ရွယ်နေခြင်း ဖြစ်သည်။

အိုင်ကာဒီသည် ရီးရဲမက်ဒရစ်အသင်းနည်းပြဟောင်း ကားလော့စ်အန်ဆယ်လော့တီ တာဝန်ယူနေသည့် နာပိုလီအသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိသည်ဟု ထင်ကြေးပေးခြင်းခံနေရသူ ဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းနှင့် နာပိုလီအသင်း တာဝန်ရှိသူများသည် တိုက်စစ်မှူး ဘင်ဇီမာ၏ အပြောင်းအရွှေ့နှင့်ပတ်သက်ပြီး ဆွေးနွေးမှုများပြုလုပ်နေချိန်တွင် ရီးရဲအသင်း က ဘင်ဇီမာ၏နေရာအတွက် အစားထိုးရန် တိုက်စစ်မှူးတစ်ဦး ရှာဖွေနေခြင်း ဖြစ်သည်။ တိုက်စစ်မှူး အိုင်ကာဒီသည် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်အတွင်းတွင် အင်တာမီလန်အသင်းနှင့် ၂၀၂၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုထားသူဖြစ်သည်။ သို့သော်လည်း အသက် ၂၅ နှစ်အရွယ်ရှိ တိုက်စစ်မှူး အိုင်ကာဒီသည် အင်တာမီလန်မှ ထွက်ခွာနိုင်သည်ဟု ထင်ကြေးပေးခံနေရသူ ဖြစ်ကာ ရီးရဲမက်ဒရစ်အသင်းအပြင် ဘာစီလိုနာ၊ ချယ်လ်ဆီးနှင့် မန်ယူအသင်းတို့၏ ပစ်မှတ်ထားခြင်းလည်း ခံနေရသူလည်းဖြစ်သည်။ ၂၀၁၃ ခုနှစ် နွေရာသီဈေးကွက် ကာလအတွင်းတွင် ဆမ့်ဒိုးရီးယားအသင်းမှ အင်တာမီလန်သို့ ပြောင်းရွှေ့လာခဲ့သူ တိုက်စစ်မှူး အိုင်ကာဒီသည် အင်တာမီလန် အသင်းအတွက် စုစုပေါင်း ၁၈၂ ပွဲ ပါဝင်ကစားထားကာ ၁၀၇ ဂိုး သွင်းယူထားပြီး ဂိုးသွင်းခွင့် ၂၃ ကြိမ် ဖန်တီးပေးထားနိုင်ခဲ့သူဖြစ်သည်။ အင်တာမီလန်အသင်းတာဝန်ရှိ သူများက တိုက်စစ်မှူး အိုင်ကာဒီ၏ ပြောင်းရွှေ့ကြေးအဖြစ် ယူရိုသန်း ၁၁၀ သတ်မှတ်ထားသည်။ သို့သော်လည်း ရီးရဲမက်ဒရစ်အသင်းတာဝန်ရှိသူများက အင်တာမီလန်အသင်းခေါ်ယူရန် စိတ်ဝင်စားမှုရှိနေသည့် ရီးရဲကွင်းလယ် ကစားသမား ကိုဗာဆစ်ကို အလိုက်ပေးကာ ကမ်းလှမ်းမှုပြုလုပ်သွားရန် ရည်ရွယ်ထားကြောင်း သတင်းများတွင် ဆက်လက် ရေးသားထားသည်။ ရီးရဲမက်ဒရစ်အသင်းသည် ပြီးခဲ့သည့် ဇူလိုင်လ ၁၀ ရက်နေ့တွင် စီရော်နယ်ဒိုအား ဂျူဗင်တပ်စ်အသင်းထံသို့ ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၀၀ ဖြင့် ရောင်းချခဲ့သည့် အသင်းဖြစ်သည်။

**ထက်အောင်**

တစ်လကြာကောလာဟလတွေ ထွက်ပေါ်လို့အပြီးမှာတော့ တိုက်စစ်မှူးရော်နယ်ဒိုရဲ့ အနာဂတ်ဆုံးဖြတ်ချက်က သေချာသွားခဲ့ပြီ။ ရော်နယ်ဒိုရဲ့ အနာဂတ်တွေ စီးရီးအေမှာ ဆက်လက်ရှိနေတော့မယ့်အကြောင်းကို ရီးရဲမက်ဒရစ်အသင်းကိုယ်တိုင်အတည်ပြုလိုက်ပြီလည်း ဖြစ်တယ်။ ဂျူဗင်တပ်စ်ပရိသတ်တွေဝမ်းသာမဆုံးဖြစ်ပေမယ့် ရီးရဲမက်ဒရစ်ပရိသတ်တွေကတော့ ဝမ်းနည်းမဆုံးဘူးလို့ ပြောရမယ်။ ဒါပေမယ့် ဒါဟာ ဘောလုံးလောကရဲ့နိယာမတစ်ခုလို့ ပြောရမယ်။ ဒါပေမယ့် ရီးရဲမက်ဒရစ်အသင်းဟာ ရော်နယ်ဒိုရဲ့ ကွက်လပ်ကိုတော့ မဖြစ်မနေဖြည့်သွားရဖို့ရှိနေတယ်။ ဒါကြောင့်လက်ရှိကမ္ဘာ့ဖလားနဲ့အတူတောက်ပနေတဲ့ ကြယ်ပွင့်ကစားသမားတွေထဲမှ ရော်နယ်ဒိုရဲ့ ကွက်လပ်အတွက် ဖြစ်လာနိုင်တဲ့ ကစားသမားလေးဦးကို ဖော်ပြလိုက်ရပါတယ်။

# ကျော်နယ်ဒိုရဲ့နေရာကို ဆက်ခံနိုင်ဖို့ရှိတဲ့ ကမ္ဘာ့ဖလားကြယ်ပွင့်များ

**အောင်က**

**ရီးရဲမက်ဒရစ်အသင်းရဲ့ အစဉ်အလာကလည်း နဂိုကတည်းက အကောင်းဆုံးကစားသမားတွေကိုသာ ခေါ်ယူလေ့ရှိတာကြောင့်လည်း နေမာဟာ အဓိကပစ်မှတ်ဖြစ်နေရတာလည်း ဖြစ်ပါတယ်။ ရော်နယ်ဒိုရဲ့ ထွက်ခွာသွားမှုဟာ ရီးရဲပရိသတ်တွေအတွက် ဝမ်းနည်းမှုတွေ ရှိနေခဲ့တာကြောင့် ဒီဝမ်းနည်းမှုဟာ အကောင်းဆုံးကစားသမားကိုခေါ်ယူမှုနဲ့ အစားထိုးနိုင်မှာလည်း ဖြစ်ပါတယ်။**

### နေမာ

ရော်နယ်ဒိုမထွက်ခွာခင်ကတည်းက ရီးရဲမက်ဒရစ်အသင်းဟာ နေမာကို ရရှိဖို့အတွက်အပြင်းအထန် ကြိုးစားနေခဲ့တာဖြစ်ပါတယ်။ အခု ရော်နယ်ဒို အသင်းကနေထွက်ခွာသွားတော့ နေမာကို ခေါ်ယူရေးဟာပိုမို အရေးပါလာတယ်လို့ ပြောရမှာပါ။ ရီးရဲမက်ဒရစ်အသင်း အနေနဲ့ နေမာကို ပြောင်းရွှေ့ကြေးအမြောက်အမြားနဲ့ ခေါ်ယူနိုင်တဲ့ အင်အားလည်း ရှိတယ်။ ဒါကြောင့် နေမာရဲ့ လားရာဟာ ရီးရဲမက်ဒရစ်အသင်းကိုတောင်ဖြစ်လာနိုင်ပါတယ်။ ရီးရဲမက်ဒရစ်အသင်းရဲ့ အစဉ်အလာကလည်း နဂိုကတည်းက အကောင်းဆုံးကစားသမားတွေကိုသာ ခေါ်ယူလေ့ရှိတာကြောင့်လည်း နေမာဟာအဓိက ပစ်မှတ်ဖြစ်နေရတာလည်း ဖြစ်ပါတယ်။ ရော်နယ်ဒိုရဲ့ ထွက်ခွာသွားမှုဟာ ရီးရဲပရိသတ်တွေအတွက် ဝမ်းနည်းမှုတွေ ရှိနေခဲ့တာကြောင့် ဒီဝမ်းနည်းမှုဟာ အကောင်းဆုံးကစားသမားကိုခေါ်ယူမှုနဲ့ အစားထိုးနိုင်မှာလည်း ဖြစ်ပါတယ်။ နေမာအနေနဲ့ကလည်း ရီးရဲမက်ဒရစ်အသင်းမှာက သူ့ရဲ့နိုင်ငံအသင်းကစားဖော် မာဆယ်လိုရှိနေတာကြောင့်လည်း ရီးရဲမက်ဒရစ်ဟာ သူ့အတွက်တော့ နေပျော်စရာနေရာလည်း ဖြစ်နိုင်ပါတယ်။ ဒါ့အပြင် Ballon d'Or ဆုဟာ စပိန်မှာသာ ကစားမယ်ဆိုရင် ရနိုင်ဖို့ အခွင့်အရေးတွေ ပိုများနေတာကြောင့် နေမာအတွက်တော့ရီးရဲမက်ဒရစ်အသင်းဟာ အကောင်းဆုံးနေရာတစ်ခုလည်း ဖြစ်လာနိုင်ပါတယ်။







### အမ်ဘာပေ

ပြင်သစ်နဲ့ အာဂျင်တီးနားအသင်းတို့ တွေ့ဆုံခဲ့ကြတဲ့ ကမ္ဘာ့ဖလားရှုံးထွက် ပွဲစဉ်မှာ လူတိုင်းက သတိထားမိခဲ့တာက အသက် ၁၉ နှစ်သာရှိသေးတဲ့ ပြင်သစ်လူငယ်တိုက်စစ်မှူး အမ်ဘာပေ ဖြစ်ပါတယ်။ သူ့ရဲ့ ကောင်းမွန်တဲ့ခြေစွမ်းတွေဟာ အကောင်းဆုံးကစားသမားတွေကြားမှာတော့ ထင်ပေါ်လွန်းသူလည်း ဖြစ်ခဲ့တယ်။ ဒါကြောင့်လည်း ရီးရဲမက်ဒရစ်အသင်းအနေနဲ့ ရော်နယ်ဒိုရဲ့ကွက်လပ်အတွက် အမ်ဘာပေကို ပစ်မှတ်ထားနေတာလည်း မမှားဘူးလို့ ပြောရမယ်။ ပြီးခဲ့တဲ့ ရာသီကဆိုရင်လည်း သူဟာပီအက်စ်ဂျီအသင်းမှာ ပြိုင်ပွဲစုံ ၄၄ ပွဲပါဝင်ကစားပြီး ၂၁ ဂိုးသွင်းယူပေးခဲ့ကာ အသင်းကို ပြင်သစ်လိဂ်ဝမ်း ဆုဖလား ရရှိအောင် စွမ်းဆောင်ပေးခဲ့သူ ဖြစ်ပါတယ်။ ကမ္ဘာ့အကောင်းဆုံးကွင်းလယ်ကစားသမားဖြစ်တဲ့ လုကာမိုဒရစ်၊ တိုနီခရုးစ်၊ ကာဆီမီယိုတို့ရှိနေတဲ့ ရီးရဲမက်ဒရစ်အသင်းကိုသာ အမ်ဘာပေရောက်လာခဲ့မယ်ဆိုရင် သူ့ရဲ့အနာဂတ်ဟာ ပိုမိုတောက်ပလာဖို့သာ ရှိလာနိုင်ပါတယ်။

### ဟယ်ရီကိန်း

ဟယ်ရီကိန်းဟာ လက်ရှိကမ္ဘာ့ဖလားမှာ ရွှေဖိနပ်ဆုအတွက်အခွင့်အရေးအများဆုံးရှိနေတဲ့တိုက်စစ်မှူးလည်း ဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ရာသီကလည်း ပြိုင်ပွဲစုံ ၄၈ ပွဲမှာ ၄၁ ဂိုးအထိ သွင်းယူနိုင်ခဲ့သူဖြစ်တယ်။ လက်ရှိဘောလုံးလောကမှာလည်း အကောင်းဆုံးတိုက်စစ်မှူးတစ်ဦးအဖြစ် သတ်မှတ်ရမယ့်သူလည်း ဖြစ်တယ်။ တစ်ရာသီလောက်ကောင်းတဲ့ ကစားသမားလည်း မဟုတ်ဘူး။ ပရီမီယာလိဂ်မှာ အနည်းဆုံး ဂိုး ၂၀ ကျော် သွင်းယူလာတာဟာ အခုနဲ့ဆိုရင် လေးရာသီရှိခဲ့ပြီးတာကြောင့်လည်း သူဟာ ပရီမီယာလိဂ်ရဲ့ အကောင်းဆုံး တိုက်စစ်မှူး တစ်ဦးလို့ သတ် မှတ် ထားခြင်းခံရတာ ဖြစ်တယ်။ သူ့လို ကစားသမားတစ်ဦး အနေနဲ့ နောက်တစ်ဆင့် တက်လှမ်းဖို့ဆိုရင် ရီးရဲမက်ဒရစ်ဟာ အသင့်တော်ဆုံးလို့ ပြောရမယ်။ ဒါအပြင် ဟယ်ရီကိန်းရဲ့ ဂိုးသွင်းစွမ်းရည်တွေအရတော့ တိုက်စစ်မှူးရော်နယ်ဒိုရဲ့နေရာမှာ ဆက်ခံနိုင်ဖို့အတွက် အသင့်တော်ဆုံးလို့လည်း ပြောရမယ်။

### ဟာဇက်

ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်ခင်ကတည်းက ဟာဇက်ရဲ့အနာဂတ်နဲ့ပတ်သက်ပြီး ထင်ကြေးတွေက ထွက်ပေါ်နေခဲ့တာဖြစ်တယ်။ ဟာဇက်ဟာ ဇီဒန်းကို လေးစားအားကျရသူဖြစ်ပေမယ့်၊ ရီးရဲမှာ ဇီဒန်းမရှိတော့ပေမယ့် သွားရောက်ကစားဖို့ကိုတော့ နှစ်သက်မှုရှိနေဆဲ ဖြစ်တယ်လို့ မကြာသေးခင်ပဲထုတ်ဖော်ပြောဆိုထားခဲ့သေးတယ်။ ဒါကို တွက်ဆကြည့်မယ်ဆိုရင် ဟာဇက်ရဲ့ စိတ်ထဲမှာက ရီးရဲမက်ဒရစ်အသင်းက ရှိနေတယ်။ ရီးရဲမက်ဒရစ်အသင်းဟာလည်း ပြီးခဲ့တဲ့နှစ်တွေကတည်းက ဟာဇက်ကို ခေါ်ယူဖို့ စိတ်ဝင်စားနေခဲ့တာဟာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ။

ဟာဇက်ရဲ့လျင်မြန်မှု၊ နည်းစနစ်ပိုင်း ကောင်းမွန်မှု၊ အခွင့်အရေးဖန်တီးနိုင်မှုတွေကြောင့်လည်း ရီးရဲမက်ဒရစ်အသင်းနဲ့တော့အသင့်တော်ဆုံးလို့ ပြောရမှာဖြစ်ပါတယ်။ ။

## အသင်းပြောင်းရွှေ့ခြင်းအတွက် နားလည်ပေးရန် ရီးရဲပရိသတ်များအား ရော်နယ်ဒို တောင်းဆို

ပေါ်တူဂီကစားသမား ခရစ္စတီယာနိုရော်နယ်ဒိုက ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ခဲ့ရခြင်းမှာ မိမိ၏ ကစားသမားဘဝစာမျက်နှာသစ်တစ်ခု ဖွင့်လှစ်ရန်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

တိုက်စစ်ကစားသမား ရော်နယ်ဒိုက ယခုကဲ့သို့ အသင်းပြောင်းရွှေ့ခြင်းကို ရီးရဲမက်ဒရစ်အသင်းပရိသတ်များ နားလည်ပေးရန်လည်း မေတ္တာရပ်ခံကြောင်း ရီးရဲမက်ဒရစ်အသင်း ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည့် အိတ်ဖွင့်ပေးစာတွင် ရေးသားဖော်ပြခဲ့သည်။ ဂျူဗင်တပ်စ်အသင်းသည် တိုက်စစ်ကစားသမား ရော်နယ်ဒိုအား ခေါ်ယူခဲ့ခြင်းအတွက် ရီးရဲမက်ဒရစ်အသင်းအား ဘဏ္ဍာရေးနှစ် နှစ်နှစ်အတွင်း ယူရို သန်း ၁၀၀ (ပေါင် ၈၁ သန်း) နှင့် ထပ်ဆောင်း ငွေ ယူရို ၁၂ သန်း ပေးချေသွားရမည် ဖြစ်သည်။ ဇူလိုင်လ ၁၀ ရက်နေ့တွင် ဂျူဗင်တပ်စ်အသင်းနှင့် လေးနှစ်သက်တမ်းရှိစာချုပ်ချုပ်ဆိုခဲ့သူ ရော်နယ်ဒိုသည် ဂျူဗင်တပ်စ်အသင်းတွင်လည်း နံပါတ် ၇ ဂျာစီကို ဝတ်ဆင်ကစားသွား မည်ဖြစ်သည်။ ဂျူဗင်တပ်စ်အသင်းတွင် နံပါတ် ၇ ဂျာစီကို နောက်ဆုံးဝတ်ဆင်ခဲ့သည့်ကစားသမားမှာ ကိုလံဘီယာ တိုက်စစ်ကစားသမား ကူရာဒါဒိုဖြစ်ပြီး ဂျူဗင်တပ်စ်သို့ ရော်နယ်ဒို ပြောင်းရွှေ့လာပြီးနောက် ကူရာဒါဒိုအနေဖြင့် အခြားဂျာစီနံပါတ်ကို ပြောင်းလဲဝတ်ဆင်မည်ဖြစ်ကာ မည်သည့် နံပါတ် ဝတ်ဆင်မည်ဆိုသည်ကိုမူ ရွေးချယ်ရခြင်း မရှိသေးပေ။

အသက် ၃၃ နှစ်အရွယ်ရှိ ရော်နယ်ဒိုက အိတ်ဖွင့်ပေးစာတွင် “ရီးရဲမက်ဒရစ်အသင်းနဲ့ မက်ဒရစ်မြို့မှာ ရှိနေခဲ့တဲ့အချိန်က ကျွန်တော့်ဘဝမှာ အပျော်ရွှင်ဆုံးကာလတွေဖြစ်နိုင်ပါတယ်။ ကျွန်တော့်အနေနဲ့ ရီးရဲအသင်း၊ ပရိသတ်တွေနဲ့ မက်ဒရစ်မြို့ကို အလွန်ကျေးဇူးတင်တယ်လို့ ပြောရမှာပါ။ ဒါပေမယ့် ဒီအချိန်က ကျွန်တော့်ရဲ့ဘဝမှာ စာမျက်နှာသစ် ဖွင့်လှစ်ရမယ့်အချိန်လို့ ယုံကြည်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော့်ကို ခေါ်ယူဖို့ ကမ်းလှမ်းလာမှုကို လက်ခံဖို့ အတွက် ရီးရဲအသင်းတာဝန်ရှိသူတွေကို ကျွန်တော် တောင်းဆိုခဲ့တာဖြစ်ပါတယ်။ ကျွန်တော့်ကို နားလည်ပေးဖို့ ကျွန်တော့်ရဲ့ ပရိသတ်အားလုံးကို တောင်းဆိုချင်ပါတယ်”ဟု ရေးသားဖော်ပြခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းကလည်း အသင်း၏ အောင်မြင်မှုများအတွက် များစွာကူညီပေးနိုင်ခဲ့သူ ရော်နယ်ဒိုအား ကျေးဇူးတင်ရှိကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

မန်ယူကစားသမားဟောင်း ရော်နယ်ဒိုသည် ၂၀၀၉ ခုနှစ်မှ စတင်၍ ရီးရဲမက်ဒရစ်အသင်းအတွက် ပါဝင်ကစားခဲ့ကာ ပွဲပေါင်း ၄၃၈ ပွဲ ပါဝင် ကစားခဲ့ရာတွင် ဂိုးပေါင်း ၄၅၀ အထိ သွင်းယူနိုင်ခဲ့သူဖြစ်သည်။ ထို့အပြင် ရော်နယ်ဒိုသည် ရီးရဲမက်ဒရစ်အသင်းနှင့်အတူ ချန်ပီယံလိဂ်ဆုဖလား လေးကြိမ်၊ စပိန်လာလီဂါချန်ပီယံဖလား နှစ်ကြိမ်၊ စပိန်ဘုရင့်ဖလား နှစ်ကြိမ်အပါအဝင် ဆုဖလားပေါင်းများစွာရယူနိုင်ခဲ့သူဖြစ်သည်။

**ထက်အောင်**

## ဂူအတွင်း ပိတ်မိခဲ့သည့် လူငယ်ဘောလုံးသမားများ ဖီဖာကမ္ဘာ့ဖလားဗိုလ်လုပွဲသို့ တက်ရောက်နိုင်မည်မဟုတ်ဟု ဖီဖာ သတင်းထုတ်ပြန်

ထိုင်းနိုင်ငံ မယ်ဆိုင်ဂူအတွင်း ၁၇ ရက်ကြာ ပိတ်မိနေခဲ့ပြီးနောက် ပြန်လည်လွတ်မြောက်လာပြီဖြစ်သည့် ကျောင်းသားဘောလုံးသမားများနှင့် နည်းပြဖြစ်သူတို့သည် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲအား လာရောက်ကြည့်ရှုနိုင်မည်မဟုတ်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)မှ သတင်းထုတ်ပြန်လိုက်သည်။

တောဝက်လူငယ်ဘောလုံးအသင်းမှ ကစားသမား ၁၂ ဦးနှင့် နည်းပြဖြစ်သူတို့သည် မယ်ဆိုင်ဂူအတွင်း ၁၇ ရက်ကြာ ပိတ်မိနေခဲ့ပြီးနောက် ဇူလိုင်လ ၁၀ ရက်နေ့ ညနေပိုင်းတွင် ပြန်လည်ကယ်ဆယ်နိုင်ခဲ့ပြီဖြစ်သည်။ ဖီဖာက အဆိုပါ လူငယ်ကစားသမားများနှင့် နည်းပြတို့ကို ဇူလိုင်လ ၁၅ ရက်နေ့တွင် ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပမည့် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက် ကြည့်ရှုရန် ဖိတ်ကြားခဲ့သော်လည်း ဆေးဘက်ဆိုင်ရာအကြောင်းပြချက်များကြောင့် လာရောက်နိုင်မည်မဟုတ်ကြောင်း ဖီဖာမှ သတင်းထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ကျောင်းသားကစားသမားများနှင့် နည်းပြဖြစ်သူတို့ကို ကယ်ဆယ်ရာတွင် ရေတပ်သားဟောင်းတစ်ဦး သေဆုံးခဲ့ရသည်။

“ဂူအတွင်း ပိတ်မိနေတဲ့ ကျောင်းသားကစားသမားတွေနဲ့ နည်းပြဖြစ်သူတို့ ပြန်လည်လွတ်မြောက်လာပြီဆိုတဲ့ သတင်းအတွက် ဖီဖာအနေနဲ့ အလွန်ဝမ်းသာမိပါတယ်။ ဒီကယ်ဆယ်ရေးမှာ ပါဝင်ခဲ့သူတိုင်းကိုလည်း လေးလေးနက်နက် ကျေးဇူးတင်ပါတယ်။ ကံမကောင်းစွာနဲ့ပဲ ကယ်ဆယ်ရေးလုပ်ဆောင်နေချိန်အတွင်း ရေငုပ်သမားတစ်ဦး သေဆုံးခဲ့ရပါတယ်။ သေဆုံးသွားခဲ့သူရဲ့ မိသားစုနဲ့အတူ ထပ်တူဝမ်းနည်းရပါတယ်။ ထိုင်းဘောလုံးအဖွဲ့ချုပ်က ပြန်လည်လွတ်မြောက်လာပြီဖြစ်တဲ့ လူငယ်ကစားသမားတွေနဲ့ နည်းပြတို့ဟာ ဆေးဘက်ဆိုင်ရာအကြောင်းပြချက်တွေကြောင့် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲကို တက်ရောက်ဖို့ မဖြစ်နိုင်ဘူးလို့ ဖီဖာအဖွဲ့ဆီ အကြောင်းကြားခဲ့ပါတယ်။ သူတို့ဟာ လက်ရှိအချိန်မှာ မော်စကိုမြို့ကို လာရောက်ဖို့ ဖြစ်နိုင်တဲ့ အနေအထားမှာ မရှိဘူးလို့ ဆိုပါတယ်။ ဖီဖာအဖွဲ့အနေနဲ့လည်း လူငယ်ကစားသမားတွေနဲ့ နည်းပြအပါအဝင် ကယ်ဆယ်ရေးမှာ ပါဝင်ခဲ့သူတိုင်းရဲ့ကျန်းမာရေးကို ဦးစားပေးအလေးအနက်ထားပါတယ်။ သူတို့ကို ဖီဖာက ကြီးမှူးကျင်းပတဲ့ အခြားပွဲတွေမှာ ဖိတ်ခေါ်ဖို့နည်းလမ်းရှာဖွေသွားမှာပါ”ဟု ဖီဖာအဖွဲ့မှ သတင်းထုတ်ပြန်ခဲ့သည်။

**ထက်အောင်**

# မြန်မာနိုင်ငံတွင် အဆင့်မြင့်လယ်ယာစနစ် စုပေါင်းစတင်စိုက်ပျိုးနေ

**မောင်ထီလာ**

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သည်။ လက်မှုလယ်ယာစနစ်ဖြင့် စိုက်ပျိုးလုပ်ကိုင်နေသည်။ ဒီမိုကရေစီစနစ်တွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းလုပ်ကိုင်ရန် စီစဉ်နေသည်။ မြန်မာနိုင်ငံ၏ အဓိကစပါးကျီမှာ ဧရာဝတီတိုင်းဒေသကြီး ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးမှ စပါးအများဆုံးထွက်သည်။ ဧရာဝတီတိုင်းဒေသကြီးသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည်။ မြေကောင်းသည်။ ရေကောင်းသည်။ ချောင်းမြောင်း၊ အင်းအိုင်များရှိသည်။ ထို့ကြောင့် စပါးအထွက်များပြီး မြန်မာနိုင်ငံ၏ စပါးကျီဖြစ်သည်။

**အဆင့်မြင့်လယ်ယာအဖြစ် စုပေါင်းလုပ်ကိုင်နေကြပြီ**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်၊ ဓနုဖြူ၊ မြောင်းမြ၊ ညောင်တုန်း၊ ပန်းတနော်၊ ကျောင်းကုန်း၊ ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေး စသော ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် စပါးအများဆုံးစိုက်ပျိုးကြသည်။ ယခုအခါ စပါးအများဆုံးထွက်သော ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကောက်ကြီးကုန်းကျေးရွာအုပ်စု အုန်းတောကျေးရွာအနီးတွင် တောင်သူ ၁၅ ဦးက စုပေါင်း၍ အဆင့်မြင့်လယ်ယာစနစ်အဖြစ် စံပြလယ်ယာ ၁၂၂ ဒသမ ၉ ဧကကို စုပေါင်းလုပ်ကိုင်နေကြပြီဖြစ်သည်။

အဆင့်မြင့်လယ်ယာလုပ်ကိုင်ရာတွင် မျိုးကောင်း၊ မျိုးသန့်ဆင်းသုခမျိုးစပါးကို လယ်ယာစိုက်ပျိုးရေးဌာနက တစ်ဧကနို့ဆီပုံး ၁၀ ပုံးအခမဲ့ ဖြန့်ဝေပေးသည်။ မြေယာကို စက်မှုလယ်ယာဌာနက ထွန်စက်များဖြင့် ထွန်ယက်ပေးသည်။ အဆင့်မြင့်လယ်ယာစိုက်ပျိုးရန်အတွက် ပျိုးသက်နု (SRI)စနစ်ဖြင့် တစ်ပင်ချင်းစိုက်ပင်ပွားများရရန် မျိုးစပါးများ ပေးထားသည်။

အဆင့်မြင့်လယ်ယာစိုက်ပျိုးရန်အတွက် တီစူပါ၊ ယူရီးယား၊ ပိုတက်စသော ဓာတ်မြေသြဇာများကိုလည်း ပေးထားသည်။ ကျေးလက်ဖွံ့ဖြိုးရေးဌာနကလည်း ကုန်ထုတ်လမ်းကို ဖောက်ပေးထားသည်။ ကျေးလက်သမဝါယမအသင်းက တစ်ဧက ငွေကျပ် ၃၀၀၀၀၀ ထုတ်ချေးပေးထားသည်။ ရွက်စိမ်းမြေသြဇာအတွက် စိုက်ပျိုးရေးဌာနက အခမဲ့ တစ်ဧကလေးပြည်နှုန်း ပေးထားသည်။ အဆင့်မြင့်လယ်ယာ ၁၂၂ ဒသမ ၉ ဧကကို တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးသွားမည်ဖြစ်သည်။

**မြန်မာနိုင်ငံတွင် ပထမဦးဆုံးစီမံကိန်း**

အဆင့်မြင့်လယ်ယာဖော်ထုတ်ရာတွင် ဆည်မြောင်းဌာနနှင့် မင်းမနိုင်ချောင်းမှ လျှပ်စစ်မြစ်ရေတင်ဖြင့် စိုက်ပျိုးရေပေးဝေသွားမည် ဖြစ်သည်။ ယခုအဆင့်မြင့်လယ်ယာမြေဖော်ထုတ်နေသော လယ်မြေများမှာ ယခင်က လယ်တစ်ဧကတင်း ၈၀ မှ ၁၀၀ အထိ ထွက်သော လယ်မြေများဖြစ်သည်။ ယခင်က သမားရိုးကျစိုက်သော လယ်မြေများကို ယခုအခါ စက်အား၊ မျိုးကောင်း မျိုးသန့်စပါးများ နှင့် မြေသြဇာများသုံးပြီး စိုက်ပျိုးထားရာ ရက်ပေါင်း ၁၃၅ ရက်အတွင်း စိုက်ပျိုးအောင်မြင်ပြီး တစ်ဧကတင်း ၁၂၀ မှ ၁၆၀ အတွင်း ထွက်ရှိမည်ဟု တောင်သူလယ်သမားများက မျှော်လင့်ဝမ်းသာမဆုံး ရှိနေကြသည်။ ယခုအခါ စပါးများကို ပျိုးထောင်စိုက်ပျိုးနေပြီ ဖြစ်သည်။

အဆင့်မြင့်လယ်ယာစနစ်တွင်ပါဝင်သည့် မင်းမနိုင်ကျေးရွာမှ တောင်သူဦးအောင်သိန်းက အဆင့်မြင့်လယ်ယာစနစ်တွင် ၎င်းပိုင်လယ် ၂၆ ဧက ပါဝင်စိုက်ပျိုးထား၍ မျိုးကောင်းစပါးဖြင့် စိုက်ပျိုးခြင်း၊ မြေဆီလွှာဓာတ်မြေသြဇာများ ထည့်သွင်းစိုက်ပျိုးခြင်း၊ တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးထားခြင်း၊ မြေယာကို စနစ်တကျထွန်စက်ဖြင့် ထယ်ညက်အောင် ထွန်ယက်ထားခြင်းတို့ကြောင့် ၎င်းတို့အဆင့်မြင့် လယ်ယာမြေဖော်ထုတ်ခြင်းမှာ မြန်မာနိုင်ငံတွင် ပထမဦးဆုံးစီမံကိန်းဖြစ်သဖြင့် တစ်ဧက တင်း ၁၂၀ မှ ၁၈၀အထိ ထွက်မည်ဟု ခန့်မှန်းထားကြောင်း ပြောကြားသည်။

# စိုက်ပျိုးရေးစီမံကိန်းများအပေါ် လေ့လာအကဲဖြတ်ရန်လိုအပ်

**နေပြည်တော် ဇူလိုင် ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စီမံကိန်းဦးစီးဌာနတို့ ပူးပေါင်း၍ European Union, My Governance Project အစီအစဉ်ဖြင့် 'စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ'ကို ယမန်နေ့က နေပြည်တော် ဒက္ခိဏသီရိမြို့နယ် Hotel Royal ACE ၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စိုက်ပျိုးရေးဆိုင်ရာ စီမံကိန်းများစွာရှိသော်လည်း စီမံကိန်းများအပေါ် စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်းလုပ်ငန်းများအား ထိရောက်ပီပြင်စွာ လုပ်ဆောင်နိုင်မည့် စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များ လိုအပ်နေကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အတတ်ပညာ၊ ဗဟုသုတနှင့် လူသားအရင်းအမြစ်ဆိုင်ရာများတွင် အားနည်းချက်များ ရှိနေခြင်းကြောင့် စနစ်တကျဆောင်ရွက် ရန်လိုအပ်နေကြောင်း၊ ဝန်ကြီးဌာနအောက်တွင်ရှိသော ဌာနတိုင်းက ပူးပေါင်းတာဝန်ယူဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ My Governance Project မှ ဦးမောင်မောင်ကျော်က My Governance Project သည် မြန်မာနိုင်ငံ၏ လုပ်ငန်းစဉ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် အစိုးရအဖွဲ့အစည်းများအား ရည်ရွယ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခုကဲ့သို့ စိုက်ပျိုးရေးဆိုင်ရာ စီမံကိန်းများ ပိုမိုတိုးတက်စေရေးအတွက် စောင့်ကြည့်အကဲဖြတ်သွားမည့် လုပ်ငန်းစဉ်ကို ဝန်ကြီးဌာနက ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှစ၍ သုံးနှစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



အခမ်းအနားသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ စီမံကိန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ My Governance Project မှ Technical Leader Gregory Pearson (ဂရီဂိုရီဂျိမ်းစ်ပီယာဆန်)၊ ဦးမောင်မောင်ကျော် Senior Key Expert) နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သင်တန်းသူ သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# ကသာမြို့နယ်၌ ကျေးရွာနေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်ပေး

**ကသာ ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် အောင်ချမ်းသာကျေးရွာရှိ ပြည်သူများအား အခမဲ့ဆေးဝါးကုသပေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာများ အသိပညာပေးဟောပြောခြင်းကို ကသာခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်လာမာမီး ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ဇူလိုင် ၁၁ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်ဆေးရုံအုပ်ကြီးနှင့်အဖွဲ့သည် အောင်ချမ်းသာကျေးရွာရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျေးရွာနေပြည်သူများအား ကျန်းမာရေးဆိုင်ရာများ အသိပညာပေးပြောကြားပြီးနောက် ပြည်သူများအား သွေးလွှန်တုပ်ကွေးရောဂါနှင့် တီဘီရောဂါများ ရှိ၊ မရှိ အခမဲ့စမ်းသပ်ပေးခြင်း၊ ရောဂါအမျိုးမျိုးကို အခမဲ့ ဆေးဝါးကုသပေးခြင်းနှင့် အခြားလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

**လူအောင်(ကသာ)**



## သတင်းတိုများ

### ငါန်းဇွန်မြို့၌ လူထုဗဟိုပြုစီမံကိန်း သုံးသပ်ဆွေးနွေး

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်တွင် မြို့နယ်အဆင့် သက်ဆိုင်သူအဖွဲ့အစည်းပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲကို ဇူလိုင် ၁၁ ရက်က ငါန်းဇွန်မြို့ မိုးသီဂီခန်းမ၌ ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထိုက်ဦးနှင့် မြို့နယ်လူထုဗဟိုပြုစီမံကိန်းအဖွဲ့ခေါင်းဆောင် ဒေါ်အေးမြင့်သူတို့က လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဂျူရီအဖွဲ့က ကျေးရွာအုပ်စုအဆင့်နှင့် ကျေးရွာအဆင့်အလိုက် ပထမ၊ ဒုတိယ၊ တတိယ အကောင်းဆုံးလုပ်ဆောင်မှုဆုများကို ရွေးချယ်ပေးခဲ့သည်။ **ဘိုဘို(မလှိုင်)**

### ပုဗ္ဗသီရိမြို့နယ် ကျောင်းများတွင် မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေး

အခြေခံပညာ ကျောင်းသား ကျောင်းသူများ မှုခင်းအသိပညာဗဟုသုတရရှိစေရန် မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေးမှုများကို ပုဗ္ဗသီရိမြို့နယ် အထက(ခွဲ) ရေပြာကျောင်း၌ ဇူလိုင် ၁၁ ရက်က ပြုလုပ်ခဲ့ပြီး ပတ္တာနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းရွှင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဇော်လင်းထက်၊ လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်ရဲဝင်းလွင်နှင့်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်အိအိခိုင်တို့က ကျောင်းသား ကျောင်းသူများအား ပြခန်းယာဉ်ပေါ်၌ လိုက်လံရှင်းလင်းပြသခဲ့သည်။ ထို့နောက် အထက(၃)နေပြည်တော်ရှိ ကျောင်းသား ကျောင်းသူ ၁၇၀၀ ခန့်ကိုလည်း သွားရောက် အသိပညာပေးခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(ရှုပဗေဒ)**

### ကျောင်းကျန်းမာရေး သွားရောက်စစ်ဆေးပညာပေး

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် နိသောကရာမဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျောင်းကျန်းမာရေး စစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်းနှင့် ကျောင်းသား ကျောင်းသူများအား သွားနှင့်ခံတွင်းရောဂါများ စစ်ဆေးကုသခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနက ဇူလိုင် ၁၂ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ သွားဆရာဝန်ကြီး ဒေါက်တာဝင်းအောင်ဦးက စနစ်မှန်သွားတိုက်နည်းနှင့် နေ့စဉ်တစ်ရက်သုံးကြိမ် သွားတိုက်သည့် အလေ့အကျင့်ဖြစ်လာစေရန် အသိပညာပေးဟောပြောပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာမကြီး ဒေါ်ရီရီဆန်းကလည်း ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် အမှိုက်များ စနစ်တကျစွန့်ပစ်နည်းများကို ဟောပြောပြီးနောက် ကျောင်းသား ကျောင်းသူများအား သွားဆရာဝန်ကြီးနှင့်အဖွဲ့က သွားနှင့်ခံတွင်းရောဂါများ စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

### လယ်ဝေးမြို့တွင် မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြော

နေပြည်တော် လယ်ဝေးမြို့နယ် သက်ကယ်ချင်းကျေးရွာအုပ်စု မှန်တောကျေးရွာမှ ပြည်သူများအနေဖြင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် ပြစ်မှုပြစ်ဒဏ်များကို သိရှိစေရန် အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၂ ရက်က အဆိုပါကျေးရွာ မူလတန်းကျောင်း၌ ပြုလုပ်ခဲ့ပြီး ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ညွန့်နှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးအောင်ဇေယျာလင်းတို့က အသိပညာပေးဟောပြောခဲ့ပြီး ဟောပြောပွဲသို့ မှန်တောကျေးရွာမှ ဒေသခံ ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကျော်လှိုင်သင်း(နေပြည်တော်)**

### ကမ်းပါးပြိုမှုခံစားရသူများအတွက် ကူညီထောက်ပံ့

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုကြောင့် နေအိမ်များ ရွှေ့ပြောင်းရသည့် အိမ်ထောင်စုများအတွက် ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေများကို ဇူလိုင် ၁၁ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။ ထောက်ပံ့ငွေပေးအပ်ရာတွင် ဆုံကုန်းကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာ၌ စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုကြောင့် ဘေးလွတ်ရာသို့ကြိုတင်ပြောင်းရွှေ့ခဲ့ရသော နေအိမ်သုံးလုံးအတွက် တစ်အိမ်လျှင် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် တစ်သိန်းစီ၊ အိမ်ထောင်စုသုံးစုမှ လူဦးရေ ၁၉ ဦးအတွက် ဆန်ရိက္ခာထောက်ပံ့ငွေကျပ် ၃၉၉၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးတို့ကို ရွှေ့ပြောင်းမိသားစုများထံ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

### စိုက်ပျိုးရေးနည်းပညာများ သီပေါမြို့နယ်၌ ဖြန့်ဝေ

သီပေါမြို့နယ်အတွင်း ဇူလိုင် ၁၂ ရက်က ဝိုင်းတောင်ကျေးရွာ၌ စက်ကိရိယာဖြင့် အစေ့ထုတ်ပြောင်း မျိုးစေ့ချစိုက်ပျိုးခြင်း၊ လက်တွေ့သရုပ်ပြပွဲ၊ မိုင်းကင်း၊ ခိုမှုန်း၊ နောင်အန်းကျေးရွာများမှ တောင်သူများအား မျိုးစေ့၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် နမ့်ဆန်မြို့နယ်တွင် ဘိန်းအစားထိုး သီးနှံအဖြစ် ပျိုးပင်၊ ဓာတ်မြေသြဇာများ အခမဲ့ဖြန့်ဝေပေးခြင်း၊ နမ္မတူမြို့နယ်တွင် အော်ဂဲနစ်လက်ဖက်သီးနှံများ စိုက်ပျိုးရန် အီးအမ်ဘိုကာရှီ သဘာဝဓာတ်မြေသြဇာများ တွင်ကျယ်စွာပြုလုပ်သုံးစွဲရေး ပညာပေးဟောပြောခြင်းများကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

### သွေးလွန်တုပ်ကွေး ပညာပေးလုပ်ဆောင်

နေပြည်တော် တပ်ကုန်းမြို့အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ဇူလိုင် ၁၂ ရက်က ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ယုယုသိန်း၊ သွားနှင့်ခံတွင်းအထူးကုဆရာဝန် ဒေါက်တာ နိုင်အေးထက်နှင့် မိခင်နှင့်ကလေး၊ ကျောင်းကျန်းမာရေး၊ အာဟာရ ဦးစီးအရာရှိ ဒေါက်တာခိုင်သီရိတို့က ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ သွားနှင်ခံတွင်းရောဂါများ ကုသပေးခြင်းနှင့် သွေးလွန်တုပ်ကွေး ကင်းဝေးစေရေး ဟောပြောခြင်းများဆောင်ရွက်ပေးကြကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

# နိုင်ငံတကာပြိုင်ပွဲများတွင် မြားပစ်အားကစားနည်း အောင်မြင်မှုရရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**သတင်းဆောင်းပါး-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်၏ အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေး ညှိနှိုင်းအစည်းအဝေးနှင့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၊ (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲနှင့် ၂၀၁၉ ခုနှစ်တွင် ကျင်းပမည့် အကြိမ်(၃၀)မြောက်ဆီးဂိမ်းပြိုင်ပွဲတို့တွင် အောင်မြင်မှုရရှိရေး ဆောင်ရွက်မည့်ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၈ ရက်က ကျိုက္ကဆံ အမှတ်(၅)ဂိတ်ရှိ အဖွဲ့ချုပ်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါက်တာခင်ရွှေ၊ ဥက္ကဋ္ဌ ဦးဇေသီဟ၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦး(ဒုတိယအမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)နှင့် အမှုဆောင်များ၊ နည်းပြများ၊ လက်ရွေးစင်ကစားသမားဟောင်းများ တက်ရောက်ကြပြီး ဂုဏ်ထူးဆောင်နာယကက အမှာစကားပြောကြားကာ အဖွဲ့ချုပ်ဥက္ကဋ္ဌက မြန်မာမြားပစ်အားကစား အောင်မြင်မှုရရှိရေး ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဒုတိယဥက္ကဋ္ဌက အဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေးဆောင်ရွက်ထားမှုများ၊ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေး ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြခဲ့သည်။

**တစ်ကျော့ပြန် အောင်မြင်မှုရရန်**

မြန်မာမြားပစ်အဖွဲ့သည် ယခင်က အာရှအဆင့်၊ အရှေ့တောင်အာရှအဆင့် ပြိုင်ပွဲများတွင် အောင်မြင်မှုများ ဆက်တိုက်ရခဲ့သော်လည်း ယခုနောက်ပိုင်းနှစ်များတွင် အောင်မြင်မှုနှင့် ဝေးကွာလာသောကြောင့် တစ်ကျော့ပြန် အောင်မြင်မှုရရန်နှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေတံဆိပ်ရယူပြီး နိုင်ငံဂုဏ်မြှင့်တင်နိုင်သည့် အားကစားနည်းဖြစ်လာစေရန် စီမံကိန်းများချမှတ်ကာ ဆောင်ရွက်နေခြင်းဖြစ်သည်။

**လိုလေသေးမရှိအောင် ပံ့ပိုးပေးမည်**

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကက "၁၉၉၅ ခုနှစ်က စတင်ခဲ့တဲ့ မြားပစ်အားကစားနည်းဟာ အောင်မြင်မှုတွေ အများကြီးရခဲ့ပေမယ့် အခုနောက်ပိုင်းနှစ်တွေမှာ တဖြည်းဖြည်း ကျဆင်းလာခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင် မြားပစ်အားကစားနည်းကို မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်အောင်မြင်အောင် ဆောင်ရွက်ခဲ့သူဖြစ်တာကြောင့် အခုအချိန်မှာလည်း တစ်ကျော့ပြန်အောင်မြင်ဖို့ ပြန်လည်ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ မြားပစ်အားကစားနည်းဟာ ကုန်ကျစရိတ်များပြားပြီး ကစားသမားတွေအနေနဲ့ အောင်မြင်မှုရဖို့ဆိုရင် ကျွမ်းကျင်မှု၊ နည်းစနစ်ကောင်းမွန်ဖို့အပြင် စိတ်တည်ငြိမ်ဖို့လည်း လိုအပ်ပါတယ်။ မြားပစ်အားကစားနည်းမှာ တောင်ကိုရီးယားက ကမ္ဘာမှာအကောင်းဆုံးဖြစ်တာကြောင့် တောင်ကိုရီးယားနည်းပြတစ်ဦး ငှားရမ်းပေးထားပါတယ်။ လူငယ်ကစားသမားတွေများပြီး အရင်ကစားသမားတွေအနေနဲ့ အရည်အသွေးပိုတိုးတက်လာအောင် ကြိုးစားဖို့လိုသလို လူသစ်ကစားသမားတွေကလည်း အောင်မြင်တဲ့ကစားသမားဖြစ်လာအောင် လုပ်ဆောင်ရမှာပါ။ ကစားသမားတွေနဲ့ အနီးကပ်ဆုံးဖြစ်တဲ့ နည်းပြတွေကလည်း ကစားသမားတွေရဲ့လိုအပ်ချက်၊ အားနည်းချက်တွေကို စနစ်တကျ သင်ကြားပေးစေချင်ပါတယ်။ နိုင်ငံတကာပြိုင်ပွဲမှာ ရွှေတံဆိပ်ရတာက အားလုံးနဲ့သက်ဆိုင်ပါတယ်။ အုပ်ချုပ်သူနည်းပြတွေရော ကစားသမားတွေပါ စိတ်ရောကိုယ်ပါနစ်ပြီး လုပ်ဆောင်လေ့ကျင့်မယ်ဆိုရင် အောင်မြင်လာမှာပါ။ ကျွန်တော့်အနေနဲ့လည်း အရှေ့တောင်အာရှအဆင့်မှာ အောင်မြင်မှုရအောင်ပြန်လုပ်ပြီး အာရှအဆင့်၊ ကမ္ဘာ့အဆင့်အထိ ရောက်နိုင်အောင် ဆောင်ရွက်မှာပါ။ ကျွန်တော့်ဘက်က ပံ့ပိုးမှုအပိုင်းကို လိုလေသေးမရှိအောင် ပံ့ပိုးပေးမှာဖြစ်ပြီး နိုင်ငံတကာပြိုင်ပွဲတွေ ဆက်တိုက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုတွေရလာအောင် လုပ်ဆောင်သွားမှာပါ"ဟု ပြောကြားခဲ့သည်။

**ချက်ချင်း အောင်မြင်မှုရဖို့ မလွယ်**

အဖွဲ့ချုပ်ဥက္ကဋ္ဌကလည်း "ကျွန်တော် ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီးတဲ့အချိန်မှာ လူငယ်ကစားသမားတွေ ထွက်ပေါ်လာဖို့ အဓိကလုပ်ဆောင်ခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ မြားပစ်သင်တန်းတွေဖွင့်ပြီး လူငယ်ကစားသမားတွေကို တောင်ကိုရီးယားနည်းပြနဲ့ စနစ်တကျ ရွေးချယ်ခဲ့ပါတယ်။ လူငယ်မျိုးဆက်သစ်ကစားသမားတွေနဲ့ ပြန်လည်စုဖွဲ့ပြီး ယှဉ်ပြိုင်မှာဖြစ်တာကြောင့် ချက်ချင်းအောင်မြင်မှုရဖို့ မလွယ်ပါဘူး။ ဒါပေမယ့် ၂၀၁၉ နောက်ပိုင်းမှာ အောင်မြင်မှုရဲ့အသီးအပွင့်တွေ ခံစားရလာနိုင်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း မြားပစ်အားကစားနည်း တိုးတက်အောင်မြင်လာဖို့ အကောင်းဆုံးလုပ်ဆောင်မှာပါ"ဟု ပြောကြားသည်။

**အလုပ်အမှုဆောင်အဖွဲ့**

ထို့အပြင် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသည့် မူဝါဒအတိုင်း အလုပ်အမှုဆောင်အဖွဲ့ကို ရွေးကောက်သည့်ပုံစံဖြင့် ပြန်လည်ဖွဲ့စည်းမည်ဖြစ်ပြီး ရွေးကောက်ပွဲကို စက်တင်ဘာလကုန်ပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရွေးကောက်ပွဲကျင်းပမည့် အစီအစဉ်များနှင့် ပတ်သက်၍ ဒုတိယဥက္ကဋ္ဌက "မြားပစ်အဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းမှာပါ။ ဒီမိုကရေစီနည်းအတိုင်း ရွေးကောက်ပွဲပုံစံနဲ့ ရွေးချယ်မှာပါ။ အမှုဆောင်အဖွဲ့ကို စုစုပေါင်း ၂၅ ဦးနဲ့ ဖွဲ့စည်းမှာဖြစ်ပြီး ၁၈ ဦးကို မဲပေးစနစ်နဲ့ ရွေးချယ်မှာပါ။ ကျန်တဲ့ ခုနစ်ဦးကို ဥက္ကဋ္ဌက တိုက်ရိုက်ခန့်အပ်မှာဖြစ်ပါတယ်။ အသစ်ဖွဲ့စည်းမယ့် အမှုဆောင်အဖွဲ့မှာ ဂုဏ်ထူးဆောင်နာယက နှစ်ဦး၊ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌတစ်ဦး၊ ဂုဏ်ထူးဆောင် ဒုဥက္ကဋ္ဌတစ်ဦး၊ ဥက္ကဋ္ဌတစ်ဦး၊ ဒုဥက္ကဋ္ဌငါးဦး၊ အတွင်းရေးမှူး တစ်ဦး၊ တွဲဖက်အတွင်းရေးမှူးသုံးဦး၊ ဘဏ္ဍာရေးမှူး တစ်ဦး၊ အမှုဆောင် ၁၄ ဦး ပါဝင်မှာဖြစ်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်(မြားပစ်)ကို အဖွဲ့ဝင်ငါးဦးနဲ့ ဖွဲ့စည်းမှာဖြစ်ပြီး ဥက္ကဋ္ဌအဖြစ် ဦးသန့်ဇင်(ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ဒုဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး အား/ကာကော်မတီ)က ဆောင်ရွက်မှာဖြစ်ပါတယ်။ ကျန်တဲ့လေးဦးမှာ ဥပဒေနဲ့ အားကစားကျွမ်းကျင်သူတွေ၊ လက်ရွေးစင်ကစားသမားဟောင်းတွေ ပါဝင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့ချုပ်မှာ မြားပစ်အားကစားနည်းကို စိတ်ပါဝင်စားပြီး ပံ့ပိုးပေးနိုင်တဲ့သူတွေကိုလည်း ထည့်သွင်းသွားဖို့ရှိပါတယ်။ မဲပေးခွင့်ရမယ့်သူတွေ၊ ရွေးကောက်ပွဲဝင်လို့ရမယ့်သူတွေစတဲ့ အသေးစိတ်အချက်အလက်တွေကို ထပ်မံထုတ်ပြန်ပေးမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။



မြားပစ်အားကစားနည်း အောင်မြင်မှုရရေး အစည်းအဝေးပြုလုပ်စဉ်။

**လူငယ် မျိုးဆက်သစ် အားကစားသမားများဖြင့်**

"အောင်မြင်မှုတွေနဲ့ ဝေးကွာလာတာကြောင့် မျိုးဆက်သစ်ကစားသမားတွေ ပြန်လည်ရွေးချယ်ပြီး သေချာလုပ်နေပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ် ရှစ်ခုမှာ အခြေခံမြားပစ်သင်တန်းတွေ ဖွင့်လှစ်နိုင်ခဲ့ပြီး ကျန်တဲ့ခြောက်ခုမှာလည်း ဆက်လက်ဖွင့်လှစ်မှာပါ။ လူငယ်ကစားသမား ၁၀၀ ကျော်လောက် ရွေးချယ်ပြီး အဲဒီအထဲက အလားအလာကောင်းပြီး မြားပစ်အားကစားနည်းနဲ့ နိုင်ငံ့ဂုဏ်ဆောင်ချင်တဲ့သူတွေကို ပဏာမလက်ရွေးစင်အဖြစ်ရွေးချယ်ပြီး ယှဉ်ပြိုင်သွားမှာပါ။ မြားပစ်အားကစားနည်း တိုးတက်အောင်မြင်ဖို့ ဆောင်ရွက်တဲ့နေရာမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ အား/ကာညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်တို့က လိုအပ်တာတွေ ပံ့ပိုးပေးသလို မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါက်တာခင်ရွှေနဲ့ ဥက္ကဋ္ဌ ဦးဇေသီဟတို့ကလည်း လိုလေသေးမရှိအောင် ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးနေပါတယ်။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ဒေါက်တာမြလေးစိန်ကို ဇူလိုင် ၂ ရက်မှာ ခန့်အပ်တာဝန်ပေးအပ်ထားပြီးဖြစ်လို့ ကူညီပံ့ပိုး စီစဉ်ဆောင်ရွက်နိုင်မယ့်သူတစ်ဦးတိုးလာကြောင်း ဖော်ပြလိုပါတယ်။ အခုနှစ်ထဲမှာ အာရှအားကစားပြိုင်ပွဲနဲ့ အာဆီယံတက္ကသိုလ်ပြိုင်ပွဲ၊ လာမယ့်နှစ်မှာကျင်းပမယ့် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နေပါတယ်။ အာရှအားကစားပြိုင်ပွဲက အာရှအဆင့်ပြိုင်ပွဲဖြစ်တဲ့အပြင် ကျွန်တော်တို့က အခုမှပြန်ပြီးပြင်ဆင်နေရတာကြောင့် အောင်မြင်မှုရဖို့ ခက်ခဲနိုင်ပါတယ်။ ဒီပြိုင်ပွဲက အတွေ့အကြုံယူပြီး လာမယ့်ပြိုင်ပွဲအတွက် ပြင်ဆင်သွားမှာပါ။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် အာဆီယံတက္ကသိုလ်ပြိုင်ပွဲနဲ့ ၂၀၁၉ ခုနှစ်မှာ ကျင်းပမယ့် အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲမှာ အောင်မြင်မှုရယူနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟုလည်း ဒုတိယဥက္ကဋ္ဌက ဆက်လက်ပြောကြားခဲ့သည်။ ။

## နမ္မတူမြို့နယ် ဆန်ခါစံပြကျေးရွာသို့ သွင်းအားစုဓာတ်မြေသြဇာများ ထောက်ပံ့

**နမ္မတူ ဇူလိုင် ၁၂**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ်အတွင်းရှိ ဘက်စုံအဆင့်မြင့်နည်းပညာသုံး ဆန်ခါစံပြကျေးရွာမှ တောင်သူ ၁၁ ဦးအတွက် သွင်းအားစုဓာတ်မြေသြဇာ ထောက်ပံ့ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင်လ ပထမပတ်အတွင်းက ကျင်းပခဲ့သည်။

မြေသြဇာများထောက်ပံ့ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးက တောင်သူများအနေဖြင့် မြေသြဇာအသုံးချမှု၏ အသုံးဝင်ပုံနှင့် အကျိုးရှိပုံကို ပြန်လည်တင်ပြရန်လိုပြီး တင်ပြမှသာ နောင်နှစ်များတွင် သွင်းအားစုများ ပိုမို ထောက်ပံ့ပေးနိုင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်က စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဦးစီးအရာရှိ ဦးထွန်းမင်းဦးက မြေသြဇာများထောက်ပံ့ပေးသည့် ရည်ရွယ်ချက်ငါးရပ်ကို ရှင်းလင်းပြောကြားကာ တောင်သူ ၁၁ ဦးအတွက် ပုလဲမြေသြဇာ အိတ် ၃၀ နှင့် ကွန်ပေါင်း မြေသြဇာအိတ် ၃၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ **ဗထူး**



သာယာဝတီမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ကွက်သစ်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ဇူလိုင် ၁၀ ရက်က အာဟာရ နွားနို့တိုက်ကျွေးစဉ်။ သန့်ဇော်(ပြန်/ဆက်)

## အာဆီယံဖူဆယ်ကလပ် ပြိုင်ပွဲယှဉ်ပြိုင်ရန် MIC အသင်းထွက်ခွာ

**ရန်ကုန် ဇူလိုင် ၁၂**

၂၀၁၈ ခုနှစ် ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် ၂၀၁၈ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာကလပ် MIC အသင်းသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

MIC အသင်းတွင် အုပ်ချုပ်သူ- ဦးဇော်သူမောင်၊ နည်းပြချုပ်- ဦးသန်းဝဏ္ဏအောင်၊ လက်ထောက်နည်းပြ- ဦးချိုသဲမောင်၊ ဦးမောင်မောင်ဇော်၊ ဂိုးနည်းပြ- ဦးထွန်းထွန်းလတ်၊ ဂိုး-ကျော်ထက်အောင်၊ ရန်ပိုင်ဟိန်း၊ ရဲထက်နိုင်၊ ကစားသမား-ကျော်စိုးမိုး၊ ခင်ဇော်လင်း၊ အောင်သူ၊ ဥက္ကာကျော်၊ ကျော်ကျော်ထွန်း၊ ပြည့်ဖြိုးမောင်(၂)၊ ပြည့်ဖြိုးမောင်(၃)၊ ပြည့်ဖြိုးမောင်(၄)၊ နိုင်ရဲကျော်၊ ထက်မြတ်နိုင်၊ ဟိန်းလင်းစိုး၊ လှိုင်မင်းထွန်း၊ ကိုကိုလွင်တို့ လိုက်ပါသွားသည်။

ထို့ပြင် MIC အသင်းပိုင်ရှင်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များလည်း လိုက်ပါသွားသည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနည်းပြချုပ် ဦးဒွေးမြင့်မှာလည်း ပြိုင်ပွဲအားလေ့လာရန် MIC အသင်းနှင့်အတူ လိုက်ပါသွားသည်။ MIC အသင်းသည် အုပ်စု (က) တွင် အာဘီစီယမ် (ဘရူနိုင်း)၊ UYFC (ကမ္ဘောဒီးယား)၊ East Coast Heat (သြစတြေးလျ)၊ MIC (မြန်မာ)၊ အုပ်စု (ခ)တွင် ဗန်ကောက် BTS (ထိုင်း)၊ ဆာနာတက် (ဗီယက်နမ်)၊ မီလာကာယူနိုက်တက် (မလေးရှား)၊ SKN (အင်ဒိုနီးရှား) တို့ ပါဝင်နေသည်။ MIC အသင်းသည် အုပ်စုပွဲများအဖြစ် ဇူလိုင် ၁၅ ရက်တွင် ဘရူနိုင်းကလပ် အာဘီစီယမ်အသင်း၊ ဇူလိုင် ၁၆ ရက်တွင် ကမ္ဘောဒီးယားကလပ် UYFC အသင်း၊ ဇူလိုင် ၁၇ ရက်တွင် သြစတြေးလျကလပ် East Coast Heat အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

MIC အသင်းသည် ယင်းပြိုင်ပွဲတွင် သုံးကြိမ်မြောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်တွင် တတိယဆုရရှိခဲ့သည်။ **ညီမြတ်သော်တာ**

## တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၂**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၁ ရက် ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ တောင်ဥက္ကလာပဒေသာကွင်း၌ ကျင်းပခဲ့သည်။

ပထမနေ့ပွဲစဉ်တွင် အနောက်ပိုင်းခရိုင်အသင်းနှင့် အရှေ့ပိုင်းခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အနောက်ပိုင်းခရိုင်အသင်းက အရှေ့ပိုင်းခရိုင်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင်၊ အရှေ့ပိုင်းခရိုင်အသင်းတို့ ပတ်လည်အမှတ်ပေးစနစ်ဖြင့် ဇူလိုင် ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့်တာဝန်ရှိသူများ၊ ဘောလုံးဝါသနာရှင်များကြည့်ရှုအားပေးခဲ့ကြသည်။ **တင်စိုး(မြန်မာ့အလင်း)**

## လီဆူစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌဒိုင်း အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ပူတာအို၌ ကျင်းပ

**ပူတာအို ဇူလိုင် ၁၂**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် လီဆူစာပေနှင့် ယဉ်ကျေးမှုကော်မတီကကြီးမှူးကျင်းပသော အမျိုးသားအလွတ်တန်း မိုးရာသီဘောလုံးပြိုင်ပွဲကွင်းဖွင့်ပွဲကို ယမန်နေ့ညနေပိုင်းက ပူတာအိုမြို့နယ် ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲ၏အဖွင့်ပွဲစဉ်အဖြစ် ဟိုခိုရပ်ကွက်နှင့်မူလာရှီးဒီကျေးရွာတို့ ယှဉ်ပြိုင်ကစားခဲ့ကာ ပြိုင်ပွဲတွင် အသင်းပေါင်း ၂၂ သင်းပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး တစ်ရက်လျှင် နှစ်ပွဲစီယှဉ်ပြိုင်သွားမည်ဖြစ်ရာ ဩဂုတ် ၁၇ ရက်တွင် ဗိုလ်လုပွဲနှင့်ဆုပေးပွဲ အခမ်းအနားကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်**

**နေပြည်တော် ဇူလိုင် ၁၂**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ် ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# တယ်လီနောဇ၏ 4G ကွန်ရက်ကို မြို့နှင့် ကျေးလက်အများအပြားတွင် တိုးချဲ့သွားမည်

**ရန်ကုန် ဇူလိုင် ၁၂**
တယ်လီနောမြန်မာအနေဖြင့် ပြည်တွင်း မြို့ကြီးအများစု၌ ဝန်ဆောင်မှုပေးလျက်ရှိသည့် 4G/LTE ကွန်ရက်ကို နိုင်ငံတစ်ဝန်းရှိ မြို့နယ်နှင့် ကျေးလက်အများအပြားအထိ တိုးချဲ့ပေးအပ်နိုင်ရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်ကုန်တွင် မြို့နယ်ပေါင်း ၂၅၀ အထိ ကွန်ရက်လွှမ်းခြုံနိုင်ရန် ရည်ရွယ်ထားကြောင်း တယ်လီနောမြန်မာမှ သိရသည်။

လက်ရှိတွင် နိုင်ငံတစ်ဝန်းရှိ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးမှ မြို့ပေါင်း ၁၈၀ ကျော်ကို လွှမ်းခြုံထားပြီးဖြစ်သော 4G/LTE ကွန်ရက်ကို နိုင်ငံတစ်ဝန်းရှိ ပိုမိုများပြားသော လူဦးရေပမာဏအား လွှမ်းခြုံနိုင်ရန် ရည်ရွယ်ကာ ဆက်လက်တိုးချဲ့သွားမည်ဖြစ်ကြောင်း၊ ဇူလိုင်လအတွင်း ပထမအသုတ်အနေဖြင့် ကွန်ရက်တိုးချဲ့မည့် အစီအစဉ်တွင် ဧရာဝတီ၊ ပဲခူး၊ မကွေး၊ စစ်ကိုင်း တိုင်းဒေသကြီးများနှင့် ကချင်၊ ကယား၊ ကရင်၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် ချင်းပြည်နယ်များရှိ မြို့နယ်အများအပြား ပါဝင်မည်ဖြစ်ကြောင်း၊ ဆက်လက်၍လည်း တယ်လီနော၏ 4G/LTE ကွန်ရက် တိုးချဲ့လွှမ်းခြုံသွားမည့်မြို့နယ်များတွင် ချင်းပြည်နယ်ရှိ ဖလမ်းနှင့် ထန်တလန်မြို့နယ်များ၊ ကရင်ပြည်နယ်ရှိ သံတောင်ကြီးမြို့နယ်နှင့် ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူ၊ ရသေ့တောင်၊ ရမ်းဗြဲ၊ ဘူးသီးတောင်၊ မောင်တော၊ ပေါက်တောနှင့် ဂွမြို့နယ်များ အပါအဝင် မြို့နယ်များစွာပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"လာမယ့်ကာလအတွင်းမှာ ကျွန်တော်တို့ရဲ့ 4G ကွန်ရက်ကို နောက်ထပ် မြို့အသီးသီးနဲ့ မြို့နယ်အသီးသီးမှာ တိုးချဲ့လွှမ်းခြုံထားဖို့ ကြိုးပမ်းနေပြီး အသုံးပြုသူအများအပြားအနေနဲ့ ကျွန်တော်တို့ရဲ့အသက်သာဆုံးနဲ့ အလျင်မြန်ဆုံး ဒေတာကွန်ရက်ကို သုံးစွဲနိုင်တော့မှာဖြစ်ပါတယ်"ဟု တယ်လီနောမြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေးအရာရှိချုပ် Amaresh Kumar က ပြောကြားသည်။

ကွန်ရက်တိုးချဲ့ခြင်းနှင့်အတူ ကွန်ရက်၏ အရည်အသွေးအတွက်လည်း တယ်လီနော၏ ကွန်ရက်ဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ 4GLeo က နိုင်ငံတစ်ဝန်းလှည့်လည်၍ အသုံးပြုသူများနှင့် တွေ့ဆုံခြင်း၊ တယ်လီနော၏ ကွန်ရက်အရည်အသွေး တိုင်းတာစစ်ဆေးခြင်းတို့ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"တယ်လီနောရဲ့ 4G ကွန်ရက် လွှမ်းခြုံထားပြီးတဲ့ မြို့နယ်အတော်များများကို ကျွန်တော်သွားရောက်ခဲ့ပါတယ်။ ကျွန်တော် ကွန်ရက်လှည့်လည်စစ်ဆေးရင်း အသုံးပြုသူတွေနဲ့ တွေ့ဆုံစကားပြောခဲ့ရာမှာ တယ်လီနောကွန်ရက်အရည်အသွေးနဲ့ပတ်သက်ပြီး အပြုသဘောဆောင်တဲ့ အကြံပြုချက်တွေကို ရရှိခဲ့ပါတယ်။ နောက်ပြီး ကွန်ရက်နဲ့ပတ်သက်ပြီး ပြဿနာအနည်းငယ်ကြုံတွေ့နေရတဲ့ အသုံးပြုသူတွေကိုလည်း ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်"ဟု 4GLeo က ပြောသည်။

တယ်လီနောမြန်မာသည် ၎င်း၏ 4G/LTE ဝန်ဆောင်မှုများကို မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်နှစ် ဇွန်လက စတင်ပေးအပ်ခဲ့ပြီး လက်ရှိအချိန်တွင် ဆက်သွယ်ရေးတာဝါတိုင်ပေါင်း ၈၀၀၀ ကျော်ဖြင့် မြို့ပေါင်း ၁၈၀ ကျော်၌ 4G ကွန်ရက်များနှင့် အခြားမြို့များ၌ 3G ကွန်ရက်များဖြင့် အသုံးပြုသူပေါင်း ၁၉ သန်းကျော်အား ဝန်ဆောင်မှုပေးလျက်ရှိသည်။ အင်တာနက်မြန်နှုန်း တိုင်းတာသည့် ကမ္ဘာ့ထိပ်တန်းအဖွဲ့အစည်းတစ်ခုဖြစ်သော Ookla က ၂၀၁၇ ခုနှစ် နောက်ပိုင်းခြောက်လအတွင်း ပြည်တွင်းအင်တာနက်မြန်နှုန်း တိုင်းတာချက်များအရ တယ်လီနောမြန်မာအား ထိုနှစ်အတွက် မြန်မာနိုင်ငံ၏အမြန်ဆုံး အင်တာနက်ကွန်ရက်ဆုကို ယခုနှစ် ဧပြီလအတွင်းက ပေးအပ်ခဲ့ပြီးကြောင်း ထိုလအတွင်းမှာပင် တယ်လီနောနှင့် Ericsson တို့ပူးပေါင်း၍ အင်တာနက်မြန်နှုန်းစမ်းသပ်မှုတစ်ရပ်ကို လုပ်ဆောင်ခဲ့ရာ မြန်မာနိုင်ငံတွင် အမြန်ဆုံးစံချိန်သစ်ဖြစ်သည့် 1Gbps မြန်နှုန်းအထိ ရရှိခဲ့ကြောင်း သိရသည်။

**သူရဖြိုး**

# ဖုန်းခေါ်ဆိုချိန် စက္ကန့်အလိုက် ဘေလ်ကောက်ခံသည့်စနစ်ကို Mytel ကပထမဆုံး စတင်အသုံးပြု

**ရန်ကုန် ဇူလိုင် ၁၂**
ပြီးခဲ့သည့်လအတွင်းက စတင်ဝန်ဆောင်မှုပေးခဲ့သော အော်ပရေတာအသစ်ဖြစ်သည့် Mytel အနေဖြင့် ဖုန်းခေါ်ဆိုခ ကောက်ခံရာတွင် တစ်စက္ကန့်ချင်းအလိုက် တွက်ချက်ကောက်ခံသည့်စနစ်ကို ပထမဆုံးအသုံးပြုထားကြောင်း Mytel မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြန်မာနိုင်ငံမှ သုံးစွဲသူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသွားမည့် ရေရှည်ရည်မှန်းချက်အရ Mytel သည် မြန်မာ့ဆက်သွယ်ရေးဈေးကွက်သို့ စတင်ဝင်ရောက်လာချိန်မှစ၍ ထူးခြားသောအစီအစဉ်များကို မိတ်ဆက်ပေးလျက်ရှိကာ တစ်စက္ကန့်ချင်းအလိုက် ဘေလ်ကောက်ခံသည့် 1s=1s သည်လည်း ထူးခြားသော ဝန်ဆောင်မှုများထဲမှတစ်ခုဖြစ်ပြီး တစ်စက္ကန့်ချင်းအလိုက် ဘေလ်ကောက်ခံသည့်စနစ်အရ သုံးစွဲသူများသည် မိမိတို့ဖုန်းခေါ်ဆိုမှု၏ ကြာမြင့်ချိန်အလိုက် အတိအကျကိုသာ ပေးဆောင်ရမည်ဖြစ်သည်။ လက်ရှိအခြားအော်ပရေတာများအသုံးပြုနေသည့် ဘေလ်ကောက်ခံစနစ်မှာ ခြောက်စက္ကန့်လျှင် တစ်ဖြတ်ဖြင့် ဘေလ်ကောက်ခံနေခြင်းဖြစ်ကြောင်း သိရသည်။

Mytel ၏ ပြင်ပဆက်ဆံရေး အမှုဆောင်အရာရှိချုပ် ဦးဇော်မင်းဦးက "Mytel ရဲ့ရည်မှန်းချက်များစွာထဲက တစ်ခုက သုံးစွဲသူတွေရဲ့ယုံကြည်မှုကိုရယူပြီး ခိုင်မာတဲ့ ပေါင်းစည်းမှုများ ရရှိနိုင်ဖို့ပဲဖြစ်ပါတယ်။ ဒီအရာတွေကို အကောင်အထည်ဖော်နိုင်ဖို့ ပွင့်လင်းမြင်သာရှိခြင်းက အဓိကကျတဲ့အတွက် 1s=1s အစီအစဉ်ကို မိတ်ဆက်ပေးတာဖြစ်ပါတယ်။ သုံးစွဲသူတွေအနေနဲ့ ဖုန်းခေါ်ဆိုတဲ့ အချိန်အလိုက်သာ ပေးဆောင်ရမှာဖြစ်ပါတယ်။ သုံးစွဲသူတွေလည်း ကြိုက်နှစ်သက်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောသည်။

ဖုန်းခေါ်ဆိုမှုပြီးတိုင်းတွင် ခေါ်ဆိုမှုတိုင်းအတွက် ကြာချိန်နှင့် ကျသင့်ငွေကိုလည်း အသုံးပြုသူထံ ပေးပို့သွားမည်ဖြစ်ကာ သုံးစွဲသူများအနေဖြင့် အဆိုပါအချက်အလက်များကိုလည်း အချိန်မရွေး ပြန်လည်စစ်ဆေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

Mytel သည် ဇွန် ၉ ရက်မှစ၍ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝန်ဆောင်မှုများကို စတင်မိတ်ဆက်ပေးခဲ့ပြီး ဇူလိုင်လဆန်းတွင် အသုံးပြုသူ တစ်သန်းကျော်ရှိပြီဖြစ်ကြောင်းနှင့် Mytel အနေဖြင့် ၎င်း၏ အစီအစဉ်များ၊ ဝန်ဆောင်မှုများ၊ လူထုအကျိုးပြုအစီအစဉ်များမှတစ်ဆင့် မြန်မာနိုင်ငံရှိ သုံးစွဲသူများ၏ လုပ်ကိုင်နေထိုင်မှုဘဝများကို အဆင့်မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း Mytel က သတင်းထုတ်ပြန်ထားသည်။

**သူရဖြိုး**

## New Product

# မြင့်မားတဲ့ ကင်မရာစွမ်းဆောင်ရည်များနဲ့ ဆမ်ဆောင်း Galaxy A8 Star စမတ်ဖုန်းသစ်




Galaxy A8 Star စမတ်ဖုန်းဟာ ဆမ်ဆောင်းရဲ့ နောက်ဆုံးထွက်ဖုန်းမော်ဒယ်သစ်တွေထဲက တစ်ခုဖြစ်ပြီး ကင်မရာပိုင်းစွမ်းဆောင်ရည် အထူးကောင်းမွန်သလို အခြား မြင့်မားတဲ့စွမ်းဆောင်ရည်တွေနဲ့ တန်ဖိုးမြင့်ဖုန်းတစ်လုံးဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်မှာ ဇွန် ၂၇ ရက်က စတင်မိတ်ဆက်ခဲ့ပြီး ရောင်းချတာကတော့ ဇူလိုင် ၁၀ ရက်ကမှ စတင်ရောင်းချပါတယ်။

မျက်နှာပြင်အကျယ်က ၆ ဒသမ ၃ လက်မရှိပြီး ဖုန်းစခရင်ဟာ အပေါ်နဲ့အောက် ပေါင်နေရာအနည်းငယ်ကလွဲရင် မျက်နှာပြင်အပြည့်နီးပါးဖြစ်ပါတယ်။ ရုပ်ထွက်အရည်အသွေးလည်း အထူးကောင်းမွန်ပြီး စခရင်ရဲ့အချိုးဟာ ၁၈.၅း၉ ဖြစ်လို့ နောက်ဆုံးထွက် ၁၈း၉ ဖုန်းတွေထက်တောင် ပိုပြီးရှည်သွယ်နေတဲ့ ပုံစံဖြစ်ပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ 8.0(Oreo)ကို အသုံးပြုထားပြီး Kryo Octa-core CPU နဲ့ RAM 4GB ပါဝင်လို့ စွမ်းဆောင်ရည်မြင့်မားပြီး အပလီကေးရှင်းအမျိုးမျိုး၊ ဂိမ်းအမျိုးမျိုးကို ပေါ့ပါးစွာ သုံးစွဲနိုင်မှာဖြစ်ပါတယ်။ အင်တာနယ်မင်မိုရီက 64 GB ပါဝင်လို့ ပမာဏများပြားသလို မင်မိုရီကတ် ထပ်စိုက်သုံးရင်လည်း 512 GB အထိပါ ထောက်ပံ့ပေးနိုင်တာကြောင့် လက်ရှိထွက်ထားတဲ့ဖုန်းတွေထဲမှာ မင်မိုရီကတ်ကို ပမာဏအများဆုံး support လုပ်ပေးနိုင်တဲ့ဖုန်းလည်း ဖြစ်ပါတယ်။ မင်မိုရီကတ်ကို ဒုတိယဆင်းကတ်နေရာမှာ ထည့်သုံးရမှာဖြစ်တာကြောင့် မင်မိုရီကတ်သုံးရင်တော့ ဆင်းကတ်ကို တစ်ကတ်ပဲ သုံးနိုင်မှာဖြစ်ပါတယ်။

Galaxy A8 Star ရဲ့ ကင်မရာပိုင်းကတော့ စွမ်းဆောင်ရည်အထူးကောင်းမွန်ပြီး နောက်ကင်မရာဟာ ၂၄ မဂ္ဂါပစ်ဇယ်နဲ့ ၁၆ မဂ္ဂါပစ်ဇယ်ပါဝင်တဲ့ Dual ကင်မရာဖြစ်လို့ အလင်းရောင်အားနည်းချိန်တွေမှာတောင် အရည်အသွေးကောင်းတဲ့ပုံတွေ ရိုက်နိုင်မှာဖြစ်ပါတယ်။ ရှေ့ဘက် ဆယ်လ်ဖီကင်မရာကလည်း ၂၄ မဂ္ဂါပစ်ဇယ်ရှိလို့ ဆယ်လ်ဖီဝါသနာရှင်တွေအတွက်လည်း အဆင်ပြေစေမှာဖြစ်ပါတယ်။ လက်ဗွေစနစ်လည်း ပါဝင်ပြီး ဘက်ထရီပိုင်းအနေနဲ့လည်း 3700 Li-Ion ဘက်ထရီပါဝင်လို့ စွမ်းဆောင်ရည် မြင့်မားပါတယ်။

Galaxy A8 Star ကို ကိုယ်ထည်အရောင် အဖြူရောင်နှင့် အနက်ရောင် နှစ်မျိုးရနိုင်ပြီး ပြည်တွင်းမှာ ဇူလိုင် ၁၀ ရက်ကစပြီး အထူးအစီအစဉ်တွေနဲ့အတူ ကျပ် ၇၉၉၀၀၀ နဲ့ ရောင်းချနေပါတယ်။

**သူရဖြိုး**

# ဟွာဝေး P20 Pro ကို ကံစမ်းနိုင်မည့် အစီအစဉ် ဟွာဝေးနှင့် Grab တို့ ပူးပေါင်းပြုလုပ်

**ရန်ကုန် ဇူလိုင် ၁၂**
ပြည်တွင်းဈေးကွက်အတွင်းသို့ ဇွန်လအတွင်းက စတင်ဝင်ရောက်ခဲ့သည့် ဟွာဝေး၏ နောက်ဆုံးထွက်ဖုန်းတစ်မျိုးဖြစ်သော Huawei P20 Pro ဖုန်းကို ကံစမ်းရယူနိုင်မည့် အစီအစဉ်တစ်ခုကို ဟွာဝေးနှင့် Grab တက္ကစီတို့ ပူးပေါင်း၍ ဇူလိုင် ၆ ရက်မှ စတင်ပြုလုပ်ထားကြောင်း သိရသည်။

ယာဉ်အငှားဝန်ဆောင်မှုကုမ္ပဏီဖြစ်သည့် Grab သည် ၎င်းတို့၏ ခရီးသည်များ စီးနင်းခဲ့သည့် ခရီးစဉ်တစ်ခုချင်းစီတွင် ကုန်ကျခဲ့သည့် ယာဉ်စီးခပမာဏအပေါ် မူတည်ပြီး ရရှိထားသည့်ပွိုင့်များကိုအသုံးပြုကာ အထူးဈေးနှုန်းနှင့် ခံစားခွင့်များ ပြန်လည်ရရှိနိုင်မည့် Grab Rewards ပုံစံအသစ်ကို မိတ်ဖက်ကုမ္ပဏီ ၁၅ ခုကျော်နှင့် ချိတ်ဆက်၍ မေလအတွင်းက စတင်မိတ်ဆက်ထားခဲ့သည်။ အဆိုပါ Grab Rewards အစီအစဉ်တွင် အစားအသောက်၊ ဖျော်ဖြေရေး၊ နေ့စဉ် အသုံးအဆောင် ပစ္စည်းများနှင့် ဝန်ဆောင်မှုရယူနိုင်မည့် အကျိုးခံစားခွင့်များပါဝင်ပြီး ဟွာဝေးနှင့်လည်း ဇွန် ၂၂ ရက်က ပူးပေါင်းခဲ့ကာ ထိုအစီအစဉ်အရ Grab သုံးစွဲသူများသည် ၎င်းတို့၏ပွိုင့်များဖြင့် ဟွာဝေး P20 Pro စမတ်ဖုန်းများကို ကံစမ်းနိုင်မည့် အခွင့်အရေး ရရှိမည်ဖြစ်ကြောင်း၊ Grab သုံးစွဲသူများအတွက် ဇွန် ၂၂ ရက်မှ ဇူလိုင် ၅ ရက်အထိအတွင်း Y6 Prime 2018 နှစ်လုံးကိုလည်း အဆိုပါ Grab Rewards အစီအစဉ်အရ မဲဖောက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဟွာဝေး P20 Pro စမတ်ဖုန်းသည် Leica ကင်မရာသုံးလုံး ပါဝင်ပြီး စွမ်းဆောင်ရည်မြင့်သည့် အသိဉာဏ်တုနည်းပညာများကြောင့် သုံးစွဲသူများ၏ စိတ်ဝင်စားမှုကို ရရှိနေသည့် ဖုန်းတစ်လုံးဖြစ်ကာ အထူးသဖြင့် ကင်မရာပိုင်းတွင် ခေတ်သစ်စမတ်ဖုန်းလောက၏ အမြင့်မားဆုံး pixel ပမာဏဖြစ်သည့် 40MP RGB sensor၊ အဖြူအမည်းဓာတ်ပုံများကို ဖမ်းယူပေးမည့် 20MP monochrome sensor၊ တယ်လီဖိုတို မှန်ဘီလူး (telephoto lens) အတွက် 8MB sensor တို့ ပါဝင်ပြီး အရာဝတ္ထုပေါင်း ၁၉ မျိုးကို ခွဲခြားသိရှိနိုင်မည့် AI နည်းပညာနှင့် အခြားနည်းပညာများ ပါဝင်သည့် အရည်အသွေးမြင့် စမတ်ဖုန်းလည်းဖြစ်သည်။

**ကျော်ဇင်ဦး**

# ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ MCPA Day ၏ Career Fair ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၂**
ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းသည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့်ပူးပေါင်းပြီး ICT လူ့စွမ်းအားအရင်းအမြစ်များနှင့် ICT Industry ရှိ ကုမ္ပဏီများကြားချိတ်ဆက်ပေးနိုင်ရန် ရည်ရွယ်၍ MCPA Day ကို ဩဂုတ် ၁၅ ရက်တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ MCPA Day အခမ်းအနားတွင် ICT နယ်ပယ်၌ အလုပ်လုပ်ကိုင်ကြမည့်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဟောပြောဆွေးနွေးပွဲများ ပါဝင်မည်ဖြစ်သလို ICT နည်းပညာကို အသုံးပြုနေသော ကုမ္ပဏီများအနေဖြင့်လည်း မိမိတို့၏လုပ်ငန်းများကို ကျောင်းသား ကျောင်းသူများ သိရှိစေရန်၊ မိမိတို့ကုမ္ပဏီအတွက် လိုအပ်လျက်ရှိသော ICT လူ့စွမ်းအားအရင်းအမြစ်များကို ခေါ်ယူခန့်ထားနိုင်စေရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ Career Fair တွင် ပါဝင်ပြသလိုသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ကုမ္ပဏီအမည်၊ Logo နှင့် မှတ်ပုံတင်ကြေး ကျပ်တစ်သိန်းနှင့်အတူ အဆိုပြုလွှာကို မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၉)၊ မြေညီထပ်သို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ အီးမေးလ် yrcpaoffice@gmail.com သို့ ဆက်သွယ်၍ဖြစ်စေ ဇူလိုင် ၃၁ ရက် နောက်ဆုံးထားပြီး ပေးပို့နိုင်ကြောင်းလည်း မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ ထုတ်ပြန်ထားချက်အရ သိရသည်။

**ကျော်ဇင်ဦး**

# ရန်ကုန်မြို့လယ်နှင့် အချို့နေရာများတွင် MPT ၏ FTTH အင်တာနက်ဝန်ဆောင်မှု ချဲ့ထွင်

**ရန်ကုန် ဇူလိုင် ၁၂**
ရန်ကုန်မြို့လယ် မြို့နယ်ခြောက်ခုဖြစ်သည့် ပန်းဘဲတန်း၊ လမ်းမတော်၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ ပုဇွန်တောင်နှင့် လသာမြို့နယ်များနှင့် မြို့ပေါ်နေရာအချို့ဖြစ်သည့် စမ်းချောင်းမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျောက်မြောင်းရပ်ကွက်နှင့် ယုဇနပလာဇာအနီးတစ်ဝိုက်တို့တွင် MPT ၏ အိမ်သုံး ဖိုက်ဘာအင်တာနက်ဝန်ဆောင်မှု (FTTH) ဆက်လက်တိုးချဲ့သည့် အစီအစဉ်များကို ဇူလိုင် ၅ ရက်မှစ၍ စတင်လိုက်ပြီဖြစ်ကြောင်း MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ FTTH ကို တပ်ဆင်အသုံးပြုရန်အတွက် အစီအစဉ်သုံးမျိုး သတ်မှတ်ထားပြီး အမြန်နှုန်း 2Mbps အတွက် လစဉ်ကြေး ကျပ် ၃၉၀၀၀၊ အမြန်နှုန်း 5Mbps အတွက် လစဉ်ကြေး ကျပ် ၆၉၀၀၀ နှင့် 10Mbps အတွက် လစဉ်ကြေး ကျပ် ၁၀၉၀၀၀ ဖြစ်ကာ အသုံးပြုသူများအနေဖြင့် သတ်မှတ်အမြန်နှုန်းများအတိုင်း အကန့်အသတ်မဲ့ အင်တာနက်ကို ရရှိအသုံးပြုနိုင်မည်ဖြစ်သည်။ ကနဦးတပ်ဆင်ခမှာ မည်သည့်အစီအစဉ်အတွက်မဆို ကျပ်ငါးသောင်းဖြစ်ပြီး ယခုစတင်ဝန်ဆောင်မှုပေးချိန်တွင် တပ်ဆင်အသုံးပြုမည့်သူများအနေဖြင့် ပရိုမိုးရှင်းကာလဖြစ်သည့် ဇူလိုင် ၂၅ ရက်အတွင်း ကနဦးတပ်ဆင်ခ အခမဲ့တပ်ဆင်နိုင်ခွင့်ကိုလည်းရရှိမည်ဟု သိရသည်။

အဆိုပါ ဝန်ဆောင်မှုအသစ်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက MPT အမှတ်တံဆိပ်စတိုးဆိုင်များတွင်ဖြစ်စေ၊ ဖုန်းနံပါတ် ၁၀၆ (သို့မဟုတ်) ၀၁-၂၃၉၉၁၀၆ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်သလို MPT ၏ဝက်ဘ်ဆိုက် http://mpt.com.mm/mm/တွင်လည်း ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး MPT အနေဖြင့် ရန်ကုန်မြို့အပြင် မန္တလေးနှင့် အခြားသောဒေသများသို့လည်း FTTH အင်တာနက်စနစ်ကို ချဲ့ထွင်နိုင်ရန် ဆက်လက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**



# မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းဝင်များ ပေ ၆၀၀၀ ကျော်မြင့်သည့် ဆင်တောင်သို့ တက်ရောက်မည်

**မိတ္ထီလာ ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ မိတ္ထီလာ ခြေလျင်နှင့်တောင်တက်အသင်းမှ အမြင့်ပေ ၆၂၈၀ ရှိသော ကလောမြို့ရှိ ဆင်တောင်အား ဇူလိုင် ၁၅ ရက်တွင် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မိတ္ထီလာ ခြေလျင်နှင့် တောင်တက်အသင်းက ၂၀၁၈ ခုနှစ်မှာ လတိုင်း တောင်တွေ ရွေးချယ်ပြီးတက်ရောက်ဖို့ စီစဉ်ထားပါတယ်။ လေ့ကျင့်မှုကတော့ စနေနေ့တိုင်း မိတ္ထီလာကန်တစ်ပတ် လမ်းလျှောက်လေ့ကျင့်ပါတယ်။ ဇွန် ၂၄ ရက်က အမြင့်ပေ ၃၇၀၀ ကျော်ရှိတဲ့ ကူမဲမြို့က ပြက္ခရွှေတောင်ကို တက်ခဲ့ပါတယ်။ လာမယ့် ၁၅ ရက်မှာ အမြင့်ပေ ၆၂၈၀ ရှိတဲ့ ကလောမြို့ ဆင်တောင်ကို တက်မှာပါ။ သြဂုတ်လမှာတော့ အမြင့်ပေ ၅၈၀၀ ကျော်ရှိတဲ့ ကလောမြို့ မြင်းမထိတောင်နဲ့ စက်တင်ဘာလမှာ အမြင့် ၄၉၈၁ ပေရှိတဲ့ ပုပ္ပါးတောင်မကြီးတို့ကို တက်ဖို့စီစဉ်ထားပါတယ်။ နိုဝင်ဘာလမှာတော့ အမြင့်ပေ ၁၀၂၀၀ ရှိတဲ့ ချင်းပြည်နယ် နတ်မတောင်နဲ့ ၂၀၁၉ ဇန်နဝါရီမှာ ရှမ်းပြည်နယ်က အမြင့် ၇၇၉၃ ပေရှိတဲ့ အရှေ့မြင် အနောက်မြင်တောင်ကို တက်မယ်။ အဲဒီလဆိုရင် တောင်ပေါ်မှာ တောင်ဇလပ်ပန်းပွင့်တဲ့ အချိန်မို့ အလှအပကို ခံစားရအောင် ရွေးချယ်တာပါ"ဟု မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းမှ ဦးအောင်ကြိုင်က ပြောသည်။

မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်း၏ အဓိကရည်ရွယ်ချက်မှာ လူငယ်များ မူးယစ်ဆေးဝါး စိတ်ဝင်စားမှု လျော့ကျစေရေးနဲ့ သဘာဝအလှတရားကို ခံစားနားလည်ပြီး တောင်တက်အားကစားကို စိတ်ပါဝင်စားလာစေရန် ရည်ရွယ်ကြောင်း၊ မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းသည် ရေခဲတောင်သို့ တက်ရောက်ရန် ရည်ရွယ်ထားပြီး အမြင့်ပေ ၁၁၉၂၀ ရှိသည့် ဖုန်ကန်ရာဇီရေခဲတောင်သို့ ဖေဖော်ဝါရီလတွင် ဒုတိယအကြိမ်တက်ရောက်နိုင်ရန်လည်း ရည်ရွယ်ထားကြောင်း သိရသည်။

မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းသည် ၂၀၁၇ ခုနှစ်က အမြင့်ပေ ၆၂၈၀ ရှိသော သာစည်မြို့နယ်ရှိ ဆင်တောင်ကို ဇူလိုင်လအတွင်းက လည်းကောင်း၊ အမြင့် ၄၉၈၁ ပေရှိသော ပုပ္ပါးတောင်မကြီးကို သြဂုတ်လအတွင်းကလည်းကောင်း၊ အမြင့်ပေ ၅၈၀၀ ကျော်မြင့်သော ကလောမြို့ မြင်းမထိတောင်ကို စက်တင်ဘာလအတွင်းကလည်းကောင်း၊ အမြင့်ပေ ၃၇၀၀ ကျော်မြင့်သော ကူမဲမြို့ ပြက္ခရွှေတောင်ကို စက်တင်ဘာလအတွင်းက လည်းကောင်း၊ ရှမ်းပြည်နယ် ရွာငံရှိ အမြင့် ၇၇၉၃ ပေမြင့်သော အရှေ့မြင် အနောက်မြင်တောင်ကို ဒီဇင်ဘာလအတွင်းကလည်းကောင်း တက်ရောက်ခဲ့ပြီး ၂၀၁၈ ခုနှစ်အတွင်း ပထမဆုံး အကြိမ်အဖြစ် အမြင့်ပေ ၁၁၉၂၀ ရှိသော ကချင်ပြည်နယ် ပူတာအိုမြို့နယ်ရှိ ဖုန်ကန်ရာဇီရေခဲတောင်အား လည်းကောင်း တက်ရောက်ခဲ့သည်။

မိတ္ထီလာခြေလျင် နှင့်တောင်တက်အသင်းမှာ မိတ္ထီလာမြို့ 'ကမ်းလက်များ' ပရဟိတအသင်းမှ ပေါက်ဖွားလာသော အသင်းဖြစ်ပြီး အဖွဲ့ဝင်အင်အား ၁၅၀ ခန့်ရှိကာ အထက်မြန်မာပြည်တွင် အသင်းသူ အသင်းသား အများဆုံး ခြေလျင်တောင်တက်အသင်းအဖြစ် ရပ်တည်နေကြောင်း မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းမှ သိရသည်။

**ဘိုဘို(မလှိုင်)**

# အရည်အသွေးပြည့်သီးနှံများ ထုတ်လုပ်မှုပါဝင်သည့် အာဆီယံသီးနှံကဏ္ဍဖွံ့ဖြိုးရေး စတင်မည်

**နေပြည်တော် ဇူလိုင် ၁၂**

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၊ NGO / INGO အဖွဲ့အစည်းများအကြား သီးနှံကဏ္ဍဆိုင်ရာဖွံ့ဖြိုးရေးနှင့် အဆင့်မြှင့်တင်ရေးတို့ကို ရည်မှန်းချက်ထားဆောင်ရွက်နေကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကလည်း အာဆီယံနိုင်ငံများအားလုံး ပူးပေါင်းပါဝင်သည့် လုပ်ငန်းဆောင်ရွက်မှုမဟာဗျူဟာ (SPA) စီမံကိန်းကို ၂၀၁၆-၂၀၂၀ ခုနှစ်အထိလည်းကောင်း၊ မြန်မာနိုင်ငံ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS) စီမံကိန်းကို ၂၀၁၈-၂၀၁၉ ခုနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ်အထိလည်းကောင်း စီမံကိန်းကာလများ သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။



အာဆီယံသီးနှံကဏ္ဍဆိုင်ရာ လုပ်ငန်းအဖွဲ့၏ (၂၅) ကြိမ်မြောက် အစည်းအဝေး (ASWGC) ကို ဇူလိုင် ၁၁ ရက်က နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မင်းဦးနှင့် တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သီးနှံများနှင့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးရေး၊ အခြေခံစိုက်ပျိုးထုတ်လုပ်သည့် ဥယျာဉ်ခြံ သီးနှံများ အဆင့်မြှင့်တင်ထုတ်လုပ်ရေး၊ ဟင်းသီးဟင်းရွက်သုတေသနနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာများ၊ GAP စနစ် အသုံးပြုစံသတ်မှတ်ချက် အရည်အသွေးပြည့်မီသော သီးနှံများနှင့် အော်ဂဲနစ်သီးနှံများ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ပိုးသတ်ဆေး ဓာတုဓာတ်ကြွင်းကျန်မှု သတ်မှတ်ပမာဏအထိ လျှော့ချနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက ပြောသည်။

**ဇူလိုင်မိုး (မြန်မာ့အလင်း)**

# စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူအား ဒဏ်ငွေကျပ်နှစ်သိန်း စတင်အရေးယူ

**မြိတ် ဇူလိုင် ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ နောက်လယ်ရပ်ကွက် ကမ်းနားရေပြင်သို့ ညပိုင်းအချိန်တွင် ဘေးတွဲဆိုင်ကယ်ဖြင့် စည်းကမ်းမဲ့ အမှိုက်များလာရောက်စွန့်ပစ်သူကို ဇူလိုင် ၁၀ ရက်က တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေအရ ဒဏ်ငွေကျပ်နှစ်သိန်းဖြင့် စတင်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့တွင်းရပ်ကွက် လမ်းဆုံနေရာ (၃၀) တွင် စည်းကမ်းမဲ့အမှိုက်ပစ်သူကို ဒဏ်ငွေကျပ်နှစ်သိန်းဖြင့် အရေးယူမည် ဖြစ်ပြီး သတင်းပေးသူကို ဆုငွေကျပ် တစ်သိန်းချီးမြှင့်မည်ဟု ကြေညာခဲ့ပြီး ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုကိုက ပြောသည်။

စည်းကမ်းမဲ့ အမှိုက်လာရောက်စွန့်ပစ်သူအား နောက်လယ်ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖများက စည်ပင်သာယာရေး ကော်မတီသို့ လာရောက် အပ်နှံပေးသည့်အတွက် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူကို ဒဏ်ငွေကျပ်နှစ်သိန်း စတင်အရေးယူခဲ့ပြီး ဖမ်းဆီးသတင်းပေးသော နောက်လယ်ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖများအား ဆုငွေကျပ်တစ်သိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# ဆည်ရေပေးဝေမှု ပိုမိုထိရောက်နိုင်ရေး ဆည်ရေစီမံခန့်ခွဲနိုင်ရန် လိုအပ်

**ရွှေဘို ဇူလိုင် ၁၂**

ဆည်ရေသောက်ဧရိယာများအတွင်း ဆည်ရေပေးဝေမှု ပိုမိုထိရောက်အောင်မြင်စွာ ပေးဝေနိုင်ရေးနှင့် ဆည်ရေစီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အသိပညာများ၊ နည်းပညာပံ့ပိုးဖြန့်ဝေနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ဇူလိုင် ၁၀ ရက်က လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ ပဲခူးမြို့မှ ဒေါက်တာ မောင်မောင်နိုင်နှင့် ဒုတိယညွှန်ကြားရေးမှူးဦးဆောင်သည့် သင်တန်းပို့ချမှုအဖွဲ့မှ လာရောက်၍ အသိပညာပေးဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ JICA Senior Volunteer Mr.Kazuhiko Osada မှလည်း ဂျပန်နိုင်ငံ ဆည်ရေအသုံးပြုသူအဖွဲ့များ၏ ဆည်ရေစီမံခန့်ခွဲမှုလုပ်ငန်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုများကို မြန်မာနိုင်ငံ၏ အခြေအနေနှင့်နှိုင်းယှဉ်၍ လက်တွေ့ကွင်းဆင်းပေးနေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

ထို့ပြင် ဇူလိုင် ၁၁ ရက်က ရွှေဘိုမြို့နယ် သဖန်းဆိပ် ဆည်ရေသောက်ဧရိယာအတွင်းရှိ မုဆိုးခြံမြောင်းခွဲ၊ လက်တန် (၁)၊ မိုင်းနား (၁)တွင် ဆည်ရေပေးဝေမှုအား လက်တွေ့တိုင်းတာသရုပ်ပြခြင်းများ စုပေါင်းဆောင်ရွက်ခဲ့ကြပြီး သင်တန်းသို့ စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ထိန်းသိမ်းရေး) နှင့် တည်ဆောက်ရေး (၄) မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

**သိမ့်သိမ့်မိုး (မြန်မာ့အလင်း)**

# စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

**ရန်ကုန် ဇူလိုင် ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ)၊ ပထမဆုရရှိသည့် အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)၏ "မြန်မာ့သိပ္ပံနည်းကျ တိရစ္ဆာန်ဆေးကုပညာ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

တိရစ္ဆာန်ရောဂါနှင့် ကုသနည်းတို့ကို မြန်မာ့ဆေးဝါးကုထုံးပညာဖြင့် သုံးသပ်ဖော်ထုတ်ရေးသားထားပြီး ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ ကြက်၊ ဝက်တို့၏ ရောဂါတို့ဖြင့် မြန်မာ့နည်း၊ မြန်မာ့ဟန် ကုထုံးများကို ကျမ်းအကိုးအထောက်များဖြင့် မှတ်တမ်းတင်ထားသည်။ တိရစ္ဆာန်ဆေးကုရာတွင် အသုံးဝင်သည့် မြန်မာ့ဆေးပင်များ၊ ကုသပုံနှင့် ဆေးဖော်စပ်ပုံတို့ကို ပြည့်စုံစွာတင်ပြထားသည်။




စာအုပ်ကို ရောင်းဈေး ငွေကျပ် ၁၁၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်း နှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေ ဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ် ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန(ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **မြန်မာ့အလင်း**

# ချမ်းမြသာစည်မြို့နယ်၌ ဓာတ်အားလိုင်းများ တိုးချဲ့ဆောင်ရွက်

**မန္တလေး ဇူလိုင် ၁၂**

မန္တလေးခရိုင်အတွင်းရှိ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၏ ကြီးကြပ်မှုဖြင့် ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက် ၅၂ လမ်း အနော်ရထာလမ်းထောင့်တွင် ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံး မီးလွှတ်ခြင်းနှင့် ၁၁ ကေဗွီလိုင်း SAC ကြိုး 120 mm² ဖြင့် ပေ ၇၀၀၀၊ ၄၀၀ ဗို့အားလိုင်း ABC 4C ကြိုး 120 mm² ဖြင့် ပေ ၁၉၀၀ တိုးချဲ့တည်ဆောက်ပေးခြင်းကို ယမန်နေ့က လုပ်ငန်းများ အပြီးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါလိုင်းတိုးချဲ့ခြင်း၊ ထရန်စဖော်မာတပ်ဆင်ပေးခဲ့ခြင်းကြောင့် အောင်ပင်လယ်ရွာတွင် ထရန်စဖော်မာ ၅၀၀ ကေဗွီအေနှင့် ၅၃ လမ်း ဘုရင့်နောင်လမ်းတွင် ၃၁၅ ကေဗွီအေ ထရန်စဖော်မာများ တပ်ဆင်ပေးပြီးဖြစ်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

## အမည်ပြောင်း

ဦးထွန်းမြင့်၏သား သထုံမြို့ အထက(ခွဲ) ဒေးဗရိန်းကျောင်း ဒုတိယတန်းမှ မောင်ဘုန်းမြင့်သွေး အား မောင်သော်ဇင်ထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်သော်ဇင်ထွန်း**

## ဖခင်အမည်မှန်

သထုံမြို့ အထက (၁) နဝမတန်း(D)မှ မောင်စိုးထက်ကိုနှင့် တက္ကသိုလ်ဝင်တန်း(C) မှ မောင်ဝင်းမြတ်ကိုတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ချစ်သိန်း ၃/ဘအန(နိုင်)၂၄၅၁၁၀ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်နှင့်ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ စယ်ဟိုင်း အလက(ခွဲ) သတ္တမတန်းမှ စိုင်းဆေလိန်ဖ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၂-၂၀၀၆ ဖြစ်ပြီး ဖခင်အမည်မှန်မှာ စိုင်းသိန်းကြည်ဦး ၁၃/မဆတ(နိုင်)၀၄၅၆၃၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ စယ်ဟိုင်း အလက(ခွဲ) သတ္တမတန်းမှ စိုင်းဆိုင်ဖ၏ ဖခင်အမည်မှန်မှာ စိုင်းရွှေကြိုး ၁၃/နခန(နိုင်)၀၆၀၆၃၄ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

စိုင်းအိုက်ထွန်း၏သား နမ့်ခမ်းမြို့ အထက (၂)၊ ပဥ္စမတန်း (A) မှ စိုင်းဆိုင်လှိုင်းခေးနှင့် စိုင်းလင်းလက်ဦးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အထက (၂)၊ အဋ္ဌမတန်း(B) မှ မိုင်းအိုက်အောင်ဝင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးလေမ်လိတ် ၁၃/နခန(နိုင်)၀၂၆၀၈၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အထက(၂)၊ အဋ္ဌမတန်း(B)မှ မိုင်းလုမ်စံမွန်း၏ ဖခင်အမည်မှန်မှာ ဦးလွယ်ဆိုင်ဆမ် ၁၃/နခန(နိုင်)၀၂၅၉၅၉ ဖြစ်ပါကြောင်း။

## Air Con

**အဟောင်း/အပျက်များ**
**ဈေးကောင်းပေးဝယ်သည်**
**ကိုမောင်မောင်တင်-**
**ဖုန်း-၀၉-၇၆၅၀၈၅၈၅၀၊**
**၀၉-၇၃၀၉၅၉၅၀**

## အောင်ပြည့်စုံ

**အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း**
**မြို့တွင်း/နယ်ဝေးများအတွက်**
**ဈေးနှုန်းချိုသာစွာဖြင့်**
**Box ကားမျိုးစုံဖြင့်**
**အလုပ်သမား စီစဉ်ပေးသည်။**
**09 250095114**
**09 421041338**
**09 73224763**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၆/ရွှေနံ့သာအရှေ့ရပ်၊ မြေကွက်အမှတ် (ဥ-၁၆၁၄)၊ မြေဧရိယာ ၀ ဒသမ ၀၈၂ ဧက ဦးကျော်မြိုင် (ဘ)ဦးညိုမြ ၉/လဝန(နိုင်)၁၇၃၁၂၈ အမည်ပေါက် ပါမစ်မြေကွက်အား ဦးကျော်မင်းလွင်(ဘ)ဦးလူကျော် ၅/မကန(နိုင်)၀၃၅၇၇၄မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံ ချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သော Tablet A 8" နှင့် Desktop Computer များ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း စည်းကမ်းများကို ညွှန်ကြားရေးမှူး (ဝယ်ယူဖြန့်ဖြူးရေး) ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - ၁၆-၇-၂၀၁၈ရက်
**စတင်ရောင်းချမည့်ရက်**
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၃-၈-၂၀၁၈ရက် မွန်းတည့်၁၂း၀၀နာရီ
**ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၄၁၁၅၁၀၊ ၀၆၇-၄၁၁၅၄၄

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဓာတ်အားစနစ်ဌာနမှ အောက်ဖော်ပြပါ Transformer များကို (မြန်မာကျပ်ငွေ)ဖြင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်လိုပါသည်-

(က) လှော်ကားပင်မဓာတ်အားခွဲရုံအတွက်
230/33/11kV,20 MVA Single Phase
Transformer (3)Nos

(ခ) မန္တလေးမြို့ရှိ စက်မှုဇုန်(၂)ပင်မဓာတ်အားခွဲရုံအတွက်
132/33 kV,15MVA Three Phase
Transformer (1)No

**တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၁၈-၇-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်အချိန်နှင့်နေရာ** - ၁၄း၀၀ နာရီ
ပစ္စည်းစီမံရေးဌာန၊
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်
ကွပ်ကဲရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊
နေပြည်တော်

တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန www.moee.gov.mm တွင် download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ တောင်ပြုံးကြီးကျေးရွာ၊ ဆုတောင်းပြည့်၊ ဆုတောင်းရမြတ်စွာဘုရား၊ ဗုဒ္ဓပူဇနိယ ဆွမ်းကြီးလောင်းကပ်လှူပူဇော်ပွဲနှင့် တောင်ပြုံးမင်းနှစ်ပါးပွဲတော်ကို (၁၃၈၀ ပြည့်နှစ် ဝါခေါင်လဆန်း ၈ရက်မှ ၁၅ရက်အထိ) ၁၉-၈-၂၀၁၈ ရက်မှ ၂၆-၈-၂၀၁၈ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ပွဲတော်ကာလအတွင်း လုပ်ငန်းကြီး (၉)မျိုးအနက်မှ

(၁) ဈေးကြီးလုပ်ငန်း
(၂) ဈေးလေးလုပ်ငန်း
(၃) ရွှေဆိုင်းရောင်းချရေးလုပ်ငန်း (၃)မျိုးကို ဆုတောင်းပြည့်၊ ဆုတောင်းရဂေါပကအဖွဲ့မှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး ကျန်လုပ်ငန်း (၆)မျိုးဖြစ်သော

(၁) ညောင်ပင်ဝိုင်းမြေနေရာ
(၂) ဓာတ်ရုံ (၁)မြေနေရာ
(၃) ဓာတ်ရုံ (၂)မြေနေရာ
(၄) ရပ်ရှင်(သို့)ဆပ်ကပ်၊ မျက်လှည့်
(၅) ရေနှင့် သန့်စင်ခန်းလုပ်ငန်း
(၆) လျှပ်စစ်လုပ်ငန်း (၆)မျိုးကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

၁။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တောင်ပြုံးဆုတောင်းပြည့်၊ ဆုတောင်းရ ဂေါပကရုံးခန်းတွင် ၁၃-၇-၂၀၁၈ရက်မှ ၁၆-၇-၂၀၁၈ရက်အထိ နံနက် ၉း၀၀ နာရီမှ မွန်းတည့် ၁၂ နာရီထိ လျှောက်လွှာတစ်စောင်လျှင် ၁၀၀၀၀ိ/- ကျပ်တစ်သောင်းတိတိနှုန်းဖြင့် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက လက်ခံစဉ်းစားမည်မဟုတ်ပါ။

၂။ အိတ်ဖွင့်တင်ဒါ (၆)မျိုးကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ၁၇-၇-၂၀၁၈ရက်တွင် မတ္တရာမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ နံနက် ၉နာရီတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၃။ ဈေးဆိုင်ခန်းများအား ဒုတိယဝါဆိုလဆန်း ၇ရက်မှ လပြည့်ကျော် ၇ရက်အထိ ရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ပွဲတော်ကျင်းပရေးကော်မတီ**
**မတ္တရာမြို့နယ်၊ တောင်ပြုံးကြီး**
**ရုံး ဖုန်း-၀၉-၇၉၉၅၉၉၇၈၁**
**ဥက္ကဋ္ဌ ဖုန်း-၀၉-၂၅၉၂၀၅၆၄၄**

## ပျောက်ဆုံးကြောင်း

ကျွန်မ မစန္ဒာဝင်း(ဘ) ဦးတင်ရှိန် ၈/မလန(နိုင်)၁၀၀၅၈၈၏ နိုင်ငံကူးလက်မှတ်အမှတ် (MC -403574) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၄၅၇၃၃၆၈**

## ဖခင်အမည်မှန်

ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်နေ မောင်သက်ဦးစံ (နဝမတန်း)၏ ဖခင်အမည်မှန်မှာ ဦးသန့်မျိုးဇင်ဖြစ်ပါကြောင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၌ ၂၀၁၈ ခုနှစ်တွင် ကျင်းပမည့် ဒုတိယအကြိမ် Computer Based Test (CBT) စနစ်ဖြင့် ကိုရီးယားဘာသာအရည်အချင်းစစ် အထူးသီးသန့်စာမေးပွဲကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာနတို့သည် နှစ်နိုင်ငံသဘောတူညီမှုစာချွန်လွှာအရ နိုင်ငံခြားသားလုပ်သား ခေါ်ယူမှုစနစ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန်ဆန္ဒရှိသော မြန်မာလုပ်သားများအတွက် အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ ကိုရီးယားသမ္မတနိုင်ငံတွင် အနိမ့်ဆုံး(၃)နှစ်ထက်ပို၍ တရားဝင်ကောင်းမွန်စွာနေထိုင်အလုပ်လုပ်ကိုင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ၂၀၁၀ ခုနှစ် ဇန်နဝါရီ နောက်ပိုင်း ပြန်လည်ရောက်ရှိခဲ့သော မြန်မာအလုပ်သမားများအတွက် ထပ်မံသွားရောက်အလုပ်လုပ်ကိုင်နိုင်ရေးရည်ရွယ်ပြီး Computer Based Test (CBT) စနစ်ဖြင့် သီးသန့်ပြုလုပ်ပေးသော ကိုရီးယားဘာသာ အရည်အချင်းစစ် အထူးစာမေးပွဲဖြစ်ပါသည်။ ထိုစာမေးပွဲအောင်မြင်သူများသာလျှင် နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်အရ အလုပ်လျှောက်လွှာတင်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၁။ **စာမေးပွဲကျင်းပမည့်ရက်၊ အချိန်**

(က) စာမေးပွဲကို (၅-၉-၂၀၁၈)ရက်မှစတင်ကျင်းပပါမည်။

(ခ) စာမေးပွဲစစ်ဆေးမည့်အချိန်

| ဖြေဆိုရမည့်အချိန် | ဖြေဆိုသူများအား စစ်ဆေးဆောင်ရွက်ခြင်း | အသိပညာပေး ရှင်းလင်းဆွေးနွေးချိန် | အချိန် | |
|---|---|---|---|---|
| | | | အဖတ်စွမ်းရည် (Reading) | အကြားစွမ်းရည် (Listening) |
| ပထမပိုင်း | ၀၉း၂၀ မှ ၀၉း၃၀ | ၀၉း၃၀ မှ ၁၀း၀၀ | ၁၀း၀၀ မှ ၁၀း၂၅ | ၁၀း၂၅ မှ ၁၀း၅၀ |
| ဒုတိယပိုင်း | ၁၀း၅၀ မှ ၁၁း၀၀ | ၁၁း၀၀ မှ ၁၁း၃၀ | ၁၁း၃၀ မှ ၁၁း၅၅ | ၁၁း၅၅ မှ ၁၂း၂၀ |
| တတိယပိုင်း | ၁၃း၂၀ မှ ၁၃း၃၀ | ၁၃း၃၀ မှ ၁၄း၀၀ | ၁၄း၀၀ မှ ၁၄း၂၅ | ၁၄း၂၅ မှ ၁၄း၅၀ |
| စတုတ္ထပိုင်း | ၁၄း၅၀ မှ ၁၅း၀၀ | ၁၅း၀၀ မှ ၁၅း၃၀ | ၁၅း၃၀ မှ ၁၅း၅၅ | ၁၅း၅၅ မှ ၁၆း၂၀ |

(ဂ) **ဖြေဆိုသူများသတိပြုရန်**

- (၁၀း၀၀)နာရီမှ (၁၀း၅၀)နာရီထိ(ပထမပိုင်း)၊ (၁၁း၃၀)နာရီမှ (၁၂း၂၀)နာရီထိ(ဒုတိယပိုင်း)နှင့် (၁၄း၀၀)နာရီမှ (၁၄း၅၀)နာရီထိ (တတိယပိုင်း) နှင့် (၁၅း၃၀)နာရီမှ ၁၆း၂၀နာရီထိ (စတုတ္ထပိုင်း) လေးကြိမ်ခွဲ၍ တစ်ကြိမ်လျှင် လုပ်သား ၆၀ ဦး စစ်ဆေးပါမည်။
- စာမေးပွဲဖြေဆိုသူများအား အသိပညာပေးခြင်းရှိပါသဖြင့် ပထမပိုင်းဖြေဆိုမည့်သူများသည် ၉း၀၀နာရီတွင် လည်းကောင်း၊ ဒုတိယပိုင်း ဖြေဆိုမည့်သူများသည် ၁၀း၃၀နာရီတွင်လည်းကောင်း၊ တတိယပိုင်းဖြေဆိုမည့်သူများသည် ၁၃း၀၀နာရီတွင်လည်းကောင်း၊ စတုတ္ထပိုင်းဖြေဆိုသူများသည် ၁၄း၃၀နာရီတွင်လည်းကောင်း သက်ဆိုင်ရာစာမေးပွဲခန်းတွင် နေရာယူပြီးဖြစ်ရပါမည်။

၂။ **စာမေးပွဲကျင်းပမည့်နေရာ**

- CBT Center အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၊ အမှတ် ၈/၁၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၃။ **ခေါ်ယူမည့်လုပ်ငန်းအမျိုးအစား**

| လုပ်ငန်းအမျိုးအစား | အောင်စာရင်းသတ်မှတ်ချက် |
|---|---|
| ကုန်ထုတ်လုပ်ငန်း | အမှတ်ပြည့်(၂၀၀)ရှိသည့်အနက် အမှတ် ၈၀ အထက် |
| ဆောက်လုပ်ရေးလုပ်ငန်း | ရရှိသူများအား အမှတ်အနည်း/အများအလိုက် |
| စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်း | သတ်မှတ်အရည်အတွက်သာအောင်မြင်ခွင့် |

၄။ **သတ်မှတ်ချက်များ**

(က) အသက် (၁၈)နှစ်မှ (၃၉)နှစ်အတွင်း
(၁၉၇၈ ခုနှစ် ဩဂုတ်လ ၂ ရက်မှ ၂၀၀၀ ခုနှစ်၊ ဩဂုတ် ၁ ရက်အတွင်း မွေးဖွားသူ)
(ခ) ထောင်ဒဏ်အပြစ်ကျခံဖူးခြင်းမရှိသူ/မိခင်နိုင်ငံမှ ပြည်ပသို့ထွက်ခွာရန် တားမြစ်ခြင်းမခံရသူ
(ဂ) ကိုရီးယားသမ္မတနိုင်ငံမှ နှင်ထုတ်ထားခြင်း/ပြန်ပို့ခြင်းမခံရသူ(တရားမဝင်နေထိုင်ခဲ့ဖူးခြင်းမရှိသူဖြစ်ရမည်။)
(ဃ) ကျန်းမာရေးကောင်းမွန်သူ(ကျန်းမာရေးအတွက် ဆေးစစ်ခြင်းပြုလုပ်ပါမည်)
(င) E-9, E-10 ဗီဇာဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် (၅)နှစ်နှင့်အထက် နေထိုင်ခဲ့သူများ စာမေးပွဲဖြေဆိုခွင့်မရှိပါ။

၅။ **စာမေးပွဲလျှောက်လွှာတင်သွင်းခြင်း**

(က) လျှောက်လွှာထုတ်ပေး/လက်ခံမည့်ရက် - ၁-၈-၂၀၁၈ ရက်မှ ၃-၈-၂၀၁၈ ရက်အတွင်း
နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ
(ခ) လျှောက်လွှာထုတ်ပေး/လက်ခံဌာန - အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊
အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ
အမှတ် ၈/၁၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်
(ဂ) လျှောက်လွှာတင်ရမည့်နည်းလမ်း - လျှောက်ထားသူကိုယ်တိုင် လာရောက်တင်ရမည်။
(ဃ) လိုအပ်သည့်စာရွက်စာတမ်းများ
(၁) စာမေးပွဲလျှောက်လွှာ(စာမေးပွဲခုံနံပါတ်ပါရှိပြီးဖြစ်ပါ၍ တစ်ဦးလျှင် တစ်စောင်သာ ထုတ်ပေးမည်။)
(၂) နိုင်ငံကူးလက်မှတ်မူရင်းနှင့် မိတ္တူ(၁)စောင်၊ (မှတ်ချက်။ ကိုရီးယားသမ္မတနိုင်ငံမှ ထွက်ခွာခဲ့စဉ်က ကိုင်ဆောင်သည့် နိုင်ငံကူးလက်မှတ်/ မိတ္တူ) စာမေးပွဲလျှောက်လွှာတွင် သက်တမ်းခြောက်လရှိသော နိုင်ငံကူးလက်မှတ်မိတ္တူအား ကပ်ပေးရပါမည်။
(၃) (၃.၅စမ×၄.၅စမ) ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ (၆လအတွင်းရိုက်ကူးထားသောဓာတ်ပုံ)
(၄) စာမေးပွဲဖြေဆိုခ ပေးသွင်းထားသည့် ငွေရပြေစာ
(င) စာမေးပွဲဖြေဆိုခ - အမေရိကန်ဒေါ်လာ(၂၄) (သို့မဟုတ်) ညီမျှသောမြန်မာကျပ်ငွေ
- လျှောက်ထားသူများသည် အကြောင်းအမျိုးမျိုးကြောင့် လျှောက်လွှာပယ်ဖျက်လိုလျှင် လျှောက်လွှာလက်ခံသည့်ကာလအတွင်း လျှောက်ထားလာပါက ပယ်ဖျက်ပေးမည့်အပြင် စာမေးပွဲကြေးအား ပြန်လည်ထုတ်ပေးပါမည်။

၆။ **စာမေးပွဲဖြေဆိုမည့်သူများအတွက် အထူးအခွင့်အရေးနှင့် အကျိုးခံစားခွင့်များ**

| ခုနှစ် | ကိုရီးယားဘာသာကျွမ်းကျင်မှု လက်မှတ်ရသင်တန်းများ | | |
|---|---|---|---|
| | ကိုရီးယားသမ္မတနိုင်ငံတွင် ကျင်းပသည့် TOPIK အဆင့်(၃) အောင်မြင်ပြီးသူများ | | လုပ်ငန်းနှင့်ဆိုင်သည့် ကျွမ်းကျင်မှု လက်မှတ်ရသင်တန်းများ |
| ၂၀၁၆ | - | -ကိုရီးယားသမ္မတနိုင်ငံမှ TOPIK စာမေးပွဲအဆင့်(၃)အထက် ရရှိပါက အမှတ် ၂၀ ရရှိပါမည်။ -စာမေးပွဲကြေးကင်းလွတ်ခွင့်ရရှိပါမည်။ | -လုပ်ငန်းထူထောင်ခြင်း(လုပ်ငန်းရှင်)ဆိုင်ရာ သင်တန်းဆင်းလက်မှတ်ရရှိပါက အမှတ်၅မှတ် ရရှိပါမည်။ -စာမေးပွဲကြေးကင်းလွတ်ခွင့်ရရှိပါမည်။ |
| ၂၀၁၇ | -ကိုရီးယားသမ္မတနိုင်ငံမှပြုလုပ်သည့် သင်တန်းဆင်း အောင်လက်မှတ်ရရှိပါက အမှတ် ၅ မှတ်ရရှိပါမည်။ -စာမေးပွဲကြေးကင်းလွတ်ခွင့်ရရှိပါမည်။ | | |

၇။ **စာမေးပွဲမေးခွန်းပုံစံနှင့်အမှတ်ပေးစည်းမျဉ်း**

| မေးခွန်းပုံစံ | မေးခွန်းအရေအတွက် | အမှတ်ပေါင်း | ဖြေဆိုချိန် | မှတ်ချက် |
|---|---|---|---|---|
| အဖတ်စွမ်းရည် (Reading) | ၂၀ပုဒ် (လုပ်ငန်းဆိုင်ရာ ၁၀ ပုဒ်၊ အထွေထွေ ၁၀ ပုဒ်) | ၁၀၀ | ၂၅ မိနစ် | အဖတ်စွမ်းရည် စာမေးပွဲနှင့် အကြားစွမ်းရည် စာမေးပွဲအား တစ်ဆက်တည်း ဖြေဆိုရမည် |
| အကြားစွမ်းရည် (Listening) | ၂၀ပုဒ် | ၁၀၀ | ၂၅ မိနစ် | |
| စုစုပေါင်း | ၄၀ ပုဒ် | ၂၀၀ | ၅၀ မိနစ် | |

**မှတ်ချက်။** စာမေးပွဲမေးခွန်းများသည် "The Standard Textbook for EPS-TOPIK" စာအုပ်ကို အခြေခံ၍ မေးမြန်းရန်ရှိပါသဖြင့် အောက်ပါ Webpage များတွင် ဝင်ရောက်ကြည့်ရှု download ရယူနိုင်ပါသည်။
Homepage(http;//eps.hrdkorea.or.kr), (http;//www.hrdkorea.or.kr)

၈။ **စာမေးပွဲဖြေဆိုရန် နေ့ရက်၊ အချိန်ဇယားထုတ်ပြန်ကြေညာခြင်း**

(က) ၂၀-၈-၂၀၁၈ ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၉။ **စာမေးပွဲအောင်စာရင်းထုတ်ပြန်ကြေညာမည့်ရက်**

(က) ကြေညာမည့်ရက် ၂၈-၉-၂၀၁၈ရက် (သောကြာနေ့)
(ခ) ကြေညာမည့်နည်းလမ်း
(၁) အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး၊ ကြော်ငြာသင်ပုန်းနှင့် POEA-EPS Facebook
(၂) ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်/ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ(EPSTOPIK)နှင့် ကိုရီးယား လူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့၏ Homepage(http;//www.eps.go.kr) (http;//epstopik.hrdkorea.or.kr), (http;//www.hrdkorea.go.kr)
(၃) စာမေးပွဲသက်တမ်း ၂၈-၉-၂၀၁၈ ရက်မှ ၂၇-၉-၂၀၂၀ (အောင်စာရင်းထုတ်ပြန်ကြေညာသည့်ရက်မှ ၂ နှစ်တာ)

၁၀။ **စာမေးပွဲဖြေဆိုသည့်ရက်တွင် ဖြေဆိုသူယူဆောင်လာရမည့်စာရွက်စာတမ်းများ**

(က) ဖြေဆိုခွင့်ကတ်ပြား
(ခ) နိုင်ငံကူးလက်မှတ်(စာမေးပွဲလျှောက်လွှာတွင် ကပ်ထားခဲ့သော နိုင်ငံကူးလက်မှတ်)မူရင်း
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား
အထက်အပိုဒ်(က)၊ (ခ)၊(ဂ) ပါအထောက်အထားများ ယူဆောင်လာခြင်းမရှိပါက စာမေးပွဲအား ဝင်ရောက်ဖြေဆိုခွင့်မရှိပါ။

၁၁။ **သတိပြုရန်အချက်များ**

(က) စာမေးပွဲအောင်သူများ၏ အောင်စာရင်းကို ၂၈-၉-၂၀၁၈ ရက်တွင် အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ ကြေညာပေးပါမည်။
(ခ) စာမေးပွဲဖြေဆိုရန်အတွက် စာမေးပွဲလျှောက်လွှာထုတ်ယူရာတွင် ကာယကံရှင်၏ ဆန္ဒအရသာ လျှောက်လွှာထုတ်ယူရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
(ဂ) စာမေးပွဲဖြေဆိုချိန်တွင် မမှန်ကန်သည့်နည်းလမ်းဖြင့်ပြုလုပ်နိုင်သည့် စက်ပစ္စည်းများ (လက်ကိုင်တယ်လီဖုန်း၊ ကက်ဆက်၊ MP3၊ လျှပ်စစ်လက်ကိုင်အဘိဓာန် စသည်များ)အား ယူဆောင်လာခွင့်မရှိပါ။
(ဃ) စာမေးပွဲအတွင်း မမှန်ကန်သည့် အပြုအမူများ လုပ်ဆောင်ခဲ့လျှင် ဖြေဆိုခွင့်အား (၃)နှစ်ကြာပိတ်ပင်ခြင်းခံရမည်ဖြစ်ပါသည်။
(င) ကိုရီးယားသမ္မတနိုင်ငံ၊ အင်ချွန်းလေဆိပ်ရောက်ရှိပြီးမှ တရားမဝင်ထွက်ပြေးခြင်း၊ သက်ဆိုင်ရာလုပ်ငန်းခွင်ရောက်ရှိပြီးနောက်တွင်လည်း တရားဝင်ခွင့်ပြုချက်ဖြင့် အလုပ်ပြောင်းခြင်းမဟုတ်ဘဲ လုပ်ငန်းခွင်မှထွက်ပြေးခြင်း၊ အလုပ်အကိုင်စာချုပ်ပါ အချိန်ကာလပြည့်ဝပြီးနောက် ကိုရီးယားသမ္မတနိုင်ငံတွင် တရားမဝင် ဆက်လက်နေထိုင်လုပ်ကိုင်ခြင်းများ တစ်စတစ်စတိုးပွားလာရာ နှစ်နိုင်ငံအလုပ်သမားပေးပို့ခြင်းဆိုင်ရာ သဘောတူညီချက် (MoU)ကို ထိခိုက်လာနိုင်ပြီး ယင်း(MoU)အား ရပ်ဆိုင်းခံရသည့် အခြေအနေမျိုးထိ ဖြစ်ပေါ်လာနိုင်ပါသည်။ ယင်းအခြေအနေမျိုးမှ ကာကွယ်တားဆီးနိုင်ရန် ကြိုတင်အာမခံကြေးငွေအဖြစ် ၁၅၀၀၀၀၀ိ/-(ကျပ်တစ်ဆယ့်ငါးသိန်းတိတိ)ကို မြန်မာနိုင်ငံမှမထွက်ခွာမီ မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ သတ်မှတ်ငွေစာရင်းအမှတ်သို့ ပေးသွင်း၍ ကျပ်သိန်း ၃၀တန် စာချုပ်ချုပ်ဆို ဆောင်ရွက်ရပါမည်။ အလုပ်အကိုင်စာချုပ်ကို သဘောတူလက်ခံပြီးနောက် အထက်ဖော်ပြပါအချက်များကို ဖောက်ဖျက်ခဲ့လျှင် ကြိုတင်အာမခံကြေးငွေဆုံးရှုံးခံရမည်ဖြစ်ပြီး ခံဝန်စာချုပ်အရ ကျန်ကျပ် ၁၅သိန်းကို အာမခံထားသူ(၂)ဦးမှ ပေးလျော်ရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**
**အမှတ် ၈/၁၊ နဂါးရုံဘုရားလမ်း၊ ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ဖုန်း-၀၁-၆၆၇၇၅၄၊ ၀၁-၆၅၆၈၄၃**




**ဖခင်အမည်မှန်**

ပုဏ္ဏားကျွန်းမြို့နယ်၊ ကံချောင်းကျေးရွာနေ မောင်ဦးမြင့်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းချေ(ခ) ဦးကျော်ဝင်း ၁၁/ပဏတ(နိုင်)၀၆၈၈၃၂ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့မ အထကကျောင်း နဝမတန်းမှ မသိမ့်သိမ့်ဌေး၏ ဖခင်အမည်မှန်မှာ ဦးကြည် ၉/ညဥန(နိုင်)၀၇၁၇၉၈ ဖြစ်ပါကြောင်း။

**အမည်ပြောင်း**

ပုဏ္ဏားကျွန်းမြို့နယ်၊ သင်းပုန်းတန်း အထက(ခွဲ)တက္ကသိုလ်ဝင်တန်းမှ (ဘ)ဦးဘခင်၏ သမီး မခင်ခင်စိုးအား မခိုင်ခိုင်စိုးဟု ပြောင်းလဲခေါ်ပါရန်။

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ဖွားစော(န)အလကကျောင်း သတ္တမတန်းမှ မောင်သူရဦး၏ ဖခင်အမည်မှန်မှာ ဦးခင်ဦး ၉/ညဥန(နိုင်) ၁၂၅၆၂၀ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မခိုင်ဝေလွင်၏ ဖခင်အမည်မှန်မှာ ဦးမောင်သစ် ၉/ညဥန(နိုင်)၁၁၃၃၀၁ ဖြစ်ပါကြောင်း။

**မိခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ စဥ့်ကူ အထကကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်မင်းကျော်ကို၏ မိခင်အမည်မှန်မှာ ဒေါ်တင်တင်ထွေး ၉/ညဥန(နိုင်)၁၇၀၄၀၀ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ပုဏ္ဏားကျွန်းမြို့နယ်၊ သင်းပုန်းတန်းကျေးရွာနေ မအေးအေးယဥ်၏ ဖခင်အမည်မှန်မှာ ဦးသိန်းစောမောင်(ခ)ဦးသိန်းစိုးအောင် ၁၁/ပဏတ(နိုင်) ၁၁၂၉၆၅ ဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ တောင်ဇင်း အထကကျောင်း တက္ကသိုလ်ဝင်တန်းမှ မထက်ထက်ဝေ၏ ဖခင်အမည်မှာ ဦးဘိုနီ(ခ)ဦးစိုးရွှေ ၉/ညဥန(နိုင်)၂၀၃၀၇၁ သည်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ စကကျေးရွာနေ (ဘ)ဦးမာလုံး၏သမီး ကြအိုအထက၊ တက္ကသိုလ်ဝင်တန်းမှ မစန္ဒာဝင်း၏ အမည်မှန်မှာ မအိအိလှိုင် ဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ တောင်ဇင်း အထကကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ချစ်လင်းခိုင်၏ဖခင်မှာ ဦးစိုးနိုင်(ခ)ဦးဝင်းမြိုင် ၉/ညဥန(နိုင်)၁၀၀၂၃သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မိခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့ အထကကျောင်း နဝမတန်း (A)ခန်းမှ မသဲဆုလှိုင်၏ မိခင်အမည်မှန်မှာ ဒေါ်တင်မွေး ၈/ပခက(နိုင်)၃၂၈၂၇၁ ဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ တောင်ဇင်း အထက ကျောင်း တက္ကသိုလ်ဝင်တန်း(D)မှ မဝင်းသန္တာမျိုး၏ ဖခင်အမည်မှာ ဦးပိုက်(ခ) ဦးအောင်ပိုက် ၉/ညဥန(နိုင်)၀၅၁၉၅၁ သည်တစ်ဦးတည်းဖြစ်ပါကြောင်း။

**မိခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ စဥ့်ကူ အထကကျောင်း တက္ကသိုလ်ဝင်တန်း(A)မှ မောင်တင်မိုးဝင်း၏ မိခင်အမည်မှန်မှာ ဒေါ်တင်တင်မြ ၉/ညဥန(နိုင်)၁၅၇၈၄၂ ဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ စဥ့်ကူ အထကကျောင်း တက္ကသိုလ်ဝင်တန်း(B)မှ မတင်မိုးစန်း၏ မိခင်မှာ ဒေါ်စန်းနွဲ့(ခ) ဒေါ်ဆန်းနွဲ့ ၉/ညဥန(နိုင်) ၂၁၈၅၉၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တောင်ကြီးမြို့၊ တောစခန်းသာ မဟာစည်သာသနာ့ရိပ်သာ၏ (၃၈)နှစ်မြောက် မိုးရာသီတရားစခန်းပွဲဖိတ်ကြားလွှာ

တောင်ကြီးမြို့၊ တောစခန်းသာ မဟာစည်သာသနာ့ရိပ်သာတွင် (၃၈)နှစ်မြောက် မိုးရာသီ သတိပဋ္ဌာန် ဝိပဿနာတရားစခန်းပွဲကို ဆဋ္ဌသံဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် ဩဝါဒါစရိယ ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တောစခန်းသာ မဟာစည်သာသနာ့ရိပ်သာ ပဓာနနာယကဆရာတော် ဦးဓမ္မရာဇာမှ ဟောပြောညွှန်ပြပေးမည်ဖြစ်ပါသည်။ တရားစခန်းကို ၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်နေ့၊ ၂၇-၇-၂၀၁၈ ရက် (သောကြာနေ့) မှ ၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်နေ့၊ ၂၄-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) အထိ ဖွင့်လှစ်သွားမည်ဖြစ်ပါသဖြင့် တရားစခန်းသို့ ဝင်ရောက်အားထုတ်နိုင်ကြပါရန် သာသနာအဓွန့်ရှည်ကြာရေး မျှော်တွေး၍ လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

**ဖုန်း-၀၈၁-၂၁၂၁၇၈၄၊ ၂၀၁၁၇၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဝေးသင်တက္ကသိုလ်များ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်များ၏ ၂၀၁၉ ပညာသင်နှစ်အတွက် အောက်ပါလုပ်ငန်းများ လုပ်ဆောင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ ဈေးနှုန်းလွှာတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) ပို့ချချက်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ခ) လေ့လာမှုလမ်းညွှန်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ဂ) ဒုတိယနှစ်နှင့်အထက် သင်တန်းများ၏ စာစဉ်မေးခွန်းများနှင့် အဖြေလွှာစာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ဃ) သင်ခန်းစာပို့ချချက် ဒီဗွီဒီချပ်များ ကူးယူ၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း

၂။ ဈေးနှုန်းလွှာတင်သွင်းရန်အတွက် လျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ၁၈-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ တစ်စုံလျှင် ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် အောက်ပါလိပ်စာ၌ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပါသည်။

ပါမောက္ခချုပ်ရုံးခန်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်
အမှတ် ၄၇(က)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

၃။ ဈေးနှုန်းလွှာများကို ၈-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီထက် နောက်မကျစေဘဲ အထက်ပါလိပ်စာရှိ တင်ဒါပုံးတွင် မှတ်ပုံတင်စာရင်းသွင်းပြီး တင်သွင်းရမည်။

၄။ ဈေးနှုန်းလွှာနှင့်အတူ တင်သွင်းမည့်နမူနာများကို လုံခြုံစွာထုပ်ပိုး၍ ပြည့်စုံစွာတင်ပြရမည်။

၅။ ထုတ်ဝေမည့်နမူနာများကို အောက်ဖော်ပြပါနေရာများတွင် ကြည့်ရှုနိုင်သည်။

(က) ရန်ကုန်အဝေးသင်တက္ကသိုလ်
(ခ) မန္တလေးအဝေးသင်တက္ကသိုလ်

၆။ အသေးစိတ်သိရှိလိုသောအချက်များကို အထက်ဖော်ပြပါ လိပ်စာတွင်လည်းကောင်း၊ ဖုန်း-၀၁-၅၃၆၅၅၅၊ ၀၁-၅၃၅၀၇၃၊ ၀၁-၅၂၅၁၃၇၊ ၀၂-၆၀၁၄၂၊ ၀၂-၆၀၅၄၄နှင့် ၀၂-၆၂၄၁၀နှင့် ရန်ကုန်အဝေးသင်တက္ကသိုလ် website-www.yude.edu.mm နှင့် မန္တလေးအဝေးသင်တက္ကသိုလ် website-www.mude.edu.mm များတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဝေးသင်တက္ကသိုလ်များ၏ စာအုပ်များနှင့် သင်ခန်းစာပို့ချချက် ဒီဗွီဒီချပ်များ ထုတ်လုပ်ရေးလုပ်ငန်းကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ အလယ်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၁၈-မုံရွာအလယ်)၊ ဦးပိုင်အမှတ် (၇၂-က)၊ ဧရိယာ ၀ ဒသမ ၀၂၇ဧကအား ဦးခင်မောင်မြင့်-ဒေါ်လှလေးကြင် အမည်ဖြင့် မြေငှားဂရန်(ခွဲစိတ်အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဂရန်(ခွဲစိတ်အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ သနပ်ခါးတောကျေးရွာအုပ်စု၊ သနပ်ခါးတောကျေးရွာနေ (ဘ)ဦးသိန်းလွင်၏သမီး ဒေါ်ခင်မာလွင်နှင့် ဒေါ်မိနန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ သနပ်ခါးတောကျေးရွာအုပ်စု၊ သနပ်ခါးတောကျေးရွာနေ (ဘ)ဦးစိန်ဝင်း၏သား ဦးသန်းလွင်နှင့် ဦးမောင်ပုသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ရွှေဘိုမြို့၊ အလက(၁)ထ-ခွဲ စာစစ်ဌာနမှ ခုံအမှတ်(စဘ-၃၅၀၈)ဖြင့် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ မောင်ဇော်ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းဇော်ထွန်း ၅/ရဘန(နိုင်) ၁၂၉၀၀၁ ဖြစ်ပါကြောင်း။

**ဦးသိန်းဇော်ထွန်း**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ သနပ်ခါးတောကျေးရွာအုပ်စု၊ သနပ်ခါးတောကျေးရွာနေ (ဘ) ဦးသန်းလွင်၏ သမီး မအေးမွန်ကျော်နှင့် မအိမွန်ကျော်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ဝမ်းတွင်းမြို့နယ်၊ အထကသဲတော တက္ကသိုလ်ဝင်တန်းမှ မောင်စိုးသီဟထွန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းလင်း ၉/ဝတန(နိုင်)၀၀၃၅၃၆ ဖြစ်ပါကြောင်း။

**ဦးအောင်ဆန်းလင်း**

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အထက(၃၃)၊ တက္ကသိုလ်ဝင်တန်း (က)မှ မောင်သိန်းသန်းထိုက်၏ ဖခင်အမည်မှန်မှာ ဦးမင်းထိုက် ၉/မတရ(နိုင်)၁၇၆၁၉၂ ဖြစ်ပါကြောင်း။

**ဦးမင်းထိုက်**

**ဖခင်အမည်မှန်**

မတ္တရာမြို့နယ်၊ သပြေသာကျေးရွာ အလက(ခွဲ)၊ ပဥ္စမတန်းမှ မောင်ထက်ဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းညွန့် ၉/မတရ(နိုင်) ၀၂၇၂၇၃ ဖြစ်ပါကြောင်း။

**ဦးဝင်းညွန့်**

**ဖခင်အမည်မှန်**

ရွှေဘိုမြို့၊ အထက(၂)၊ နဝမတန်းမှ မောင်သန်းစိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးစိုးမြင့် ၅/ခဥန(နိုင်)၀၁၉၆၂၀ ဖြစ်ပါကြောင်း။

**ဦးစိုးမြင့်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကန့်ဘလူမြို့နယ်၊ ညောင်ကုန်းကျေးရွာ(ဘ)ဦးဘသောင်၏သား ဦးညိုကြီးနှင့် ဦးကံဆယ် ၅/ကဘလ(နိုင်)၀၃၁၃၁၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးညိုကြီး(ခ)ဦးကံဆယ်**

**ဖခင်အမည်မှန်**

သထုံမြို့၊ ကမာစိုင်ကျေးရွာနေ မရွှေဇင်ထက်၏ ဖခင်အမည်မှန်မှာ ဦးဆွေဆန်း ၁၀/သထန(နိုင်)၀၅၅၀၉၀ ဖြစ်ပါကြောင်း။

**ဦးဆွေဆန်း**

**မိခင်အမည်မှန်**

သထုံမြို့နယ်၊ အထက(ခွဲ)ကမာစိုင်ကျောင်း အဋ္ဌမတန်းမှ မောင်သန်းဇော်၏ မိခင်အမည်မှန်မှာ ဒေါ်ခြူးပေ ၁၀/သထန(နိုင်)၂၅၆၉၉၃ ဖြစ်ပါကြောင်း။

**ဒေါ်ခြူးပေ**

**ဖခင်အမည်မှန်**

သထုံမြို့နယ်၊ အထက(ကြာပန်း) တက္ကသိုလ်ဝင်တန်း(C)မှ မခိုင်သဇင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအေးမို ၁၀/သထန(နိုင်)၂၇၄၉၇၃ ဖြစ်ပါကြောင်း။

**ဦးအေးမို**

**ဖခင်အမည်မှန်**

